www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ကြီးစက္ကူ
မဖော်ဂန်လပ်း/ကြီးစက္ကူ။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၂၃၉ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ကြီးစက္ကူ

**ထုတ်ဝေသူ** ဦးအောင်မြင့်၊
**ဖြန့်ချိရေး** အောင်မြင်စာပေ၊
**အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်**
အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊
(စက်တင်ဘာလ)၊ အုပ်ရေ(၅၀၀)။



BURMESE CLASSIC .com

# ဒဿနလက်ဆောင်

❖ မကောင်းသူများ၊ မကောင်းသောမိစ္ဆာများနှင့်
အဖော်ပြုမိပါက...
၎င်းတို့ထံမှရသော အကျိုးစီးပွားက နည်းပြီး
မိမိက ပြန်ပေးရသော
အကျိုးရလဒ်များက ပိုများပါတယ်။

❖ ချောမွေ့နေသော လေ့ကားထစ်မှ တက်လျှင်
တစ်ခါတစ်ရံ ခြေချော်ကျတတ်သည်မျိုးနှင့်
ကြုံတွေ့ရတတ်ပါတယ်။
ကြမ်းတမ်းခက်ထန်သော လေ့ကားထစ်များမှ
ကြိုးစားတက်ရသူများမှာ...
အခက်အခဲများစွာနှင့် တွေ့ရသော်လည်း
လိုရာပန်းတိုင်သို့ ရောက်နိုင်ကြပါတယ်။

❖ လူအတော်များများတို့မှာ သိတာထက်
ပိုပြီးသိနေသည်ဟု ထင်တတ်သည်။
ထိုသူများအတွက်
ခြေချော်စရာ ကွက်လပ်များစွာနှင့်
တွေ့ကြုံရတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ခက်ထန်ကြမ်းတမ်းသော
  ဘဝအတွေ့အကြုံများကို
  မိမိအတွက် အတားအဆီးများဟု
  သတ်မှတ်နိုင်သော်လည်း
  လေ့ကျင့်ခန်းထပ်ကြိမ်များသဖွယ် အသုံးပြုနိုင်ပါက
  ဘဝအတွက် အောင်မြင်မှု ရနိုင်ပါတယ်။

- အချစ်နှင့် ပတ်သက်ပြီး
  အမြဲတမ်း သံသယရှိနေပါက
  ဘယ်သောအခါမှ...
  အချစ်စစ်ကို ပိုင်ဆိုင်ခွင့်ရမည် မဟုတ်ပေ။

- လက်ထပ်လိုက်ခြင်းသည်
  အချစ်၏နိဂုံးဟု ဆိုသော်လည်း
  ဘဝခရီးအတွက်တော့
  သံယောဇဉ် မြစ်ဖျားခံရာပင်ဖြစ်သည်။

# ဒဿနလက်ဆောင်

- ချစ်သူဘဝမှာ မသိလျှင်သော်မှ
  လက်ထပ်တော့မည်ဟု စိတ်ကူးလိုက်လျှင်
  မိမိလက်တွဲဖော်၏
  အားနည်းချက်များကို
  ကြိုတင်သိထားသင့်ပေသည်။

- အမျိုးသမီးတစ်ယောက်အတွက်
  အချစ်သို့ သွားသောလမ်းမှာ
  ကိုယ်ကျင့်တရား ကောင်းမွန်သောလမ်းမှာ
  အဖြောင့်ဆုံးလမ်းပင်ဖြစ်၏။

- အောင်မြင်ခြင်းအတွက်
  အမြင့်သို့ တက်ရာတွင်
  လှေကားကောင်းဖို့ လိုပါတယ်
  လှေကားမကောင်းပါက
  တစ်ဝက်မှ ပြုတ်ကျတတ်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ တခြားသူတစ်ယောက်ရဲ့
အပြစ်တွေ အားနည်းချက်တွေကို
များများပြောနေခြင်းဟာ
သူ့ရဲ့ချို့ယွင်းချက် အားနည်းချက်တွေကို
မေ့ပျောက်အောင်
ကြိုးစားနေခြင်းသာဖြစ်ပါတယ်။

❖ ရေက မြင့်ရာမှ နိမ့်ရာသို့ စီးတယ်၊
လေက နိမ့်ရာမှ မြင့်ရာသို့ တက်တယ်၊
သင် ရေလို အေးအေးနေမှာလား....
လေလို တွန်းကန်လှုပ်ရှားနေမှာလား...။

❖ ချစ်သူရဲ့အပြုံးတစ်ချက် ရဖို့
ဘဝနဲ့ မလဲပါနဲ့...၊ အသက်နဲ့ မလဲပါနဲ့...
ဘဝပျက်သွားရင်ပဲဖြစ်ဖြစ်...
အသက်သေသွားခဲ့ရင်ပဲဖြစ်ဖြစ်...
ထိုအပြုံးမျိုးကို နောက်ထပ်မြင်ခွင့်ရတော့မှာ
မဟုတ်ပါဘူး။

BURMESE CLASSIC .com

# ရည်ညွှန်းချက်

နီမောင့်ဘဝကို စိတ်ဝင်စားသော...ဒါမှမဟုတ် စာရေးသူတစ်ယောက်၏ ဘဝအစိတ်အပိုင်းများကို စိတ်ဝင်စားကြသော စာဖတ်သူများအတွက် ဤဝတ္ထုကို ရေးခြင်းဖြစ်ပါတယ်။

စာရေးသူ ဖန်တီးထားသော ဇာတ်ကောင်များသည် စာရေးသူ၏ဘဝပုံရိပ် သို့မဟုတ် ဘဝအစိတ်အပိုင်းများပင် ဖြစ်ပါတယ်။

ဤဝတ္ထုကို ဖတ်ပြီး ဘဝအခြေအနေ နိမ့်ပါးနေသူများ၊ ဘဝလမ်းစပျောက်နေသူများ၊ ဘာမှမလုပ်နိုင်တော့ဟု ထင်နေသူများ၊ တစ်စုံတစ်ခု အထောက်အကူရမည်ဆိုပါက ကျွန်တော် ကြိုးစားရကျိုးနပ်ပြီဟုပဲ ဆိုပါရစေတော့။

စာဖတ်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

စာဖတ်သူများ မေတ္တာရိပ်အောက်မှ...

ကြိုစတ္တ

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင်ပါဝင်သောအခန်းများ


အခန်း(၁) ဆွမ်းစင်ပေါ်သို့ တက်လာသည့် ပရလောကသား
အခန်း(၂) ဉစ္စာစွဲသဖြင့် သရဲဘဝ ရောက်နေရသူ
အခန်း(၃) မိစ္ဆာကို အဖော်ပြုမိသဖြင့် ဒုက္ခတွေ့ရခြင်း
အခန်း(၄) ဘိုကလေးမြို့နှင့် ဆန်းကြယ်မှုများ
အခန်း(၅) ပိုက်ချက်မပြသော တစ်ပွဲစားများ
အခန်း(၆) လက်ပြတ်တစ်ဖက်နှင့် အသက်လုရသောည
အခန်း(၇) နီမောင်နှင့် ဘဝအလင်းရောင်များ
အခန်း(၈) ပြင်ဒရယ်တောသို့ အစခရီး
အခန်း(၉) ပရလောကသားတို့၏မာယာစက်ကွင်း
အခန်း(၁၀) ချစ်ခွင့်မပိုင်သော ဘဝအခြေအနေ
အခန်း(၁၁) တောနက်တွင်းမှ အန္တရာယ်
အခန်း(၁၂) ပန်းခြောက်လမ်းနှင့် ခမ်းခြောက်နေသည့်စမ်း
အခန်း(၁၃) မိန်းမလှကျွန်းမှ ကိုးတောင်ကျား
အခန်း(၁၄) ဝမ်းသာလွန်းလို့ ကျသည့်မျက်ရည်
အခန်း(၁၅) သုသာန်မှာနေခဲ့ရသည့် မဖဲဝါ
အခန်း(၁၆) မပေါ်ဂနီလမ်းမှ လက်တွဲဖော်




# အခန်း(၁)

# ဆွမ်းစင်ပေါ်သို့ တက်လာသည့် ပရလောကသား

မပေါ်ဂနီရောင်တို့မည်သည် ရင့်ကျက်သည့်သဘောကို ဆောင်လေသည်။ အနီရောင်ရင့်ရင့်နှင့်. . အနက်ရောင်အနည်းငယ် ရောထားသောကြောင့်လည်း ရင့်ကျက်တည်ငြိမ်သည့် သဘောမျိုးလည်း ရှိပေသည်။

ထိုကဲ့သို့သောအရောင်မျိုးမှာ ခက်ထန်ကြမ်းတမ်းသည့် သဘောမျိုးလည်း ပါဝင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုဝတ္ထုခေါင်းစဉ် ပေးထားသောအမည်မှာ 'မပျော်ဂနီလမ်း'ပင်ဖြစ်ရာ ဘဝခရီးလမ်းတစ်လျှောက်လုံးတွင် ခက်ထန်ကြမ်းတမ်းစွာ ကျော်ဖြတ်ခဲ့ရသော အတွေ့အကြုံများကို ရေးသားဖော်ပြထားသော အကြောင်းအရာများလည်း ဖြစ်ပေသည်။

ကျွန်တော့်အနေနှင့် ပြီးခဲ့သောနှစ်ပိုင်းက မော်လမြိုင်ကျွန်း(မော်ကျွန်း)မြို့ကို အခြေခံပြီး လုံးချင်းဝတ္ထုတစ်ပုဒ် ရေးသားခဲ့ပါသည်။

'ရွှေလောင်းကိုးစီး ငွေလောင်းကိုးစီး' ဝတ္ထုရှည်ပင် ဖြစ်ပေသည်။

ကျွန်တော်သည် မော်ကျွန်းမြို့မှာ မွေးဖွားကြီးပြင်းခဲ့ရသော်လည်း ဘိုကလေး(ယခင် ဗိုလ်ကလေး)မြို့သည်. . ဘဝအချိန်တော်တော်များများ ဖြတ်သန်းခဲ့ရသောနေရာတစ်ခုပင် ဖြစ်ပါသည်။

သို့ကြောင့်လည်း. . ဘိုကလေးမြို့နှင့် သက်ဆိုင်သောနေရာများမှာ မိမိမွေးရပ်မြေတစ်ခုကဲ့သို့ ဖြစ်နေပြီး စိတ်ထဲမှာလည်း အမှတ်ထင်ထင် ရှိနေခဲ့ပါသည်။ ဘိုကလေးမြို့သည် ကျွန်တော့်ဘဝအတွက် စာပေခရီးလမ်းကို စတင်ပျိုးထောင်ခဲ့သော နေရာတစ်ခုဖြစ်သည်။ (၁၉၈၀)ခုနှစ်အချိန်က မြဝတီမဂ္ဂဇင်းမှာ အောင်မြင်မှုရခဲ့သော 'ပါးကွက်ရန်စွယ်' ဝတ္ထုရှည်မှာ ဘိုကလေးမြို့မှာ စတင်ရေးသားခဲ့သော ဝတ္ထုလည်းဖြစ်သည်။

ထိုအချိန်မှအစပြုပြီး. . စာပေလောကမှာ တောက်





လျှောက်အခြေချခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း(၃၀)ကျော်ခဲ့ပေပြီ။ ထိုကဲ့သို့ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော်လည်း ထိုအောင်မြင်မှုသည် ကျွန်တော့်ဘဝအတွက် အထောက်အကူဖြစ်ခဲ့သလို စိတ်ထဲမှာလည်း မမေ့ပျောက်နိုင်အောင် ဖြစ်ခဲ့ရသည်။

ယခုအောင်မြင်မှုများသည် အသီးအပွင့်များ ဖြစ်သည်ဟုဆိုပါလျှင် ထိုအချိန်က မဂ္ဂဇင်းစာမျက်နှာပေါ်မှာ.အောင်မြင်ခဲ့မှုသည် ရေသောက်မြစ်တစ်ခုပင် ဖြစ်ပေလိမ့်မည်။ ရေသောက်မြစ်တစ်ခု ရှိခဲ့၍သာ အပင်ရှင်သန်နိုင်ခဲ့ပြီး အသီးအပွင့်များလည်း ရရှိလာရခြင်းဖြစ်သည်။

ထို 'ပါးကွက်ရန်စွယ်'ဝတ္ထုမှာ မိကျောင်းဖမ်းသမားများ၏ ဘဝခက်ထန်ကြမ်းတမ်းပုံများအကြောင်းကို အသေးစိတ်ရေးသားခဲ့သော ဝတ္ထုလည်းဖြစ်သည်။

ထိုအချိန်က မဂ္ဂဇင်းစာမျက်နှာပေါ်မှာ ဆရာဖိုးကျော့က ဆင်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ရေးသားခဲ့ပြီး. . ကျွန်တော်က မြစ်ဝကျွန်းပေါ် ဒီရေတောများအတွင်းမှ မိကျောင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရေးသားခဲ့သည်။

ဒေသန္တရပဟုသုတ လိုချင်သော စာဖတ်သူများ နှစ်သက်သဘောကျသည့် ဘဝသရုပ်ဖော်ဝတ္ထုများဖြစ်သည်။

ထိုဇာတ်လမ်းများကိုရေးသားရာတွင် ကျွန်တော့်ကိုယ်စား ပင်တိုင်ဇာတ်ကောင် 'နီမောင်'ကို အသုံးပြုရေးသားခဲ့ရာ



www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ပရိသတ်များနှင့် အတန်အသင့် ရင်းနှီးမှုလည်း ရရှိခဲ့ပေသည်။

ယခုရေးသားမည့်ဝတ္ထုရှည်မှာ နီမောင်၏ဘဝခရီးကြမ်းအစိတ်အပိုင်းအချို့ပင်ဖြစ်သည်။ ထိုလမ်းခရီးတစ်လျှောက်မှာတွေ့ခဲ့ရသော ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများကို ဖြစ်ရပ်မှန်များအတိုင်း ဝတ္ထုတွင် ထည့်သွင်းရေးသားမည် ဖြစ်ပါသည်။

ရှေးအခါက ပင်လယ်ဒီရေသည် ဘိုကလေးမြို့သာမကဘဲ ၎င်းကို ကျော်ပြီး ဂုံညှင်းတန်းမြစ်အထိ ရောက်အောင်တက်သည်။

ရေချိုရေငန်စပ် ဒေသဖြစ်သောကြောင့် ငါး၊ ပုစွန်နှင့်မိကျောင်းများ အလွန်ပေါသည်။

ရှေးအခါကတော့ မိကျောင်းများမှာ အန္တရာယ်များသော သတ္တဝါများဖြစ်သဖြင့် မည်သူကမှ တကူးတက ဖမ်းဆီးသတ်ဖြတ်ကြသည်မျိုး မရှိပေ။

ပျဉ်ဒရယ်(ပြင်ဒရယ်)သစ်တောများသို့ ထင်းခုတ်သွားရင်းနှင့် တောထဲမှာ မိကျောင်းများနှင့် ရင်ဆိုင်တွေ့ရပြီး တိုက်ခိုက်ရသည်မျိုးသာ ရှိသည်။

ထိုအချိန်က မိကျောင်းကို ဖမ်းဆီးသတ်ဖြတ်သူ မရှိသလို တန်ဖိုးရှိမှန်းပင် မသိကြပေ။ ဘိုကလေးမြို့အောက်ပိုင်းရေငန်တက်ရာဒေသများတွင် နေကြသူများအဖို့ မိကျောင်းဖမ်းဖို့ထက် မမျှော်လင့်ဘဲ မိကျောင်းကို တွေ့ရလျှင်ပင်. . နတ်နှင့်





ပတ်သက်၍ တစ်စုံတစ်ရာ မှားယွင်းသောကြောင့် တွေ့ရသည်ဟု ယုံကြည်ကြသည်၊

ရှေးအခါက ရေငန်ပိုင်းဒေသများတွင် ရေငန်ပိုင် ဦးရှင်ကြီးနတ်ကို ယုံကြည်ကိုးကွယ်မှု များလေသည်။

ရေငန်ပိုင် ဦးရှင်ကြီးနတ်နှင့် ပတ်သက်သည့် ဇာတ်လမ်းများတွင် ပါဝင်သောနေရာအတော်များများလည်း ရှိကြလေသည်။

ကျွန်းညိုကြီး၊ မိန်းမလှကျွန်း၊ မျောက်တစ်ရာ စသောနေရာများမှာ အဓိကရနေရာများပင်ဖြစ်သည်။ ယခုအချိန်အထိကျွန်းညိုကြီးအောက်ပိုင်း(အလယ်ချောင်းထိပ်) ရေလယ်မှာရှိသော ကျွန်းတစ်ကျွန်း၏သောင်ပြင်ပေါ်မှာ လှေဝမ်းဗိုက်ရာကြီးတစ်ခု ထင်နေသေးသည်။

ဒေသခံများကတော့ ထိုဗိုက်ရာကြီးသည် ဦးရှင်ကြီးပါလာသောလှေကို ပြန်မထွက်နိုင်အောင် နတ်များက ဆွဲထားသဖြင့် လှေဝမ်းဗိုက် သောင်နှင့်ငြိနေသောနေရာ ဖြစ်သည်ဟုယူဆကြသည်။

အချို့ကတော့ ဦးရှင်ကြီးကို လှေသူကြီးက ရေစာချကျွေးသောနေရာ ဖြစ်သည်ဟု ထင်သည်။

မည်သို့ပင်ရှိစေ. . .

ရေတက်လာလျှင် ရေမြုပ်ပြီး ရေကျသွားလျှင် ပေါ်လာသော. . သောင်ပြင်ပေါ်မှာ နှစ်ပေါင်းများစွာ ကြာသည်အထိ



www.burmeseclassic.com

www.burmeseclassic.com



လှေဝမ်းရာကြီး ထင်ကျန်နေသည်ကတော့ အံ့သြစရာလည်းကောင်း၊ ထူးဆန်းသောအချက်တစ်ခုလည်း ဖြစ်ပေသည်။

ထိုသောင်ပြင်ပေါ်မှာ မိကျောင်းများ တက်ရောက်နေသည်ကိုလည်း ယခင်က နေ့စဉ်လို မြင်တွေ့ရသည်။ ဒီရေတက်သော ရေငန်အရပ်ဒေသများမှာ 'ဦးရှင်ကြီးနတ်'ကို ရေငန်ပိုင်ဒေသကို ပိုင်သောနတ်ဟု ယုံကြည်ကိုးကွယ်ကြသည်။

ထိုနတ်ကို မလေးမစား မပြုလုပ်ဝံ့ကြပေ။ အကယ်၍ တစ်စုံတစ်ခု အမှားအယွင်း ပြုမိပါက တောပေါ်တက်လျှင် ကျားနှင့်တွေ့ပြီး ရေထဲဆင်းပါက မိကျောင်းနှင့်တွေ့ကာ အသက်ဘေးအန္တရာယ်ဖြင့် ကြုံတွေ့ကြရသည်။

အချို့ကတော့ ထူးဆန်းအံ့သြဖွယ်ကောင်းသော မြင်ကွင်းမျိုးကို တွေ့ရပြီး၊ အချို့ကတော့ တစ္ဆေ သရဲ ကျတ်၊ မှင်စာစသော ပရလောကသားတို့၏ ခြောက်လှန့်မှု ခံကြရသည်။

ထိုအဖြစ်အပျက်များထဲမှ နီမောင်ကြုံတွေ့ခဲ့ရသည့် ကြောက်စရာကောင်းသော အဖြစ်အပျက်တစ်ခုကို ဦးစွာဖော်ပြပေးပါမည်။

နီမောင်ငယ်စဉ်က မိဘများ ဆင်းရဲသောကြောင့်. . အခြားလှေသူကြီးတစ်ဦးထံမှာ အလုပ်လုပ်ခဲ့ရသည်။ ရင်းလိုက်သော လှေသူကြီး၏အမည်မှာ ဦးထွန်းဖေဆိုသူဖြစ်သည်။

ဦးထွန်းဖေမှာ အညာအရပ်ဒေသမှလာသူ ဖြစ်သောကြောင့် အောက်ပိုင်းဒေသများအကြောင်းကို ကောင်းစွာမသိ





ပေ။

လှေထွက်ကာနီးတော့ ထုံးစံအတိုင်း ဦးရှင်ကြီးနတ်ကို တင်မြှောက်ရသည်။ ကောက်ညှင်းပေါင်း၊ ငှက်ပျောသီးမှည့်၊ အုန်းသီး၊ အုန်းရည်၊ ထန်းလျက်၊ လက်ဖက်၊ ကွမ်းယာ စသည်တို့ဖြင့် ဆွမ်းတင်ကြရသည်။

"ဘာဖြစ်လို့ လှေထွက်တိုင်း ဆွမ်းတင်ရတာလဲ. . နီမောင်"

"ဒီဒေသက ရေငန်ပိုင်းဒေသတွေ ဖြစ်ပါတယ်၊ ရေငန်တက်တဲ့ဒေသတွေကို ဦးရှင်ကြီးနတ်က ပိုင်ပါတယ်"

"ဦးရှင်ကြီးနတ်ဆိုတာ ဘယ်လိုမျိုးလဲ"

နီမောင်က ဦးရှင်ကြီးနတ်အကြောင်းကို သူသိသမျှ ကောက်ပြောပြလိုက်သည်။

"ထားပါတော့. . နတ်တင်တယ်ဆိုရင်လည်း တစ်နှစ်တစ်ခါတင်ရင် မပြီးဘူးလား"

"ဒီအရပ်မှာတော့ ရေလုပ်ငန်းလုပ်တဲ့လူတွေ၊ တောတက်တဲ့လူတွေက တစ်ခေါက်သွားတိုင်း တစ်ခါတင်ကြရပါတယ်"

"ငါက အညာသားဆိုတော့ ဒါမျိုးတွေလည်း သိပ်မသိဘူး၊ အယုံအကြည်လည်း သိပ်မရှိပါဘူး"

"ဒီနယ်တွေက နယ်မြေကြမ်းပါတယ်၊ တခြားနေရာတွေမှာထက် ဒီနေရာမှာက ပိုပြီးအရေးကြီးပါတယ်. . ၊ ရှေးရာ



www.burmeseclassic.com

www.burmeseclassic.com



အစဥ်အလာတွေကို ချိုးဖောက်လို့မရပါဘူး"

"ဒါထက်. . . မင်းက ဒီနယ်သားဆိုတော့ မေးရဦးမယ်၊ ဦးရှင်ကြီးနတ်ဆိုတာ တကယ်ရှိရဲ့လား"

"ရှိမယ်ထင်ပါတယ်"

"မင်းမြင်ဖူးသလား"

"မြင်တော့ မမြင်ဖူးပါဘူး၊ ဒါပေမယ့် ရှိနေမယ်လို့တော့ ထင်ပါတယ်"

"ငါတို့ ဆွမ်းတင်တော့ သူကိုယ်တိုင် လာစားသလား"

"သက်ဆိုင်ရာကို တင်မြှောက်တဲ့အခါ နတ်တွေက ကိုယ်တိုင်လာတာ မလာတာထက်. . . သူတို့ သိကြပါတယ်၊ မှားယွင်းတာ ရှိရင်လည်း သတိပေးတတ်ကြပါတယ်"

ထိုသို့ပြောသောအခါ ဦးထွန်းဖေက ဘာမှမပြောဘဲ ကွမ်းတမြုံ့မြုံ့ ဝါးနေလေသည်။

သူသည် အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး လူမျိုးကွဲ တစ်ဦးလည်းဖြစ်သည်။ အညာအရပ်တွင် နှစ်ပေါင်းများစွာ နေခဲ့ပြီး မြစ်ဝကျွန်းပေါ် ဘက်မှမိန်းမနှင့် အိမ်ထောင်ကျသဖြင့်. . ဘိုကလေးမြို့နယ်သို့ ရောက်လာသည်ပင် သိပ်မကြာသေးပေ။

၎င်းတို့နေသောရွာမှာ 'ဂျပ်ချောင်းရွာ' ဖြစ်သည်။

ဂျပ်ချောင်းရွာမှာ ဘိုကလေးတစ်ဖက်ကမ်း အောက်ပိုင်းနေရာတွင် ရှိသည်။

ဘိုကလေးမြို့ တစ်ဖက်ကမ်းတွင် ရှေးကတည်းက သာ





ပေါင်းရွာရှိခဲ့ပြီး ဂျပ်ချောင်းရွာက တောင်ပိုင်းအစွန်ဘက်မှာ ရှိသည်။

ရှေးက တံငါရွာကလေးဖြစ်ပြီး၊ နောက်ပိုင်း. . ဆန်စက်များ လာရောက်တည်သဖြင့် တဖြည်းဖြည်း စည်ကားလာသော နေရာလည်း ဖြစ်သည်။

(၁၉၆၀)ပြည့် ရှေ့ပိုင်းကာလများက ရွာဟုသာ ခေါ်သော်လည်း တဲအိမ်များသာရှိပြီး. . အများစုမှာ ငါးပုစွန် ရှာဖွေသူများနှင့် တောဆင်းပြီး ထင်းခုတ်သူများသာ အနေများကြသည်။

နောက်ပိုင်းမှာတော့ ကုလားလူမျိုးများစွာတို့ ရောက်လာပြီး လယ်ယာမြေများ လုပ်ကိုင်ခြင်း၊ မြစ်ထဲမှာ ငါးပုတ်သင်ဖမ်းသော ပိုက်လုပ်ငန်းများ လုပ်ကိုင်ခဲ့ကြလေသည်။

ယခင်က ဘိုကလေးမြစ်အတွင်း၌ ငါးဖမ်းပိုက်ချသော အလုပ်ကို ကုလားလူမျိုးများက အများစု လုပ်ကိုင်ကြသည်။ ထို့ကြောင့် သာပေါင်း၊ ဂျပ်ချောင်းဘက်မှာရော ဘိုကလေးမြို့ ကမ်းနားလမ်းဘက်မှာပါ ငါးဖမ်းလုပ်ငန်း လုပ်ကြသည့်ကုလားများ နေထိုင်ကြသည်။

(၁၉၆၀)ပြည့်နှစ်နောက်ပိုင်း ဘိုကလေးမြို့ ကမ်းနားလမ်းဘက်မှာ ဦးမြသီးဆိုသော ကုလားလူမျိုးတစ်ဦးမှာ ငါးဖမ်းပိုက်ချသောလုပ်ငန်းကို အလုပ်သမားအများအပြားဖြင့် လုပ်ကိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း ဦးမြသီး နာမည်ကြီးတော့. . 'မြသီးလေး' ဆိုပြီး စင်ပြိုင်လုပ်ငန်း ထူထောင်သော ကုလားလူမျိုးအချို့ ပေါ်လာသည်။

ဘိုကလေးမြစ်အတွင်းမှာ အများဆုံးတွေ့ရသော ပိုက်လှေများမှာ ငါးပုတ်သင်ဖမ်းသော ပိုက်လှေနှင့် ငါးပုဏ္ဏားဖမ်းသော ပိုက်လှေအများစု ရှိကြသည်။ ထိုအခါက ငါးပုတ်သင်ကို ဟင်းချက်စားခြင်းမရှိဘဲ ငါးပိငါးခြောက်အဖြစ်သာ လုပ်သည်။

ငါးတစ်ပိဿာကို တစ်ကျပ်ဖြင့် ရောင်းလျှင်သော်မှ ဝယ်ယူသူ မရှိပေ။

ယခုတော့ မြစ်ငါးရှားလာသောကြောင့် ငါးပုတ်သင်မှာ တန်ဖိုးရှိသော ငါးစာရင်းဝင် ဖြစ်နေခဲ့လေပြီ။

ငါးဖမ်းကျွမ်းကျင်သူများက ရေအောက်တွင် ငါးပုတ်သင်ငါးအုပ် မည်သည့်နေရာမှာ ရှိသည်ကို ရေပြင်ပေါ်မှ အော်သံနားထောင်ကြည့်ရုံဖြင့် မိနိုင်သည်။

ငါးပုတ်သင်မှာ ဖားအော်သံကဲ့သို့ အသံထွက်အောင် အော်နိုင်သည့်ငါးမျိုး ဖြစ်သည်။

ထိုအချိန်က ပိုက်လှေများက ဝိုင်းကူပြီး ပိုက်ဆွဲတင်ပေးလျှင် ငါးဟင်းစားများ ပေးသည်။ ထိုသို့ဆွဲတင်ရာမှာ ငါးများနှင့်အတူ ရောထွေးပါလာသော ဂျပ်မြွေမှာ ရေအောက်၌နေပြီး အဆိပ်ပြင်းသည့်မြွေ ဖြစ်သောကြောင့် အစွယ်ဖြင့် ခြစ်မိလျှင် အသက်သေစေနိုင်သည်။





ဂျပ်ချောင်းဟု အမည်တွင်သောရွာမှာ ယခင်က ဂျပ်မြွေ အလွန်ပေါများသောနေရာတစ်ခု ဖြစ်သောကြောင့်ပင်. .။ ဦးထွန်းဖေဆိုသော အညာသားမှာ အောက်အရပ်သူ ဒေါ်မြမေနှင့် အိမ်ထောင်ကျပြီးနောက် ဂျပ်ချောင်းရွာသို့ ရောက်လာကြသည်။

ထိုအချိန်က ဂျပ်ချောင်းရွာမှာ ငါးဖမ်းသောအလုပ်နှင့် တောဆင်းပြီး ထင်းဖြတ်သောအလုပ်နှစ်မျိုးသာ ရှိသောကြောင့် ဦးထွန်းဖေမှာ ငါးဖမ်းသောအလုပ်ကို မကျွမ်းကျင်သဖြင့် လှေတစ်စင်း ထူထောင်ကာ ထင်းဖြတ်သောအလုပ်လုပ်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်ပေသည်။

သူသည် တောဆင်းရန်အတွက် အလုပ်သမားများ ခေါ်ယူရာတွင် နီမောင်လည်း ပါလာခြင်းဖြစ်သည်။ အခြားအလုပ်သမား နှစ်ယောက်သုံးယောက်လည်း သူနှင့်အတူ ပါသေးသည်။

ယခု တောဆင်းရန်အတွက် ပြင်ဆင်နေသောရက်တွင် ထုံးစံအတိုင်း ဦးရှင်ကြီးနတ် တင်မြှောက်ပသရန် ပြင်ဆင်နေကြခြင်းပင်ဖြစ်သည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့ ရွာထဲမှ ကျွမ်းကျင်သောသူတစ်ယောက်ကို ခေါ်ပြီး ဆွမ်းတင်ခိုင်းသည်။ ထိုသူမှာ. . ကိုသောင်းဖေဆိုသူဖြစ်သည်။ သူက ညဉ့်ဦးပိုင်းတွင် ရောက်လာပြီး ဆွမ်းတင်ရန် ငါးတစ်လုံးကို ထိပ်ခွဲပြီး ပြုလုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပေပတ်လည်ခန့် ရွှေးကွက်ကြား ယက်ပြီး ခွဲထားသော ဝါးလုံးထိပ်မှာ တင်သည်။ ပြီးလျှင် လေးဖက်မှာ ပန်းတိုင်များစိုက်သည်။ ဆွမ်းပွဲမပြင်ဆင် အုန်းသီးကို အရင်ခွဲပြီး အုန်းသီးမှအရည်ကို ယူကာ သက်ဆိုင်ရာနတ်များကို ပင့်ထားသည်။ ပြီးမှ ကောက်ညှင်းပေါင်း၊ အုန်းသီးစိတ်၊ ထန်းလျက်ခဲ၊ လက်ဖက်၊ ကွမ်းယာတို့ဖြင့် ပွဲပြင်သည်။

နယ်တော်ရှင်ဟု ခေါ်သော ဦးရှင်ကြီးနတ်အတွက် တစ်ပွဲ၊ မြို့တော်ရှင်ဟု ခေါ်သော ကိုးမြို့ရှင်အတွက် တစ်ပွဲ၊ စင်ပေါ်မှ ထိုနှစ်ပွဲ တင်သည်။ စင်အောက်မှာတော့ အဘိုးနတ် တစ်ပွဲ၊ ကွင်းပိုင်အတွက် တစ်ပွဲနှင့် နောက်ပါတပည့်များအတွက် သီးခြား တစ်ပွဲ ပြင်ကာ ဆွမ်းတင်လေသည်။

ထိုသို့ ပွဲပြင်နေရာချပြီးနောက် ကိုသောင်းဖေက ၎င်းကျက်မှတ်ထားသော လင်္ကာများရွတ်ဆိုကာ ဆွမ်းတင်ခြင်းကိစ္စကို ပြုလုပ်လေသည်။

ထိုအချိန်မှာ မိသားစုများက ဆွမ်းတင်သော စင်နေရာကို ကန်တော့ကြရသည်။

ဦးထွန်းဖေတစ်ယောက်သာ မကန်တော့ဘဲ နေသည်။ ထိုသို့ ဆွမ်းတင်နေစဉ်မှာ အမှောင်ထဲမှ လူတစ်ယောက် ပြေးထွက်လာသည်။ ဆွမ်းစင်နားရောက်တော့ ဦးထွန်းဖေကို တစ်ချက်ကြည့်ပြီး လေးပေခန့်မြင့်သော ဆွမ်းစင်ပေါ်သို့ လွှားခနဲ ခုန်တက်သွားလေတော့သည်။





"ဟာ. . ."

"ဟယ်. . ."

ဆွမ်းစင်မှာ ဝါးလုံးတိုင်ကလေးဖြင့် ပြုလုပ်ထားသဖြင့် လူတစ်ယောက် ကိုယ်အလေးချိန် မဆိုထားနှင့်၊ သာမန်အလေးချိန်လောက်နှင့်ပင် ပြိုလဲကျသွားနိုင်သည်။ ယခု လူတစ်ယောက်မှာ မတ်တတ်ရပ်နေသည့်တိုင် တုတ်တုတ်မှ မလှုပ်ပေ။

အောက်မှာ ရှိနေကြသူများမှာ မျက်လုံးပြူးနေကြသည်။ ဦးထွန်းဖေမှာလည်း ပါးစပ်အဟောင်းသားနှင့် ကြည့်နေသည်။ ထိုလူက ဝါးစင်ပေါ်မှာ တင်ထားသော အစားအသောက်များကို ပလုတ်ပလောင်း စားသည်။ အုန်းရည် မော့သောက်သည်။ ပြီးမှ ဒိန်းခနဲ အောက်သို့ ပြန်ခုန်ဆင်းလာပြီးနောက် ဦးထွန်းဖေကို ကြည့်ကာ ပြောသည်။

"မင်းမယုံလို့ ငါလာပြတာ၊ မကြာခင် တပည့်လက်သားတွေ ရောက်လာလိမ့်မယ်"

ဟုပြောပြီး အမှောင်ထဲသို့ ပြေးဝင်သွားလေတော့သည်။ အတန်ကြာသောအခါ အမှောင်ရိပ်မှ မကောင်းဆိုးဝါးများ ထွက်လာပြီး ခြောက်လှန့်ကြရာ အနီးပတ်ဝန်းကျင်မှာ ကြောက်လန့်တကြားနှင့် အိမ်ပေါ်သို့ တက်ပြေးကြရလေသည်။ ဒီအခါမှ ဦးထွန်းဖေလည်း အများနှင့်အတူ အိမ်ပေါ် တက်ပြေးရလေသည်။

အမှောင်ရိပ်ထဲမှ ထွက်လာသော နာနာဘာဝများမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းစင်အနီးဝန်းကျင်မှာ ရှိသော အစားအသောက်များကို စားသောက်ပြီးနောက် ဆွမ်းတင်သောစင်ကို ဖျက်ဆီးပစ်လိုက်ကြသည်။

ထို့နောက်မှာတော့ ၎င်းတို့အိမ်အနီးသို့ ရောက်လာကြကာ နည်းအမျိုးမျိုးနှင့် ခြောက်လန့်ကြလေတော့သည်။ အချို့မှာ ထရံကို ဖောက်ပြီး လက်မည်းကြီးများဖြင့် ဝင်ဆွဲလေရာ လွတ်အောင်ပြေးကြရသည်။

သို့သော် သမီးအငယ်တစ်ယောက်မှာ အိမ်အောက်မှ ထွက်လာသော လက်မည်းကြီးတစ်ခုက ဖမ်းဆွဲခံလိုက်ရသဖြင့် လန့်အော်ရင်းနှင့် အသက်ပါ ပါသွားတော့သည်။

သို့သော်လည်း ခြောက်လှန့်နေမှုများက တစ်ညလုံး မရပ်ဘဲ ရှိနေကြရာ ဦးထွန်းဖေမှာ သည်းမခံနိုင်တော့ဘဲ ငှက်ကြီးတောင်ဓါးဖြင့် ဝင်လာသော လက်မည်းကြီးများအား ခုတ်လေသည်။

"ကဲကွာ. . ကဲကွာ. ."

၎င်းဓါးချက်ထိကာ ပြုတ်ကျသွားသော လက်မည်းကြီး အချို့မှာ အောက်သို့ရောက်သည်နှင့် လူသေမီးရှို့ရာမှာ အသုံးပြုသည့် တံစူးဝါးအပိုင်းများ ဖြစ်သွားကြလေသည်။

တစ်ညလုံး ခြောက်လှန့်နေသော သရဲတစ္ဆေများမှာ မိုးလင်းတော့မှ ရပ်တန့်သွားကြလေသည်။

ဓားချက်ကြောင့် ကြမ်းပြင်ပေါ်မှာ ပြုတ်ကျနေသော





လက်မည်းကြီးများနှင့် တံစူးဝါးအပိုင်းအစများမှာလည်း ပျောက်သွားလေတော့သည်။

ထိုအခါမှ ကြမ်းပြင်ပေါ်မှာလဲနေသော ကလေးကို ပွေ့ယူကြည့်သောအခါ အသက်မရှိတော့ပေ။

ထိုကလေး၏ ခြေထောက်တစ်ဖက်တွင် အညိုအမည်းစွဲနေသော လက်ငါးချောင်းရာကြီးကို အံ့ဩဖွယ်ရာ တွေ့မြင်ကြရသည်။

(ရပ်ဓလေ့ ရွာဓလေ့နှင့် အစဉ်အလာရှိသော ဓလေ့ထုံးစံများကို မယုံကြည်လျှင် အေးအေးနေသင့်သည်ကို မနေဘဲ စိတ်ထဲရှိသမျှ ပြောမိသောကြောင့် သမီးတစ်ယောက်တော့ အသက်သေဆုံးရလေပြီ။)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

# ဥစ္စာစွဲသဖြင့် သရဲဘဝရောက်နေရသူ

သရဲဆွဲခံရသဖြင့် သေဆုံးသွားသော မိန်းကလေးမှာ အသက်(၁၃)နှစ်အရွယ်ခန့်သာ ရှိသေးသည်။ သူမအလောင်းကို တစ်ဖက်ကမ်းမှာရှိသော သုသာန်သို့ ချက်ချင်းမပို့ဘဲ ခုနစ်ရက်သည်အောင် ထားသည်။ ခေါင်းသွင်းလှေပေါ် တင်ကာ ကမ်းနှင့်မနီးမဝေးနေရာတွင် ထားလေသည်။

ရှေးက ထုံးစံအတိုင်း မသာရှိလျှင် ဖဲဝိုင်းထောင်ရသည်



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ မသာအိမ်မှာ ခုနစ်ရက်ခုနစ်လီ ဖဲရိုက်ကြလေသည်။ မြို့ဘက်ကမ်းနှင့် နီးသဖြင့် ချိန်းဝိုင်းလုပ်လျှင် ပုလိပ်လာဖမ်းမည်စိုးသောကြောင့် မသာအိမ်ရှိတော့မှသာ လွတ်လွတ်လပ်လပ် ဖဲရိုက်ကြရလေသည်။ မသာရှင်များကလည်း ဖဲဝိုင်းမှ မြိုးမြိုးမြက်မြက် အကောက်ငွေရသဖြင့် မသာစရိတ် ရသည်ဟုဆိုကာ ဖဲသမားများအတွက် နေရာထိုင်ခင်း စီစဉ်ပေးသည်။ လက်ဖက်ရည်ကြမ်း၊ ကွမ်း၊ ဆေးလိပ်များ ပေးသည်။ ညအိပ်ညနေမပြန်ဘဲရိုက်သော ဖဲသမားများဆိုလျှင် ထမင်းပါ ကျွေးသေးသည်။

ပိုကာဆွဲသောဝိုင်းပင်ဖြစ်စေ၊ ကိုးမီးဝိုင်းမှာပင်ဖြစ်စေ၊ ဝိုင်းထဲဝင်ပြီး ဖဲကစားသူမှာ ငါးယောက်ထက် မပိုသော်လည်း နံဘေးမှ ကြားပေါက်ငွေထိုးသူ၊ ငွေမထိုးသော်လည်း သူ့လူကိုယ့်လူ နံဘေးမှဝိုင်းကြည့်နေသူက ပိုများလေသည်။

တစ်ညမှာတော့ ဖဲဝိုင်းမှလူများကို ထမင်းကျွေးရန် နောက်ဘက်ရေစင်ပေါ်မှာ မိန်းမသုံးယောက် ထမင်းဟင်းများ ချက်ပြုတ်နေကြသည်။ အချိန်မှာ ည၉နာရီပိုင်းအချိန်ရောက်နေပြီဖြစ်သဖြင့် ပတ်ဝန်းကျင်မှာ မှောင်ရီသမ်းနေချေပြီ။

ရေစင်ဆိုသည်မှာ အိမ်အနောက်ဘက် လဟာပြင်ပေါ်မှာ သစ်သားတိုင်များဖြင့် ထိုးထားသောစင်မျိုးဖြစ်သည်။ ထိုနေရာမှ ကြည့်လျှင် အလောင်းတင်ထားသောလှေကို လှမ်းမြင်နေရသည်။





ရေစင်ရှိသောနေရာနှင့်လည်း မဝေးလှပေ။

"ဒီအချိန်ကျမှ အပြင်ထွက်ပြီး ထမင်းဟင်းချက်ရတာ ငါတော့ စိတ်ထဲက ကြောက်နေသလိုပဲ"

တစ်ယောက်က ပြောသည်။

"ဘာကြောက်စရာရှိသလဲဟဲ့၊ အဖော်တွေ ရှိတာပဲ"

"အဖော်တွေ ရှိပေမယ့် ရင်မေက သရဲဆွဲခံရလို့ သေတာဆိုတော့ ကျွတ်ချင်မှကျွတ်မှာ"

"ငါတို့တော့ ခြောက်မယ်မထင်ပါဘူး"

"သူ့ခမျာ သနားပါတယ်နော်၊ သူ့အဖေကြီး အပြောအဆို မှားတာနဲ့ အခုလိုဖြစ်ရတာလို့ . . နီမောင်တို့ပြောနေကြတယ်"

"အို . . သူက အညာကလာတာဆိုတော့ ဒီအကြောင်းတွေ ဘယ်နားလည်ပါ့မလဲ"

"နားမလည်လို့ မသိရင်လည်း သူများလုပ်တာ အေးအေးနေတာမှ မဟုတ်တာ၊ ဒီလိုပုံနဲ့ တောဆင်းဖို့ လုပ်နေကြသေးတယ်၊ ပျဉ်ဒရယ်သစ်တောရောက်လို့မှ မဆင်ခြင်ရင်တော့ ဒီထက်ပိုဆိုးတာတွေနဲ့ ကြုံရဦးမယ်"

"ဟဲ့ . . . တိုးတိုးပြောပါ၊ ကြားသွားလို့ ငါတို့ကို တစ်မျိုးထင်နေပါဦးမယ်"

ဟု အချင်းချင်းပြောဆိုနေကြလေသည်။

ထိုအခိုက်မှာပင် ရေတက်လာပြီဖြစ်သောကြောင့် ဒီရေ



www.burmeseclassic.com

www.burmeseclassic.com



က တိုးလာသည်။

လှိုင်းပုတ်သံများ ကြားလာရသည်၊

လှိုင်းပုတ်ဒဏ်ကြောင့် အလောင်းတင်ထားသော လှေက လူးနေလေသည်။

လှေပေါ်မှာ တင်ထားသော ခေါင်းတလားက ကြိုးဖြင့် သိုင်းချည်ထားသော်လည်း တလှုပ်လှုပ်နှင့် ဖြစ်နေသည်၊

အချိန်ကလည်း တဖြည်းဖြည်းနှင့် အမှောင်ရိပ်သမ်းလာချေပြီ။

သူတို့ ထမင်းဟင်း ချက်နေသောနေရာတွင် ရေနံဆီမီးခွက်တစ်လုံး ထွန်းထားသော်လည်း. . လေတိုက်နေသောကြောင့် မီးရောင်က မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသည်။

စကားတပြောပြောနှင့် ထမင်းဟင်းချက်နေရာ မီးဖိုနံဘေးမှာ ချထားသောဟင်းအိုးမှ အနံ့များပင် ထွက်နေသည်။

ချက်ထားသောဟင်းမှာ ဝက်သားနှင့်အာလူး ရောချက်ထားသော တောချက်ဟင်းဖြစ်သည်။

ထိုစဉ် လေတစ်ချက် တိုက်လိုက်သဖြင့် မနီးမဝေးမှာရှိသော လမုပင်မှာ ဝေါခနဲမြည်ကာ ယိမ်းထိုးလှုပ်ရှားသွားလေသည်။

"ဟဲ့. . . ဘာဖြစ်တာလဲ"

"လေတိုးတာပါဟယ်. . . နင်ကလည်း ကြောက်တတ်လိုက်တာ လွန်ပါရော"





"ငါ ကြောက်တာမဟုတ်ဘူး၊ ဟိုလမုပင်ပေါ်က ငါတို့ကို မျက်လုံးပြူးကြီးနဲ့ ကြည့်နေတယ်"

"ဘယ်မှာလဲ"

"ဟိုသစ်ကိုင်းကြားမှာ. . မည်းမည်းကြီးတစ်ကောင် ဆောင့်ကြောင့်ထိုင်နေတာ မမြင်ကြဘူးလား"

တစ်ယောက်က ပြသဖြင့် ကျန်နှစ်ယောက်က အထိတ်တလန့်ဖြင့် လှမ်းကြည့်ကြသည်။ သို့သော်လည်း တစ်ယောက်ကသာ မြင်ရသော်လည်း ကျန်နှစ်ယောက်ကတော့ မမြင်ရပေ။

ထိုအချိန်မှာပင် ရေစင်အောက်မှ ရေဖြင့် ပက်လိုက်လေသည်။

"ဖြန်း. . . ဖြန်း. . . ဖြန်း"

ရေစင်ပေါ်မှာ ထမင်းချက်နေသော အမျိုးသမီးသုံးယောက်စလုံး ရေများစွဲသွားသောကြောင့် သုံးယောက်စလုံး နေရာမှ ထပြေးကြလေတော့သည်။

"အမလေးတော့. . . ကယ်ကြပါဦး"

၎င်းတို့ ဝရုန်းသုန်းကားနှင့် ထပြေးလာသောကြောင့် အိမ်အတွင်းမှ လူအချို့ ထွက်လာကြသည်။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်လဲ"

"ကျွန်မတို့ကို သရဲခြောက်လို့တော့"

"ဘယ်လိုခြောက်လိုက်တာလဲ"

"စင်အောက်က ရေနဲ့ ပက်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောက်က လှိုင်းထလို့ ရေတွေ စင်တာဖြစ်မှာပေါ့"

ဟု ပြောပြီး အခြားသူများပါ အပြင်သို့ ထွက်လာကြလေသည်။

ထမင်းဟင်း ချက်နေသော မိန်းမသုံးယောက်တို့လည်း ပြန်လိုက်လာသည်။

မီးဖိုနားရောက်တော့ မီးဖိုမှမီးများမှာ ရေဖြင့် ဖြန်းထားသကဲ့သို့ဖြစ်ကာ အားလုံးငြိမ်းနေလေသည်။ ထို့ပြင် ထမင်းအိုးဟင်းအိုးများမှာလည်း အဖုံးများ ပွင့်နေပြီး တုံးလုံးပက်လက် ဖြစ်နေကြသည်။

"ဟင်. . . ဘယ်လိုဖြစ်နေတာလဲ"

အနီးသို့ ရောက်သောအခါ အိုးများထဲမှာ ထမင်းရေ ဟင်းပါ မရှိတော့ပေ။

ထို့နောက်မှာတော့ ဘယ်သူမှ အပြင်ထွက်ပြီး ထမင်းဟင်း မချက်ဝံ့ကြတော့ပေ။

ခုနစ်ရက်မြောက်သောနေ့တွင် တစ်ဖက်ကမ်းမှာရှိသော သုသာန်သို့သွားကာ အလောင်းကို သဂြိုဟ်လိုက်ကြလေသည်။

ထို့နောက်မှာလည်း ပြဿနာက အေးမသွားပါချေ။ ညအချိန်ရောက်သည်နှင့် သရဲတစ္ဆေများက နည်းအမျိုးမျိုးနှင့် လာရောက်ခြောက်လှန့်ကြရာ မအိပ်ဝံ့အောင် ရှိလေသည်။

ထိုအခါ ဦးထွန်းဖေက နီမောင်ကို ခေါ်မေးသည်။





"နီမောင်. . . ညအချိန်ရောက်လာရင် သရဲခြောက်တာနဲ့ မအိပ်ရဘူး၊ ဘယ်လိုလုပ်ရမလဲ"

"ကျွန်တော်သိသမျှ ပြောရရင် ဆွမ်းတင်တာ မှားယွင်းလို့ ဖြစ်တာဆိုတော့ ပြန်ပြီးဆွမ်းတင်ရမယ်၊ ကွင်းပိုင်နယ်ပိုင်တွေကို တောင်းပန်မှ အေးမယ်ထင်တယ်"

ဒီတစ်ကြိမ်တော့ ဦးထွန်းဖေမှာ ပြင်းပြင်းထန်ထန် ပြောတာမျိုး မရှိတော့ပေ။

"မင်းကော ဒီကိစ္စတွေ နားလည်သလား"

"ကျွန်တော်ကတော့ သင့်သလောက်ပဲ နားလည်ပါတယ်"

ရွာထဲမှာရှိတဲ့ ဦးဇန်ကောင်းထံ သွားပြီး အကူအညီတောင်းရလေသည်။

"ဘာဖြစ်တာလဲ နီမောင်"

နီမောင်က လာရင်းကိစ္စကို ပြောပြလိုက်ရာ ဦးဇန်ကောင်းက ကွမ်းတမြုံ့မြုံ့ ဝါးရင်းနှင့် နားထောင်နေသည်။ ပြီးမှ ပြောသည်။

"တောထဲမှာပဲဖြစ်ဖြစ် ရွာထဲမှာပဲဖြစ်ဖြစ် ခလေ့ထုံးစံတွေ ရှိကြတယ်၊ အဲဒီနေရာတွေကို တာဝန်ယူ စောင့်ရှောက်နေကြတဲ့ ပုဂ္ဂိုလ်အမျိုးမျိုး ရှိကြတယ်"

"ဘယ်လိုမျိုးတွေလဲ အဘ"

"အများကြီးပေါ့ကွာ. . . တောစောင့်နတ်၊ ရွာစောင့်



www.burmeseclassic.com

www.burmeseclassic.com



နတ်၊ မြို့စောင့်နတ်တွေအပါအဝင် ပရလောကသားတွေပေါ့”

“ပရလောကသားဆိုတာ တစ္ဆေသရဲတွေကို ပြောတာလား”

“အဲဒါတွေလည်း ပါတာပေါ့၊ ပရလောကသားတွေထဲမှာ နတ်ဆိုးတွေ၊ သရဲ၊ ဖုတ်၊ ကျတ်၊ တစ္ဆေ၊ မှင်စာ၊ ဘီလူးစတဲ့ မကောင်းမှုကိုပေးတတ်တဲ့ အမျိုးအစားတွေလည်း အပါအဝင်ပေါ့”

နီမောင်က အံ့ဩသွားလေသည်။

“သူတို့က လူတွေကို ဒီလိုပဲ ဒုက္ခပေးနေကြတာပဲလား”

“ပရလောကသားတိုင်းကတော့ လူတွေကို ဒုက္ခမပေးကြပါဘူး၊ နောက်ပြီး အကြောင်းမဲ့လည်း လာပြီးမနှောင့်ယှက်ပါဘူး”

နီမောင်က စိတ်ဝင်စားစွာ နားထောင်နေသည်။

“လူလောကမှာရှိတဲ့ လူဆိုးလူမိုက်တွေက လူတွေကို အကြောင်းအမျိုးမျိုးပြပြီး နှိပ်စက်တတ်ကြသေးတယ်၊ ပရလောကသားတွေက ဒီလိုအကြောင်းမဲ့ မနှိပ်စက်ကြပါဘူး”

“ဒါဖြင့် သရဲခြောက်တယ်ဆိုတာ ဘယ်လိုမျိုးလဲ အဘ”

“ပရလောကသားတွေ လူတွေဆီ လာတယ်ဆိုတာ အကြောင်းနှစ်မျိုးသုံးမျိုးလောက်ပဲ ရှိပါတယ်၊ သူတို့အတွက် အမျှအတန်း လိုချင်လို့ရယ်၊ ဒါမှမဟုတ် စားသောက်စရာ လိုချင်လို့ရယ်၊ နောက်ပြီး သူတို့နေရာပိုင်နက်တွေကို မနှောင့်ယှက်ဖို့





သတိပေးတာမျိုးတွေလောက်ပဲ ရှိပါတယ်”

“ဟုတ်ကဲ့”

“နောက်တစ်ချက်ကျတော့လည်း သေသွားတဲ့သူက ကျန်ခဲ့တဲ့ ဆွေမျိုးသားချင်းတွေကို သူရှိနေကြောင်း သတိပေးတာမျိုး၊ အဲဒီနေရာက သွားရခါနီးမှာ နှုတ်ဆက်တာမျိုးတွေလည်း ရှိပါတယ်”

“ဘယ်လိုပဲဖြစ်ဖြစ် သူတို့ကို မြင်လိုက်တာနဲ့ လူတွေက သရဲတစ္ဆေခြောက်တယ်ပဲ ထင်ပြီး ကြောက်နေကြတော့တာပဲ”

“ဒါကတော့ ပရလောက ရောက်နေရုပ်ဆိုကတည်းက ပန်းသဏ္ဌာန်၊ ရုပ်ဆင်းအင်္ဂါတွေက မတင့်တယ်တော့. . . ကြောက်စရာဖြစ်နေတာပေါ့၊ သူတို့က အကူအညီပေးချင်လို့ အနားလာတာတောင် မြင်တဲ့လူက ကြောက်နေကြတော့ ခက်နေတာပေါ့”

ဟုပြောရင်း ဦးဇန်ကောင်းက ပါးစပ်တွင်းမှ ကွမ်းဖတ်ကို ထွေးထုတ်ကာ လက်ဖက်ရည်အဖန်ဖြင့် အာလုတ်ကျင်းလိုက်သည်။

“ဒါကြောင့်. . အချို့လည်း ကိုယ်တိုင်မပြတော့ဘဲ. . နိမိတ်နဲ့ အသိပေးရတာမျိုးတွေ ရှိတယ်၊ တကယ်တော့ သူတို့တွေက သနားစရာပါ”

“ဘယ်လို သနားစရာလဲ အဘရဲ့”

“ပရလောကသားတွေက နေစရာမရှိ၊ စားစရာမရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝမျိုးတွေပါ၊ လူတွေအမျှဝေပေးတာရမှ ဘဝဆိုးက ကျွတ်ခွင့်ရကြတယ်၊ လူတွေက သဒ္ဓါလို့ကျွေးမှ စားကြရတယ်၊ ဒါပေမယ့် လူအတော်များများကတော့ သူတို့ကို သတိမရကြပါဘူး”

“အဘပြောပြတော့မှပဲ ကြောက်စရာထက် သနားစရာပိုကောင်းနေမှန်း သိရတော့တယ်”

“လူအတော်များများက ကိုယ်သေရင်. . နတ်ပြည်နဲ့ ကောင်းရာသုဂတိ ဘုံဘဝကိုပဲ ရောက်မယ်လို့ ထင်ထားကြ တော့. . ဒီအကြောင်းတွေ ဘယ်တွေးကြပါမလဲကွာ၊

သူတော်ကောင်းတွေမှပဲ ဒီအကြောင်းကို နားလည်ကြတာဆိုတော့ သူတို့နဲ့ ကြုံတဲ့အခါ၊ အမျှအတန်းဝေတဲ့အခါ ကျွတ်လွတ်ရာ ဘုံဘဝကို ရနိုင်ကြတယ်”

“မကောင်းမှု လုပ်တဲ့လူတွေဆိုရင်. . ပရလောကကို ရောက်ကြသလား အဘ”

“လူတစ်ယောက်ဟာ ကောင်းမှုတွေလည်း ရှိသလို မကောင်းမှု လုပ်ခဲ့တာတွေလည်း ရှိတယ်၊ လူအတော်များများက မိမိကောင်းတာလုပ်ခဲ့တာကိုပဲ အမှတ်ရနေပြီး မကောင်းမှုလုပ်ခဲ့တာတွေကိုတော့ မေ့ထားတတ်ကြတယ်”

“မှန်ပါတယ်”

“ငယ်ငယ်က ရှင်ပြုခဲ့တာကို သတိရပေမယ့် အမှတ်မထင် ကြက်တစ်ကောင် သတ်ခဲ့မိတာကိုတော့ မမှတ်မိတတ်ကြဘူး၊ ကုသိုလ်ကံပဲဖြစ်ဖြစ်၊ အကုသိုလ်ကံပဲဖြစ်ဖြစ် ပြုခဲ့ပြီးရင် ပြန်လာတဲ့အကျိုးကိုတော့ အလှည့်ကျခံကြရမှာပဲ”





“ကြောက်စရာကောင်းလိုက်တာ”

“ဒါထက် ပိုသိရင်၊ ဒါထက် ပိုကြောက်စရာကောင်းတာတွေ ရှိသေးတယ်၊ ဒီတော့ ကောင်းတာပဲလုပ်လုပ် မကောင်းတာပဲလုပ်လုပ် သေခါနီးတဲ့အခါ စိတ်အယူလွဲရင် ပရလောကကို အခိုက်အတန့်တော့ ရောက်ကြရတာပါပဲ”

“ဟုတ်ကဲ့”

“လူတွေ မပြောနဲ့၊ ဘုန်းကြီးတွေတောင် အယူလွဲတာနဲ့ တစ္ဆေသရဲဘဝမှာ နှစ်ပေါင်းများစွာရောက်နေတဲ့ သာဓကတွေ အများကြီးရှိတယ်”

“တစ်ခုလောက် ပြောပြပါ အဘ”

နီမောင်က ပြောသဖြင့် ဦးဗန်ကောင်းက သူကြုံတွေ့ခဲ့ရသော အကြောင်းအရာတစ်ခုကို အတိုချုပ်ကာ ပြောပြလေသည်။

လွန်ခဲ့သော နှစ်ပေါင်း(၂၀)ကျော်ခန့်က ဦးဗန်ကောင်းသည် ပြည်မြို့နယ်ဘက်တွင် တောခေါင်းအလုပ် ဝင်လုပ်နေလေသည်။

တောခေါင်းအလုပ်ဆိုတော့ အစိုးရသတ်မှတ်ထားသော သစ်တောများရှိရာသို့ လှည့်လည်သွားလာနေရသည်။ တစ်နေ့သ၌ နဝင်းချောင်းဖျားဘက်သို့ တောလှည့်စဉ် ‘ရုပ်ဆိုင်’ ရွာသို့ ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဆိုင်ရွာမှာ ပေါက်ခေါင်းမှ (၂၄)မိုင်ခန့် ကွာဝေးပြီး အရှေ့ဘက်၌ ရှိလေသည်။

ထိုရွာသို့ ရောက်သောအခါ ရွာခေါင်းအိမ်မှာပင် ဝင်ရောက်တည်းခိုရလေသည်။

ရုပ်ဆိုင်ရွာနှင့် (၃)မိုင်ခန့်ကွာဝေးသော နေရာတွင် ညောင်ပင်ကြီးရွာ ရှိသည်။

ရွာခေါင်းအိမ်သို့ ရောက်သောအခါ ညောင်ပင်ကြီးရွာမှ လူတစ်ယောက်နှင့် တွေ့ရသည်။

"ဆရာ ကျွန်တော်တို့ရွာကို ရောက်ဖူးသလား"

"မကြာသေးခင်က တစ်ခေါက်တော့ ရောက်ခဲ့ဖူးပါရဲ့"

"ဆရာရောက်တော့ ရွာခံလူတွေက ရွာထိပ်က ကျောင်းပျက်ကြီးအကြောင်းကို မပြောလိုက်ကြဘူးလား"

"ထွေထွေထူးထူးတော့ မပြောပါဘူး၊ ဘာများ ထူးခြားချက် ရှိလို့လဲဗျ"

"အဲဒီကျောင်းပျက်ကြီး သရဲခြောက်လွန်းလို့ ဘယ်သူမှ မသွားဝံ့ကြတဲ့နေရာပေါ့"

"အကြောင်းစုံ သိရအောင် ပြောပြပါဦးဗျ"

ထိုသူက အောက်ပါအတိုင်း ပြောပြသည်။

ညောင်ပင်ကြီးရွာမှာ မူလကျောင်းဟောင်း ပျက်သွားသောအခါ ကြီးမားသော ကျောင်းကြီးတစ်ဆောင် ဆောက်ပြီး ဘုန်းကြီးတစ်ပါးကိုပင့်ကာ ကျောင်းထိုင်စေသည်။





ထိုဘုန်းကြီးမှာ စာတတ်ပေတတ် ဖြစ်သည့်အပြင် . . တရားဟောလည်း ကောင်းသဖြင့် အများက ကြည်ညိုကြသည်။

ငွေကြေးနှင့် အလှူပစ္စည်းများကို လှူဒါန်းကြရာ အခြားပစ္စည်းများကို ကျက်သရေခန်းတွင်းမှာ ထားသော်လည်း အလှူငွေများကိုတော့ သပိတ်တစ်လုံးဖြင့် သီးခြားထည့်ကာ တစ်နေရာမှာ ထားလေသည်။

နောက်သုံးနှစ်ခန့်ကြာတော့ ထိုဘုန်းကြီး ပျံလွန်တော်မူသွားလေသည်။

ထိုအခါ ရွာသူရွာသားများ အခြားဘုန်းကြီးတစ်ပါးကို ပင့်ပြီး ကျောင်းထိုင်စေရာ ကျောင်းမှာ တစ်ညသာကြာပြီး ပြေးရလေသည်။

ထိုကျောင်းမှာ ဘုန်းကြီးမရှိသောအခါ ကပ္ပိယကြီး တစ်ယောက်က သွားရောက်စောင့်ရှောက်ပေးရသည်။ ကပ္ပိယကြီးလည်း ကြောက်ကြောက်နှင့် သွားစောင့်ပေးရခြင်းဖြစ်သည်။

ညအချိန်ရောက်တော့ ကျက်သရေခန်းအတွင်း ဝင်ပြီး စောင်ကို ခေါင်းမြီးခြုံကာ အိပ်လေတော့သည်။ ညဉ့်နက်ပိုင်းအချိန်ရောက်တော့ ခြေထောက်ကို လာပုတ်နှိုးသဖြင့် စောင်ဖယ်ပြီး ကြည့်လိုက်ရာ တစ်ကိုယ်လုံး အဝတ်ဖြူကြီး ပတ်ထားပြီး ဦးခေါင်းပေါ်မှာ သံပုရာခွံနှင့်တူသော ဦးထုပ်ကို ဆောင်းထားလေသည်။

မျက်နှာကတော့ ပျံလွန်သွားသော ကျောင်းထိုင်ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီး မျက်နှာပင်ဖြစ်သည်။

ထိုအခါ ကပ္ပိယကြီးက. . .

"တပည့်တော်ကိုတော့ မခြောက်ပါနဲ့ဘုရား"

ဟု ပြောကာ ကျောင်းပေါ်မှ ဆင်းပြေးရတော့သည်။

တစ်နေ့တော့ အခြားနယ်မှ ဧည့်သည်တစ်ယောက်ရောက်လာရာ အခြားတည်းခိုစရာနေရာ မရှိသောကြောင့် လူမရှိသောကျောင်းမှာပင် သွားရောက်တည်းခိုရလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ အိပ်ပျော်နေစဉ် ခြေထောက်ကို လာပုတ်နှိုးသဖြင့် ထကြည့်သောအခါ ခြေရင်းမှာငုတ်တုတ်ထိုင်နေသော ဖြူဖြူကြီးကို တွေ့မြင်ရသည်။

ထိုသူလည်း ကြောက်ကြောက်လန့်လန့်ဖြင့်. . ရသမျှဘုရားစာများ တရားစာများကို ရွတ်လေတော့သည်။

"ဟဲ့. . . ဒကာ၊ ဒီစာတွေ ရွတ်မနေနဲ့. .၊ ဒါတွေကငါရပြီးသားတွေချည်းပဲ၊ မင်းကို ပြောစရာရှိလို့ လာတာပါ"

ထိုသို့ အသံသြသြကြီးဖြင့် ပြောသောအခါ ထိုသူမှာဆက်မနေဝံ့တော့သဖြင့် ကျောင်းပေါ်မှ ဆင်းပြေးရန် ကြိုးစားလေသည်။

သို့သော် သူပြေးမည့်လမ်းမှာ ဖြူဖြူကြီးက ရောက်ပြီးပိတ်ထားသောကြောင့် ပြေးခွင့်မရတော့ပေ။

နောက်ဆုံး မတတ်သာသည့်အဆုံးမှာတော့ ဖြူဖြူကြီးရှိရာ ပြေးသွားပြီး နပန်းဝင်လုံးလေတော့သည်။ ထိုသို့ နပန်းလုံး





သောအခါ အချိန်ကြာလာသည်နှင့် သူက မောလာသော်လည်း ဖြူဖြူကြီးကတော့ မည်သို့မှ မထူးခြားလှပေ။

တစ်ကြိမ်မှာတော့ ဖြူဖြူကြီးဦးခေါင်းပေါ်မှ ဦးထုပ်ကသူ့လက်ထဲပါလာလေရာ ဖြူဖြူကြီးလည်း ခွေကျသွားတော့သည်။

ထိုအခါမှ ပြောသည်။

"ငါက မင်းကို တမင်ရန်ရှာဖို့ လာတာမဟုတ်ပါဘူး၊ အကူအညီတောင်းချင်လို့ပါ"

"ဘယ်လိုကူညီပေးရမှာလဲ"

"ကျောင်းလှေကားရဲ့ အောက်တည့်တည့်မှာ ငါမြှုပ်ထားခဲ့တဲ့ သပိတ်တစ်လုံးအပြည့် ငွေဒင်္ဂါးတွေ ရှိတယ်၊

အဲဒါတွေကို ဖော်ယူပြီး ငါ့အတွက် ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှအတန်းဝေပေးပါ။ ပိုတာတွေတော့ မင်းနဲ့ထိုက်တာဆွဆိုတော့ မင်းပဲယူသွားပေတော့"

ထိုသူက ဝမ်းသာသွားသည်။

"ငါ့ဦးထုပ်လည်း ပြန်ပေးပါ"

ဟု တောင်းသဖြင့် ဦးထုပ်ကို ပြန်ပေးလိုက်ရာ ဦးခေါင်းပေါ်သို့ ဆောင်းလိုက်သည်နှင့် နေရာမှ ပျောက်သွားလေတော့သည်။

ထို့နောက်မှာတော့ ကျောင်းလှေကားအောက်သို့ ဆင်းပြီး တူးဆွရှာဖွေရာ သပိတ်တစ်လုံးနှင့်အပြည့် ထည့်ထားသော



www.burmeseclassic.com

ငွေဒင်္ဂါးများကို ရလေသည်။

ထိုသူကလည်း ကတိပေးထားခဲ့သည့်အတိုင်း ရွာလူကြီးများနှင့် တိုင်ပင်ကာ . . ကုသိုလ်ကောင်းမှုများ ပြုလုပ်ပြီး အမျှအတန်း ဝေပေးလိုက်သည်။ နောက်မှာတော့ ထိုကျောင်းမှာ မည်သည့်ခြောက်လှန့်မှုများမှ မပေါ်ပေါက်တော့ပေ။

ဦးဇန်ကောင်းက သူပြောပြသောအကြောင်းကို အဆုံးသတ်ကာ လက်ဖက်ရည်တစ်ခွက် သောက်လိုက်သည်၊

"ဒီတော့ . . ဘဝတစ်ခုနဲ့တစ်ခု ကူးတဲ့နေရာမှာ ဘယ်လောက်ပဲ ကောင်းတာတွေ လုပ်ထားပေမယ့် မကောင်းတာတစ်ခုက ဝင်ပြီးနှောင့်ရင် အခိုက်အတန့်ဆိုတာမျိုး ပရလောကကို ရောက်ကြရမှာပဲ၊ ဒါကြောင့် သူတို့ကို အကူအညီပေးရင် သူတို့ကလည်း ပြန်ပြီးအကူအညီပေးကြပါတယ်"

ထို့နောက်မှာတော့ စကားစပြတ်ပြီး နှစ်ယောက်သား ဦးထွန်းဖေတို့အိမ်ဘက်သို့ ထွက်လာကြလေသည်။





# အခန်း(၃)

# မိစ္ဆာကို အဖော်ပြုမိသဖြင့် ဒုက္ခတွေ့ရခြင်း

အချိန်မှာ ညဉ့်ဦးပိုင်းအချိန်ရောက်နေချေပြီ။ မိုးဦးကျရာသီဖြစ်သောကြောင့် ကောင်းကင်ပြင်တစ်ခုလုံး တိမ်မည်းညိုတို့ကြောင့် မှောင်မည်းလျက်ရှိလေသည်။ ထိုအချိန်မှာ ဦးထွန်းဖေတို့အိမ်ရှေ့တွင် ဦးရှင်ကြီးနတ် ဆွမ်းတင်နေသည်။ နီမောင်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်ကပင် လုပ်ကိုင်ပေးနေကြခြင်းဖြစ်သည်။

www.burmeseclassic.com



ဆွမ်းတင်သည့်ကိစ္စ ပြီးသောအခါ ဦးဗန်ကောင်းက ကွင်းပိုင်အတွက် တင်သောပွဲကို သတ်သတ်ဖယ်ထားလေသည်၊

"နီမောင်. . . ဒီကနေ့ လဆန်း(၁၂)ရက်၊ ရေထဦးရက် ဆိုတော့ ကွင်းထဲမှာ ငါးရစ်တက်လိမ့်မယ်၊ ငါတို့ ငါးရစ် သွားလိုက်ရအောင်"

ဟု ပြောသည်။

"ဒီပွဲက ဘာလဲ အဘ"

"ကွင်းပိုင်ပွဲလေ"

"ဘာလုပ်ဖို့ ယူလာတာလဲဟင်"

"သူနဲ့ တွေ့ရမယ်ကွ"

ထိုစကားကြားသောအခါ နီမောင်မှာ လန့်သွားလေသည်။ သူကြားဖူးထားသည်က ကွင်းပိုင်၊ ချောင်းပိုင်၊ တောပိုင် စသည်တို့မှာ သက်တမ်းရှည်သော သရဲကြီးများဖြစ်သည်ဟု ကြားဖူးထားရာ စိတ်ထဲမှာ စိုးရိမ်စိတ် ဝင်သွားခြင်းဖြစ်လေသည်။

"ဖြစ်ပါ့မလား အဘ"

"ဘာကြောင့် မဖြစ်ရမှာလဲ"

"တော်ကြာ ကျွန်တော်တို့ကို အန္တရာယ်ပေးရင် ဘယ့်နှယ်လုပ်ကြမလဲ"

သူ့စကားကြောင့် ဦးဗန်ကောင်းက ကွမ်းသွေးများ တက်နေသည့် သွားများပေါ်အောင် ပြုံးလိုက်သည်။

"အန္တရာယ်မပေးပါဘူးကွာ. . . မကြောက်ပါနဲ့၊ လူပဲ





ဖြစ်ဖြစ် ပရလောကသားပဲဖြစ်ဖြစ် အစားအစာကျွေးမယ့်လူ၊ မိတ်ဆွေဖွဲ့မယ့်လူတွေကို အန္တရာယ်မပေးကြပါဘူး"

ဟုပြောပြီး ဆွမ်းတင်ရာတွင် အသုံးပြုသောပွဲအပြင် ချက်ထားသော ထမင်း၊ အမဲသားဟင်းနှင့် အရက်ပုလင်းတို့ကိုပါ ယူ၍ ထွက်ခဲ့ကြသည်။

နှစ်တိုင်း မိုးဦးကျရောက်၍ မြစ်ရေတိုးလာလျှင် ချောင်း ရေကလျှံလာသည်။

ချောင်းရေလျှံလျှင် ထိုရေတို့က စပါးရိတ်ထားသော ရိုးပြတ်များရှိသည့် လယ်ကွင်းများအတွင်းသို့ တက်လာသည်။

ရေထရက်များတွင် တက်လေ့ရှိသည်။

ထိုရေနှင့်အတူ မြစ်ချောင်းများအတွင်းမှ ရှိသော ငါးများ လယ်ကွင်းများအပေါ်သို့ တက်လာကြလေတော့သည်။

ထိုသို့တက်လာကြခြင်းမှာ မျိုးတူအချင်းချင်း မိတ်လိုက်ရန်နှင့် ဉပါသောငါးများက ဉချရန်အတွက်ဖြစ်သည်။

ချောင်းထဲမှ တက်လာသောရေသည် လယ်ကွင်းများ အပေါ် ရောက်သောအခါ ရေအနက်က တစ်ထွာတစ်တောင် ထက် မပိုသောကြောင့် မီးရောင်ဖြင့်ကြည့်လျှင် ရိုးပြတ်များကြား၌ ကူးခတ်သွားလာနေသည့် ငါးမျိုးစုံတို့ကို မြင်နိုင်လေသည်။

ထိုအချိန်မျိုးမှာ ဖားများ မိတ်လိုက်ချိန်ဖြစ်သော ဖား အော်သံများမှာ နေရာအနှံ့မှ ကြားနေရပြီး. . အကယ်၍ တွေ့လျှင်လည်း နှစ်ကောင်ထပ်တွေ့ရသည်၊



www.burmeseclassic.com

www.burmeseclassic.com



ဖားအော်သံ ကြားသောအခါ မြွေများကလည်း ထိုအသံကြားရာသို့ ရောက်လာတတ်သဖြင့် လူနှင့်မြွေနှင့် မကြာခဏ ဆုံတွေ့ရသည်။

'အသံကြောင့် ဖားသေ' ဆိုသောစကားအတိုင်းပင် ထိုအော်သံကြောင့်ပင် ဖားများမှာ လူကြောင့်ဖြစ်စေ၊ မြွေကြောင့်ဖြစ်စေ သေကျေပျက်စီးကြရလေသည်။

ငါးရစ်တက်သောအချိန်မှာ ညဉ့်ဦးပိုင်း သို့မဟုတ် ညဉ့်နက်ပိုင်းအချိန်မျိုးဖြစ်ရာ ထိုအချိန်မျိုးတွင် လယ်ကွင်းများထဲမှာ တစ်ယောက်တည်း ငါးရှာထွက်ကြသည်မှာလည်း. . . အန္တရာယ်များသည်။

မြွေဆိုးများ အန္တရာယ်အပြင်. . . သရဲသဘက်များ အန္တရာယ်များနှင့်လည်း မကြာခဏ တွေ့ကြရသည်။

ငါးယောင်ဆောင်ပြီး ခြောက်သောသရဲ၊ ရပြီးသားငါးကို လာတောင်းသောသရဲ. . စသည်ဖြင့်လည်း ကြုံရတတ်သည်။

အချို့ ငါးကိုတွေ့သဖြင့် ဓါးဖြင့် ခုတ်ချရာ ထက်ပိုင်း ပြတ်ကျသွားသည်ကို မြင်လိုက်ရသည်။ အသေအချာ ကြည့်တော့မှ စောစောကငါးက ရေထဲမှာ ဆက်ကူးသွားလေသည်။ တအံ့တသြနှင့် ကြည့်တော့မှ ခေါင်းက ပြောင်းပြန်ကြီး ဖြစ်နေသည်ကို တွေ့ရသည်။

အချို့လည်း ရထားသောငါးကို ပလိုင်းထဲ ထည့်ထားသည်။ တဖြည်းဖြည်း လေးလာတော့မှ ငါးခေါင်းမှာ လူဦးခေါင်း





လောက်ကြီးနေပြီး မျက်လုံးအပြူးသား သွားအဖြီးသားနှင့် မော့ကြည့်နေသည်ကို တွေ့ရသည်။

ထိုအခါမှ သရဲခြောက်နေမှန်း သိပြီး ထွက်ပြေးရသူတွေလည်း ရှိသည်။

ငါးရစ်တက်ချိန်မှာ ကွင်းပေါ်သို့ အများဆုံး တက်လာသော ငါးများမှာ. . လယ်ငါးရော ချောင်းငါး မြစ်ငါးပါ စုံလင်လှသည်။ လယ်ငါးဆိုသည်မှာ လယ်ကွင်းများမှာသာ အနေများသော ငါးရံ့၊ ငါးခူ၊ ငါးပြေမ၊ ငါးခေါင်းတို၊ ငါးပနော်၊ ငါးရှဉ့်၊ ငါးလင်ပန်း စသောငါးများဖြစ်သည်။

ချောင်းနေငါးများကတော့ ငါးပတ်၊ ကပ်ကထစ်နှင့် အခြားငါးအချို့တို့ပင်ဖြစ်သည်၊

နီမောင်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက် ထွက်လာသောအချိန်မှာ ညဉ့်ဦးပိုင်းအချိန် ကျော်နေပြီး. . အမှောင်ရိပ်များက ပတ်ဝန်းကျင်သို့ ဖုံးအုပ်ထားလေသည်။

လသာပြီး အလင်းရောင်ရသောအချိန်မှာ ငါးတက်နည်းပြီး. . လမိုက်ရက်လည်းဖြစ်၊ ရေထဦးရက်နှင့် ကြုံသောရက်မျိုးတွင် လယ်ကွင်းထဲသို့ ငါးအတက်များလေသည်။

ထိုအချိန်မျိုးတွင် ငါးရှာသည့်သူများကလည်း အထွက်များလေသည်။

လယ်ကွင်းထဲ ရောက်သောအခါ မီးအုပ်ဆောင်းများမှ မီးရောင်များကို နေရာအနှံ့ တွေ့မြင်ရစေရာ အမှောင်ရိပ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပိုးစုံးကြူးလက်နေသည်နှင့်ပင် တူလေတော့သည်။

ရွာအနောက်ဘက် ထွက်လာသောအခါ တမျှော်တခေါ် လယ်ကွင်းပြင်များ ရှိသည်။

ထိုလယ်ကွင်းများမှာ ဟိုးအနောက်ဘက်မှာ ရှိသော 'ညီနောင်လေး' ဟု ခေါ်သောရွာအထိ ကျယ်ဝန်းလေသည်။ ကွင်းထဲမှာတော့ ငါးရှာရန် ထွက်လာသော မီးရောင်များကို လှမ်းမြင်ရသည်။

သူတို့နှစ်ယောက်သည် ရွာအနောက်ဘက်မှာ ရှိသော ရေကန်ဘက်သို့ လျှောက်လာကြသည်။ ရေကန်မှာ ဂျပ်ချောင်း ဘုန်းတော်ကြီးကျောင်း ရှိသောနေရာနှင့်လည်း မဝေးလှပေ။

ကန်ဘောင်ပေါ်မှာ နတ်စင်ရှိသည်။

ကုက္ကိုပင်၊ ပိတောက်ပင်ကြီးများ ရှိသည်။ ထိုနေရာနှင့် မနီးမဝေးမှာ ရှိသည့် ကန်သင်းရိုးတစ်ခုဆီသို့ ရောက်သောအခါ ဦးဗန်ကောင်းက အသင့်ယူလာသော ငှက်ပျောရွက်များကို ဖြန့်ခင်းသည်။ ပြီးလျှင်. . သူ ယူလာသော အစားအသောက်များကို ပုံသည်။ အရက်ပုလင်းကို ထောင်ပေးထားလိုက်သည်၊

"ဒီကွင်းနဲ့ သက်ဆိုင်တဲ့ပုဂ္ဂိုလ်ရှိရင် ကျွန်ုပ်တို့ ကျွေးမွေးတဲ့ အစားအသောက်တွေကို လာရောက်စားသောက်ပါဗျား"

ဟု အသံကျယ်ကျယ်ဖြင့် သုံးကြိမ်သုံးခါ ခေါ်လိုက်သည်။ ထိုကဲ့သို့ ခေါ်ပြီးနောက် ပတ်ဝန်းကျင်မှာ တိတ်ဆိတ်သွားလေတော့သည်။





အတန်ကြာတော့မှ မနီးမဝေးမှာ ရှိနေသော ကုက္ကိုပင်ကြီးပေါ်မှ ကျီးလန့်သံများ ကြားလိုက်ရသည်။

နီမောင်က အသံကြားရာသို့ လှမ်းကြည့်လိုက်သောအခါ သစ်ပင်ပေါ် မည်းမည်းသဏ္ဍာန်ကြီး ဆင်းလာသည်ကို လှမ်းမြင်ရသည်။

"သူလာပြီ အဘ"

ထိုသဏ္ဍာန် ဆင်းလာသောအခါ နှစ်ယောက်သား မနီးမဝေးနေရာမှာ သွားရပ်နေကြသည်။

ထိုမည်းမည်းကြီးက အစားအသောက်များ ရှိသောနေရာသို့ တစ်လှမ်းချင်း လျှောက်လာသည်။ အရပ်အမောင်းက မြင့်ပြီး ခြေတံလက်တံကလည်း အတော်ရှည်၊ ရွှံ့များပေါ်မှ နင်းလျှောက်လာသော ခြေသံကိုပင် တဗွမ်းဗွမ်းနှင့် အတိုင်းသား ကြားနေရသည်။

ခဏကြာတော့ ထိုနေရာသို့ ရောက်လာပြီး ငင်းတို့ရှိသောဘက်ကို ကျောပေးကာ အစားအသောက်များကို ဆောင့်ကြောင့်ထိုင်လျက် စားသောက်နေတော့သည်။

အတန်ကြာတော့မှ နေရာမှ ပြန်ထသည်။

"ကျွန်တော်တို့ အမှားအယွင်းရှိတဲ့ကိစ္စတွေကို ပြန်လည်ဘင်မြောက်ပြီးပါပြီ၊ အခြောက်အလှန့် အနှောင့်အယှက်တွေကို ဖယ်ရှားပေးပါ"

ရပ်နေသူထံမှ ဘာမှပြန်ပြောသံ မကြားရဘဲ ရပ်မြဲရပ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"အခု ကျွန်တော်တို့ ငါးရှာဖို့ ထွက်လာကြတာပါ၊ ငါးများ များရအောင် ကူညီပေးပါ"

ထိုသို့ပြောပြီးနောက် မည်းမည်းသဏ္ဌာန်ကြီးက သူ ဆင်းလာသော ကုက္ကိုပင်ရှိရာဘက်သို့ ပြန်လျှောက်သွားပြီး အပင်အောက် ရောက်သောအခါ ပျောက်သွားလေတော့သည်။

ထိုအခါမှ စောစောက အစားအသောက်များ ပုံထား သည့်နေရာသို့ သွားကြည့်သောအခါ ဖက်ပေါ်မှာ ဘာမှမရှိ တော့ပေ။

အရက်ပုလင်းမှာလည်း လဲနေပြီး တစ်စက်မှ မကျန် တော့ပေ။

"စောစောကလာတာ ဘာကြီးလဲ အဘ"

"မင်းတို့ တင်မြှောက်ကြတဲ့အခါမှာပါတဲ့ ကွင်းပိုင်ကြီး လေ၊ ဒီကွင်းနဲ့ သက်ဆိုင်တဲ့သူပေါ့"

"သူက ဘာလဲဟင်"

"ပြောရရင်တော့ ဒီကွင်းမှာ နှစ်အတော်ကြာကြာက တည်းက ရှိနေတဲ့ သရဲကြီးပါပဲ"

"အဘပြောနေတာတွေကို သူက ဘာမှ ပြန်မပြောသွား ဘူးနော်"

"ပြောစရာမလိုဘူးလေ. . . ငါပြောတာတွေကို သူသိဖို့ ပဲ အရေးကြီးတယ်၊ ဒီညကစပြီး ဦးထွန်းဖေတို့အိမ်မှာ အခြောက်





အလုန့်တွေ ရှိတော့မှာ မဟုတ်ပါဘူး"

"ကောင်းတာပေါ့ အဘရယ်၊ ဒါထက် ကျွန်တော်တို့ ငါးများများရအောင် ဘယ်လိုအကူအညီပေးမလဲ မသိဘူးနော်"

"ဒါကတော့ ကြည့်မှပဲ သိရတော့မှာပဲ"

ဟု ပြောဆိုကာ နှစ်ယောက်သား လယ်ကွင်းထဲသို့ ထွက် ခဲ့ကြသည်။

လယ်ကွင်းထဲမှာ အမှောင်ထုများ ရှိနေသည်။

ကောင်းကင်ပြာမှာ တစ်စွန်းတစ်စ ရှိနေသော အလင်း ရောင်အချို့ကြောင့် ပတ်ဝန်းကျင်ကို ဝိုးတဝါး မြင်နိုင်သည်။ လေတိုက်နေသောကြောင့် မီးအုပ်ဆောင်းထဲမှ ရေနံဆီမီးခွက်က မှိတ်လိုက်လင်းလိုက် ဖြစ်နေသည်။

တစ်နေရာရောက်တော့ ဦးဗန်ကောင်းက ပြောသည်။

"နီမောင် ငါတို့နှစ်ယောက် တစ်နေရာစီ သွားရှာကြမယ်၊ ပြီးတော့မှ ပြန်ဆုံကြတာပေါ့"

ဟု ပြောပြီး တစ်နေရာသို့ ထွက်သွားလေသည်။

နီမောင်ကလည်း တစ်နေရာသို့ တစ်ယောက်တည်း သွားလေသည်။

သူသည် လက်တစ်ဖက်မှာ မီးအုပ်ဆောင်း၊ ကျန်တစ် ဖက်မှာ မှိန်းတစ်ချောင်း ကိုင်ထားသည်။ ခါးမှာ ဓားတစ်လက် ထိုးပြီး ကျောမှာ ငါးထည့်ရန် ပလိုင်းတစ်လုံး ပါလေသည်။

လယ်ကွင်းထဲမှာ ရိုးပြတ်များက ရှိနေသေးသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



ရိုးပြတ်များထဲမှာ ချောင်းရေများက တက်နေလေသည်။

သို့သော် မနက်လှပေ။

အများဆုံး တစ်ပေ၊ နှစ်ပေလောက်သာ ရှိသည်။ ရေက ကြည်သောကြောင့်လည်း မီးရောင်ဖြင့် ထိုးကြည့်လျှင် အော ခြေအထိ မြင်နိုင်လေသည်။ ထိုရေထဲမှာတော့ ချောင်းထဲမှ တ လာသော ငါးမျိုးစုံတို့ကို တွေ့နိုင်လေသည်။

ငါးရှာသူများက အကောင်သေးသော ငါးစင်ရိုင်း၊ ငါး ကျည်း၊ ငါးပြေမ၊ ငါးခုံးမ စသော ငါးအကောင်သေးများ တွေ့ လျှင် မယူကြပေ။

အကောင်ကြီးများ တွေ့မှ ထိုးခုတ်ယူကြသည်။

ငါးရစ်တက်သောအချိန်မျိုးတွင် ငါးဖမ်းရတာ လွ သည်။ ယခင်အချိန်မျိုးတွင် ငါးက လူမြင်လျှင် ထွက်ပြေး လေသည်။

ငါးရစ်တက်သောအချိန်တွင် လူကို မြင်သော်လည် မပြေးကြ။ ငါးဖို့ငါးမများ မိတ်လိုက်ရန်သာ လုပ်နေကြသည် အဆိုးဆုံးကတော့ ငါးပတ်များဖြစ်သည်။ ငါးပတ်များ တက် လျှင် အုပ်စုလိုက် တက်လာကြပြီး ထိုအချိန်မျိုးတွင် လူကို မြ သော်လည်း ပြေးကိုက်သည့်ငါးက ပြေးကိုက်တတ်သည်။

ထိုကဲ့သို့ အုပ်စုလိုက် ကြုံသောအခါ ငါးလိုက်သူများ ထိုးမနိုင် ခုတ်မနိုင် ဖြစ်ကြလေသည်။ နီမောင်မှာ တစ်ယော တည်း ငါးရှာနေရင်း ရင်မေ သေသောကိစ္စကို သတိရသွားသော





အခါ စိတ်ထဲမှ တစ်မျိုးဖြစ်သွားသည်။

"ရင်မေက အစိမ်းသေ သေတာဆိုတော့ . ကျွတ်မှ ကျွတ်ရဲ့လား မသိဘူး"

ထိုသို့တွေးမိသောအခါ ကျောမလုံသလို ခံစားရသည်။ ထိုအချိန်မှာ လေပြင်းတစ်ချက် တိုက်သဖြင့် အုပ်ဆောင်းအတွင်းမှ မီးခွက်က ဟုပ်ခနဲ ငြိမ်းသွားလေရာ ပတ်ဝန်းကျင်မှာ မှောင်သွားလေသည်။

သို့ကြောင့် ကန်သင်းပေါ် တက်ပြီး မီးခြစ်ခြစ်ပြီး မီးထွန်းရန် ပြင်နေစဉ်မှာ မနီးမဝေးမှ လျှောက်လာသောခြေသံကို ကြားရသည်။

ခြေသံက ကန်သင်းပေါ်မှ မြက်များကို နင်းလျှောက်လာခြင်းဖြစ်၏။

မိမိကဲ့သို့ ငါးရှာသူတစ်ယောက် ဖြစ်မည်ထင်သဖြင့် လှည့်ကြည့်လိုက်တော့ မည်းမည်းသဏ္ဌာန်တစ်ခုကို တွေ့ရသည်။ လျှောက်လာသူထဲမှာ မီးအုပ်ဆောင်း မပါသောကြောင့် သဲသဲကွဲကွဲတော့ မမြင်ရပေ။

မနီးမဝေး ရောက်တော့ ဆံပင်ဖားလျား ချထားသည့် မိန်းမတစ်ယောက်မှန်း သိလိုက်သည်။

"ဘယ်သူလဲ"

နီမောင်က စိတ်ကို တင်းပြီး လှမ်းမေးလိုက်သည်၊

"ငါပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆိုတာ ဘယ်သူလဲ"

"ရင်မေပါ"

"ဟင်. . ."

နီမောင်စိတ်ထဲမှာ နည်းနည်းတော့ ကြောက်သွားမိသည်။ သို့သော်လည်း ယခုအချိန်ရောက်မှတော့ ထွက်ပြေးလို့လည်း မဖြစ်တော့သဖြင့်. . ဖြစ်ချင်ရာဖြစ်စေတော့ဟု သဘောထားကာ စိတ်တင်းထားလိုက်သည်။

"နင် ဘာလာလုပ်တာလဲ၊ ငါ့ကို မနှောင့်ယှက်နဲ့နော်"

"နင့်ကို နှောင့်ယှက်မလို့ မဟုတ်ပါဘူး၊ ကွင်းပိုင်ကြီးက နင်တို့ကို အကူအညီပေးဖို့ လွှတ်လိုက်တာနဲ့ ငါလာခဲ့တာပါ"

ဟုပြောသဖြင့်. . . နည်းနည်းတော့ စိတ်သက်သာရာ ရသွားလေသည်။

"နင်က အခု ဘယ်ရောက်နေတာလဲ"

"ကွင်းပိုင်ကြီးလက်ထဲမှာပဲ ရှိနေသေးတယ်"

"ငါ့ကို ဘယ်လိုအကူအညီပေးမှာလဲ"

"ငါးများများရအောင် အကူအညီပေးမှာပေါ့"

"ဒီလိုဆိုရင်တော့လည်း ကောင်းတာပေါ့ဟာ"

"ဒါပေမယ့် ငါ့ကိုလည်း ကျွေးရမယ်နော်၊ သေပြီးကတည်းက ဝမ်းဝအောင် မစားရတာ ကြာပြီ"

"ငါးရရင် ကျွေးမယ်"

"ဒါဖြင့် ဟိုရိုးဖျားဘက်ကို သွားကြမယ်၊ အဲဒီဘက်မှာ ငါးပတ်အုပ်တစ်အုပ် ငါတွေ့ထားခဲ့တယ်"

"အေး. . . သွားမယ်၊ ဒါပေမယ့်. . နင် ရှေ့ကတော့ မသွားနဲ့၊ ငါ့နောက်ကပဲ လိုက်ခဲ့ပါ"

"အေးပါ"

ဟုပြောပြီး သူမပြောသော ရိုးဖျားဘက်သို့ သွားလေသည်။ ထိုနေရာမှာ ညီနောင်လေး ချောင်းဖျားဘက်တွင် ရှိပြီး တိုင်းတောများ ရှိသည်။

ဘာကြောင့်မှန်း မသိရသော်လည်း ထိုနေရာကိုတော့ အခြားငါးရှာသူများ သိပ်မလာကြပေ။

နီမောင်က ရှေ့ကသွားနေပြီး ရင်မေက နောက်မှ လိုက်လာသည်။

ပုံသဏ္ဍာန် သဲသဲကွဲကွဲ မမြင်ရသော်လည်း ခြေသံကိုတော့ ကြားနေရသည်။

ကြားရသောခြေသံမှာ လူတစ်ယောက် ခြေသံအတိုင်းပင် ဖြစ်နေသောကြောင့် မကြာခဏ လှည့်ကြည့်ရလေသည်။ ထိုသို့ကြည့်သောအခါ သူ့အနောက်ဘက် မနီးမဝေးနေရာမှ လိုက်လာသော မည်းမည်းသဏ္ဍာန်ကိုသာ ဝိုးတဝါး တွေ့ရလေသည်။

အတန်ကြာတော့ ညီနောင်ရိုးဖျားဘက်သို့ ရောက်လာသည်။ ထိုနေရာတစ်ဝိုက်မှာ ဗျိုက်တောများ ရှိသော်လည်း ရေကမနက်လှပေ။






www.burmeseclassic.com

www.burmeseclassic.com



တစ်ပေနှစ်ပေလောက်သာ အနက်ရှိသောကြောင့် မီးရောင်ဖြင့် ထိုးကြည့်လျှင် အောက်ခြေအထိ မြင်နိုင်လေသည်။ ကိုင်းပင်နှင့် ရိုးပြတ်များကြားမှာ ကူးခတ်သွားလာနေသော ငါးအချို့ကို တွေ့ရသည်။

ရင်မေ ပြောသလို ငါးပတ်အုပ်များကိုတော့ မမြင်ရသေး။

"နင်ပြောတဲ့ ငါးပတ်အုပ်ဆိုတာ ဘယ်နေရာမှာလဲ"

"ဟိုဘက်နားမှာ ရှိတယ်၊ နင်က ဒီနေရာက အဆင်သင့်စောင့်နေ၊ ငါးအုပ် ဒီဘက်ရောက်လာအောင် ငါမောင်းလာခဲ့မယ်"

ဟုပြောကာ ကိုင်းတောထဲ တိုးဝင်သွားသော မည်းမည်းသဏ္ဌာန်ကို မြင်လိုက်ရသည်။ နောက်တော့ ကိုင်းပင်များ လှုပ်နေသည်ကိုသာ ဝိုးတဝါး မြင်ရတော့သည်။

အတန်ကြာတော့ ကိုင်းတောအတွင်းမှ ခြောက်လှန့်မောင်းနှင်နေသောအသံများ ကြားရသည်။

ထိုအသံများက တဖြည်းဖြည်းနှင့် နီးလာလေသည်။

နီမောင်ကတော့ ရေပြင်ရှိရာသို့သာ ကြည့်နေသည်။ လက်ထဲမှာလည်း မီးအုပ်ဆောင်းက တစ်ဖက်၊ မှိန်းကတစ်ဖက်ကိုင်ထားရင်း အဆင်သင့် စောင့်နေသည်။ အတန်ကြာတော့ ကိုင်းတောအတွင်းမှ ငါးများ အပြင်သို့ ထွက်လာသည်။

မီးရောင်ဖြင့် ထိုးကြည့်လိုက်တော့ ငါးပတ်အုပ်ပင် ဖြစ်





ာ့သည်။

ငါးပတ်များမှာ အကောင်အရေအတွက် အတော်များသည်။ ရေတိမ်ပိုင်းဖြစ်သောကြောင့် အချို့ငါးများက တစ်ဘက်တစ်ပျက် ပေါ်နေလေသည်၊

ငါးအုပ်က သူရှိရာဘက်သို့ ကူးလေရာ အနီးရောက်ည်နှင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ. . အကြီးဆုံးကောင်များကို ရွေးပြီး ရေလွတ်သော ကန်သင်းပေါ်သို့ ပစ်င်လေသည်။

အကောင်အရေအတွက်ကလည်းများ၊ အရွယ်အစားလည်း စုံလှသောကြောင့် မည်သည့်အကောင်ကို ထိုးရမှန်းသိအောင် ဖြစ်နေတော့သည်။

ငါးများ မိတ်လိုက်ချိန်(ငါးရစ်တက်ချိန်)ဖြစ်သောကြောင့်ရောင်ကို မြင်သော်လည်း ကြောက်လန့်ခြင်း မရှိဘဲ အတင်းင်လာကြရာ အချို့မှာ ခြေထောက်အနားသို့ပင် ရောက်လာသည်။

သို့ကြောင့် အကောင်ကြီးများကိုသာ ရွေးပြီး အပေါ်ပစ်င်ထားလိုက်သည်။

ရှေ့မှာ ဇောကပ်နေသဖြင့် နောက်မှာ ဘယ်နှစ်ကောင်င်ထားမိမှန်းပင် မသိတော့ပေ။ ခဏကြာတော့ သူ့နောက်က်မှ အသံကြားရသည်။

"ငါးတွေ ရပြီဆိုတော့ ငါစားရတော့မလား"



www.burmeseclassic.com

www.burmeseclassic.com



"စား. . . စား. ."

နီမောင်က လှည့်မကြည့်တော့ပဲ ပြောလိုက်သည်။ သူထင်ထားတာက ရင်မေတစ်ယောက်တည်း ထိုင်စားနေလိမ့်မည်ဟု ထင်သော်လည်း မဟုတ်ပေ။ သူက ပြီးစလွယ်သဘောဖြင့် စား. . စား. . ဟု ပြောလိုက်ရာ အနီးပတ်ဝန်းကျင်မှာ ရှိနေသော သရဲသဘက်များကပါ ဆင်းလာပြီး ဝိုင်းစားကြလေတော့သည်။

နီမောင်ကတော့ မသိရှာပေ။

ရှေ့မှာ ဇောကပ်နေသောကြောင့် နောက်မှ အဖြစ်အပျက်ကို မသိရှာဘဲ ရှေ့မှာ တွေ့နေသောငါးများကို တစ်ကောင်ပြီးတစ်ကောင် မှိန်းဖြင့်ထိုးပြီး နောက်သို့ ပစ်တင်လေသည်။

နောက်ဆုံး ငါးအုပ်ရှင်းသွားတော့မှ ငါးထိုးခြင်းကို ရပ်လိုက်တော့သည်။

သူလည်း အတော်မောသွားလေပြီ။

"ငါးတွေ မနည်းဘူး၊ ဒီလောက်များတဲ့ငါးတွေကို အိမ်ကို ဘယ်လိုသယ်ယူရမှန်းတောင် မသိဘူး"

ဟု ကျေနပ်စွာ တွေးတောပြီး ကန်သင်းပေါ် ပြန်တက်လာလေသည်။

ထိုအချိန်တွင် သူ့ပတ်ဝန်းကျင်မှာ. . ရင်မေ၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ပေ။

ဟိုဟိုဒီဒီ ကြည့်တော့လည်း ဘာမှမရှိတော့ပေ။





ငါးများ ပုံထားသောနေရာသို့ လှမ်းကြည့်လိုက်တော့ တစ်ကောင်မှ မရှိတော့ပေ။

"ဟင်. . . ငါထိုးတင်ထားတဲ့ ငါးတွေ ဘယ်ရောက်ကုန်ပြီလဲ"


ဟု တွေးရင်း ထိုနေရာသို့ သွားကာ မီးရောင်ဖြင့် ထိုးကြည့်လိုက်ရာ ငါးရိုးအချို့က ကျန်ခဲ့ပြီးတော့ ငါးတစ်ကောင်မှ မကျန်ခဲ့တော့ပေ။

(မကောင်းသော မိစ္ဆာများနှင့် အဖော်ပြုမိသောအခါ ၎င်းတို့ထံမှရသော ကောင်းကျိုးက အနည်းငယ်မျှသာရှိပြီး၊ မိမိအတွက် မကောင်းကျိုးများစွာတို့သာ ရနိုင်ကြောင်း) နီမောင် စိတ်ထဲမှာ တွေးလိုက်မိပါသော်လည်း နောက်ကျသွားခဲ့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

# ဘိုကလေးမြို့နှင့် ဆန်းကြယ်မှုများ

နီမောင်ဘဝ ဖြတ်သန်းခဲ့ရာ ခရီးကြမ်းတစ်လျှောက်တွင် ဘိုကလေးမြို့သည် အမိကကျသော အစိတ်အပိုင်းနေရာ တော်တော်များများတွင် ပါဝင်ခဲ့လေသည်။

(၁၉၆၅)ခုနှစ် ပတ်ဝန်းကျင်တွင် နီမောင် မိဘများက သူကြီးတစ်စင်းနှင့် ဗိုလ်ကလေး(ယခု ဘိုကလေး)မြို့၌ ရှိသော ဆွေမျိုးသားချင်းများရှိရာသို့ ရွှေ့ပြောင်းခဲ့ရာမှ မော်ကျွန်းမြို့မှ



www.burmeseclassic.com

www.burmeseclassic.com



ဘိုကလေးမြို့သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

ထိုအချိန်က မိဘများမှာ ဆင်းရဲကြသောကြောင့်. . . ကြုံရာအလုပ်လုပ်ကာ အသက်မွေးဝမ်းကျောင်း ပြုခဲ့ကြရသည်။

နီမောင်မှာလည်း မိဘများခေါ်ရာ လိုက်ခဲ့ရသောကြောင့် ကျောင်းပညာကို ပြီးဆုံးအောင် မသင်ရတော့ပေ။

ဘိုကလေးမြို့သည် မြစ်ဝကျွန်းပေါ်မြို့များထဲမှာ စည်ကားသောနေရာတစ်ခု ရှိသည်။

ရန်ကုန်မြို့မှလာသော သင်္ဘောများမှာ ဘိုကလေးမြို့မှာ ခရီးတစ်ထောက်နားပြီး ပင်လယ်ပိုင်းဒေသများသို့ ခရီးဆက်ခဲ့လေသည်။

ဘိုကလေးမြို့မှာ ရေခံမြေခံကောင်းသည့် အားလျော်စွာ အနုပညာရှင်အတော်များများလည်း ထွက်ကြလေသည်။

ဗိုလ်ကလေးဦးသက်ရွှေ၊ ဗိုလ်ကလေးဦးကြွယ်၊ ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်မောင်ကိုကို၊ ဂျာနယ်ကျော်မမလေးတို့မှစပြီး ယနေ့အချိန်ထိ အနုပညာနယ်ပယ်မှာ အောင်မြင်နေကြသူများလည်း ရှိကြသည်။

ထိုအထဲတွင် ကျော်ရဲအောင်၊ မင်းအုပ်စိုး၊ အေသင်ချိုဆွေနှင့် စာရေးဆရာ ကျော်နန္ဒအောင်တို့လည်း ပါဝင်သည်။ အချို့ကား ဘိုကလေးမြို့မှာ မွေးဖွားသူ မဟုတ်သော်လည်း ဘိုကလေးမြို့မှာ အနေကြာသောကြောင့် ဘိုကလေးမြို့ အမည်ခံသူအချို့လည်း ရှိပေသည်။





ဘိုကလေးမြို့မှ ထွက်သော အနုပညာရှင်များထဲတွင် ဂီတလောကတွင် ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင် မောင်ကိုကို၊ တေးရေးဆရာ နှောင်နှောင်(ဆန်းဖလားဝါး)တို့ ထင်ရှားခဲ့ကြပြီး အခုနောက်ပိုင်းမှာတော့ အေသင်ချိုဆွေတို့ ပေါ်ပေါက်လာသည်။

ရုပ်ရှင်လောကမှာလည်း ကျော်ရဲအောင်တို့ နာမည်တစ်လုံး ရခဲ့ပြီးနောက်ပိုင်း မင်းအုပ်စိုးတို့လို လူရွှယ်များ ပေါ်ပေါက်ခဲ့သည်။

စာပေလောကမှာ ဗိုလ်ကလေးဦးကြွယ်ကဲ့သို့ ဗေဒင်ပညာနှင့်ပတ်သက်ပြီး လူသိများ ထင်ရှားရုံသာမကဘဲ ကျမ်းပြုပညာရှင်များ ပေါ်ပေါက်ခဲ့သည်။

ဗိုလ်ကလေးဦးကြွယ် ရေးသားခဲ့သော ရန်ပြေမာန်ပြေအောင်စကြာစေတီတော်မြတ်ကြီးနှင့် ဗိုလ်ကလေးမြို့သမိုင်းစာအုပ်မှာ နောက်လူတို့ လေ့လာစရာကောင်းသော စာအုပ်ပင်ဖြစ်သည်။

ဗိုလ်ကလေးမြို့သားစစ်စစ် မဟုတ်ပါဘဲ ဗိုလ်ကလေးဆိုသောအမည်ကို ကလောင်နာမည်ရှေ့မှာ တပ်ပြီး အသုံးပြုသောပုဂ္ဂိုလ်မှာ ဗိုလ်ကလေးဦးသက်ရွှေပင် ဖြစ်ပါသည်။

ဗိုလ်ကလေးဦးသက်ရွှေသည် ဗိုလ်ကလေးမြို့သား မဟုတ်သော်ငြားလည်း ဗိုလ်ကလေးမြို့ကို သံယောဇဉ်ကြီးသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်နေသော ၎င်း၏အကြောင်းကို ရေးသားဖော်ပြပေးလိုပါသည်။

ပခုက္ကူခရိုင်၊ ပခန်းကြီးမြို့၊ အနောက်ပြင် မြေခဲတောင် (၁၂)ရွာတွင် အပါအဝင် 'သာယာကုန်းရွာ'ကား ဆရာကြီးဦးသက်ရှေ၏ ဖွားရာ ဇာတိပင်ဖြစ်ပေသည်။

ဆရာကြီးဦးသက်ရှေ၏ဖခင်မှာ ထန်းတောများ၊ လယ်ယာများကို ပိုင်ဆိုင်သူ ကုန်သည်ဦးဖဲဖြစ်၍ မိခင်မှာ ဒေါ်မုန်းဖြစ်သည်။

သက္ကရာဇ်(၁၂၇၇)ခုနှစ်၊ တန်ခူးလဆန်း(၅)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်(၇း၀၀)နာရီအချိန်တွင် ဆရာကြီးဦးသက်ရှေကို ဖွားမြင်ခဲ့သည်။

ဦးသက်ရှေသည် ငယ်စဉ်ကပင် မန္တလေးမြို့တွင်ရောက်နေလျက် အသက်(၁၀)နှစ်သားအရွယ်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်၊ အိုးဖိုရပ်၌ အဘိုးအဘွားများနှင့်အတူ လာရောက်နေထိုင်ကာ အင်္ဂလိပ်ကျောင်းတွင် တက်ရောက်သင်ကြားခဲ့သည်။

(၁၅)နှစ်သားအရွယ်တွင် အင်္ဂလိပ်ကျောင်း၌ (၆)တန်းအောင်မြင်ခဲ့သည်။

ဦးသက်ရှေသည် ငယ်စဉ်ကပင်လျှင် ကဗျာ ဂီတ စပ်ဆိုသီကုံးမှုတွင် ဓလေ့ဝါသနာထုံသူဖြစ်သည်။

အင်္ဂလိပ်ကျောင်းမှာ နေစဉ်(၁၄)နှစ်သားအရွယ်ကပင်လေးချိုးများကို စပ်ဆိုနိုင်ခဲ့ပေသည်။





'ညာပျိုဆွေ အသရေ ရှိသူကြောင့်၊
စာကိုလေ ဖေမကြည့်ချင်ဘူး၊
ခွေရိပါလို့ ယိမ်းယိုင်ကာ။ ။
ခင်ယမင်းရဲ့ အင်ထရင့်၊ ထင်လင်းစွာ တစ်ဖေ
ပေါက်တဲ့ပြင်၊
'အက်(ဖ)အေ' , 'ဘီအေ' ရောက်စေဟု
တွေးထောက်စိတ်မှာ။ ။
နုအပျို, လေးလုံမ ရယ်ကြောင့်၊
ယခုလို ဆွေးဟန် ခ,လျှင်တော့၊
ရေးကြံရ အနိုင်သာ၊
ပရိုင်မာကို မှ ကုန်ပါ့မလား ။ ။
ယှက်ထွေးရယ်နှောင်၊
လက်ရေးတောင်, ဖေမရေးချင်ဘူး၊
နေအေးအောင် ဆုအမှန်တောင်းမိတော့၊
နစ်ကလောင်ကို ပစ်ရှောင်လွှဲတဲ့ပြင်၊
မင်အိုးကို ပေါက်ကာခွဲချင်ပေါ့။
ပုလဲတမျှ , ညက်ပျိုကတိုးရဲ့၊
မစဲခဏ ရမက်ပို၍ ဖြိုးတာကြောင့်၊
'အက်(စ)အို-ဆိုး' 'ဂျီအို-ဂိုး' တို့ကို
သင်ကျိုးနပ်အောင် နေရတော့တာပါကလား။ ။

ဦးသက်ရှေ အသက်(၁၅)နှစ်သားအရွယ်တွင် ပုဇွန်



www.burmeseclassic.com

www.burmeseclassic.com



တောင်၊ ဆားလင်းကျောင်းတိုက်၌ ရှင်သာမဏေပြုပြီး မြန်မာစာပေကို လေ့လာသင်ကြားရာ တစ်နှစ်အတွင်းမှာပင် ရှင်ကျင့်ဝတ်၊ သေခိယ(၇၅)ပါး၊ ပစ္စဝက္ခဏ(၄)ပါး၊ လိင်(၁၀)ပါး၊ ဒဏ်(၁၀)ပါး၊ စုဒ္ဒသ ခန္ဓကာဝတ်(၁၄)ပါး၊ မင်္ဂလာသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရပရိတ်ကြီး(၁၁)သုတ်၊ သဒ္ဒါကြီး(၈)စောင်၊ သင်္ဂြိုဟ်(၉)ပိုင်း၊ ပဋ္ဌာန်းကျမ်းကြီးတို့ကို တစ်နေ့လျှင် စာဝါနှစ်ဝါ တက်၍ ပါဠိအနက်နှင့်တကွ နှုတ်ရ အာဂုံဆောင်ပြီးလျှင် ရုပ်-သရုပ်တို့ကိုပါ တွက်ချက်ခွဲဝေနိုင်ခဲ့သည်။

ဆရာတော်ကြီးက ကိုရင်ကို သင်္ကန်းတစ်စုံနှင့် ထီးဖိနပ်များကို ချီးမြှင့်တော်မူသည်။

ကိုရင်သည် သက္ကရာဇ်(၁၂၅၃)ခုနှစ်(အသက် ၁၆ နှစ်အရွယ်)တွင် မော်လမြိုင်မြို့၌ ကျင်းပသော ပရိယတ္တိ စာပြန်ပွဲကို ဝင်ရောက်ပြန်ဆို အောင်မြင်ခဲ့သည်။

ထို့နောက် ကိုရင်ဘဝမှ လူထွက်ခဲ့သည်။

ဦးသက်ရွှေ (၁၈)နှစ်သားအရွယ်တွင် ကွက်စိပ်မြို့အုပ် (မြေတိုင်းမြို့အုပ်)ဦးဖြူစံ၏ရုံးတွင် မြေပုံကူးစာရေးအဖြစ် လုပ်ကိုင်နေစဉ် အင်ဂျင်နီယာအရေးပိုင် ဦးဖိုးသောင်၏ရုံးသို့ ပြောင်းရွှေ့၍ ပုံထုတ်-ပုံကူးစာရေးအဖြစ် လုပ်ခဲ့သည်။

ထို့နောက် ပုသိမ်မြို့နှင့် ကျုံပျော်မြို့သို့ ပို့သော ကူးတို့သင်္ဘောတွင် စာရေးလုပ်နေစဉ် ယခင်က သိက္ခမ်းရင်းဖြစ်သော





ဘယ်ဝန် မစ္စတာဟက်တောက်က မန္တလေးမြို့သို့ ခေါ်ယူသဖြင့် မြေပုံကူးစာရေးအဖြစ်ဖြင့် ဝင်ရောက်လုပ်ကိုင်ရင်း မြေတိုင်းစာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့သည်။

ထို့နောက် တောင်တိုင်းဗိုလ်နှင့်အတူ ပခုက္ကူခရိုင် ပခန်းကြီးနယ်၊ ယောနယ်၊ ဆောနယ်များရှိ တောင်များကို တိုင်းတာရသည့် တောင်တိုင်းစာရေးအဖြစ် လုပ်ကိုင်ပြန်လေသည်။

တောင်တိုင်းစာရေးအလုပ်မှ ထွက်ပြီး မဲဇာ-ရွှေလီနယ်သို့တက်ပြီး သစ်အလုပ်ကို လုပ်ကိုင်လျက် ကျိုက်ပိမြို့၌ လွှဆောင်နေစဉ် (၁၂၆၇)ခုနှစ်တွင် ဘိုကလေးမြို့မှ ပစ္စည်းဥစ္စာကြွယ်ဝသော လယ်မြေပိုင်ရှင်တစ်ဦး၏သမီးနှင့် အိမ်ထောင်ပြု၍ ဘိုကလေးမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

ထိုအခါတွင် ရန်ကုန်မြို့၏သူဌေးတစ်ဦးနှင့် ဆက်သွယ်၍ စပါးအလုပ်ကိုလည်း လုပ်ကိုင်ခဲ့သေးသည်။

၎င်းနောက် ပုသိမ်တောင်ရိုးတွင် သစ်အလုပ်လုပ်ခြင်း၊ ဘိုကလေးမြို့တွင် ဓါတ်ပုံကူးဌာန ဖွင့်လှစ်လုပ်ကိုင်ခြင်း စသောအလုပ်အမျိုးမျိုးတို့ကို ဆက်တိုက်လုပ်ကိုင်ခဲ့ပြန်သည်။

ဤသို့ လုပ်ငန်းစုံလင်သဖြင့် ဦးသက်ရွှေသည် အတွေ့အကြုံ၊ အကြားအမြင်၊ ဒေသန္တရ ဗဟုသုတ၊ ဘာသန္တရ ဗဟုသုတ စသည်များ ပြည့်ဝခိုင်ဖြိုးသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပေသည်။

ပထမကမ္ဘာစစ်ကြီးပြီး၍ ဝံသာနုခေတ်တွင် ဦးသက်ရွှေကိုယ်တိုင် တရားဟောပြောကာ ဝံသာနုအသင်းများဖွဲ့စည်း၍



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ခဲ့ရာ ဘိုကလေးမြို့နယ်တွင် အသင်းပေါင်း(၁၅၀)ကျော် တည်ထောင်နိုင်ခဲ့ပြီး လူခွန်မပေးရေး ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ခဲ့သည်။

သို့ဖြစ်သောကြောင့် ဦးသက်ရှေ ပေးရမည့် လူခွန်. . (၁၂-၈)အတွက် ငွေ(၃၀၀)ကျော်တန် စားပွဲ၊ ဗီရို၊ ခါတ်ပုံကီရိယာများကို အစိုးရက လေလံတင် ရောင်းချခြင်း ခံရဖူးလေသည်။

ဦးသက်ရှေသည် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတည်းဟူသော မဏ္ဍိုင်ကြီး(၄)ခုအတွက် စွမ်းစွမ်းတမံ မထောက်မညာ ဆောင်ရွက်ခဲ့သည့်ပြင် တိုင်းပြုပြည်ပြု ဆောင်းပါးပေါင်း(၃၀၀)ခန့်မျှကို သတင်းစာ အစောင်စောင်တို့တွင် ထည့်သွင်းခဲ့သည်။ သို့ဖြစ်၍ ထိုခေတ်အစိုးရက ဦးသက်ရှေအား ထောင်ဒဏ်တစ်လခွဲ အပြစ်ပေးခဲ့သည်။

(၁၂၈၈)ခုနှစ်တွင် ဦးသက်ရှေသည် ရန်ကုန်မြို့သို့ပြောင်းရွှေ့ကာ လန်ဒန်အတ်မဂ္ဂဇင်း အယ်ဒီတာချုပ်အဖြစ်ဖြင့်လည်းကောင်း၊ လန်ဒန်အတ်ရုပ်ရှင်ကုမ္ပဏီတွင် ဒါရိုက်တာမှူးအဖြစ်ဖြင့် ၎င်းဆောင်ရွက်စဉ် အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသသို့ ရုပ်ရှင်အဖွဲ့သားများကို ခေါင်းဆောင်၍ သွားရောက်ကာ. . မြတ်စွာဘုရားသခင်နှင့် စပ်လျဉ်းသည့် ဌာနမှန်သမျှတို့ကို ရိုက်ကူးလျက် 'ဝါတော်စဉ်' ဟူသောအမည်ဖြင့် ရုပ်ရှင်ကားပြသခဲ့လေသည်။

၎င်းပြင် ဦးသက်ရှေသည် ဒီးဒုတ်ဂျာနယ်အဖွဲ့ဝင် အယ်





တာတစ်ဦးအဖြစ်ဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာနှစ်ဝအကျိုးဖြစ်မည့် ဝတ္ထု၊ ပုံပြင်၊ ရာဇဝင်၊ ထုံးနည်းများ၊ ကဗျာင်္ကာများ၊ 'ဂွက်သာ' အခန်း၊ 'လူပျိုကြီး' အခန်း၊ 'ဂျိုးဂျာ' အခန်းသည်များတွင် နာမည်ရင်းဖြင့်လည်းကောင်း. .၊ ကလောင်မည် အမျိုးမျိုးဖြင့်လည်းကောင်း ရေးသားကာ စာပေ၏ဝန်ကိုတ်နိုင်သမျှ ထမ်းဆောင်ခဲ့ပေသည်။

ဆရာကြီးဦးသက်ရှေကား ပညာတတ် စာကျော်ပေမော်မိုးမှ ဆင်းသက်ဆက်နွယ်ခဲ့သူ ပုဂ္ဂိုလ်ကြီးပင်ဖြစ်သည်။

ဝိနည်းငါးကျမ်းကို မြန်မာအနက် ပြန်ဆိုတော်မူသောမင်ဆရာတော်ကြီးမှာ ဦးသက်ရှေ၏ဘေးတော်ဖြစ်သည်။

သုဒဿန လင်္ကာရ မဟာကဝိဓဇ ဓမ္မရာဇာဓိ ရာဇဂုရုဆိပ်တော်ရ မန္တလေးစံကျောင်း သာသနာပိုင် ဆရာတော်ကြီး ဦးသက်ရှေ၏ဘိုးတော်ဖြစ်သည်။

ယင်းသို့ မျိုးရိုးဗီဇ ချွန်မြထက်သန်သူဖြစ်သည့်အတိုင်းမျိုးအထွေထွေသော စာပေဆောင်းပါး၊ ကဗျာလင်္ကာများသားခဲ့သည်။

ဦးသက်ရှေသည် စာပေဆောင်းပါး၊ ကဗျာလင်္ကာများင်. . .

(၁) နတ်ပြည်တက်လမ်း
(၂) မြန်မာသတ်ညွှန်းနှင့် ပါဠိတွဲသတ်ညွှန်း
(၃) ကဗျာရေးပုံနည်းမျိုးစုံ



www.burmeseclassic.com

www.burmeseclassic.com



(၄) လူရေးလူရာ မင်္ဂလာမှတ်စုကျမ်း စသော ကျမ်းပေါင်းများစွာကို ရေးသားပြုစုခဲ့သည်။

(မူရင်းသတ်ပုံအတိုင်း ရေးသားဖော်ပြပေးခြင်းဖြစ်ပါ သည်။)

ဆရာကြီး ဗိုလ်ကလေးဦးသက်ရှေမှာ စာပေအရေးအ သားမှာ စံပြုထိုက်သူတစ်ဦး ဖြစ်သည့်အပြင် မျိုးချစ်စိတ် ပြင်း ထန်သူတစ်ဦးလည်း ဖြစ်ပါသည်။

ထို့အတူ စာပေလောကမှာရော. . ဆေးပညာ(မာတ် ပညာ)လောကမှာ ပါဝင်ထင်ရှားကျော်ကြားသူမှာ 'ဂျာနယ် ကျော်မမလေး' ပင် ဖြစ်သည်။

ဒေါ်မမလေး နေထိုင်ခဲ့ရာနေအိမ်(ယခင်က ဒေါ်ဆင် ဘဏ်)မှာ ယခုတိုင် ဘိုကလေးမြို့၌ ရှိပေသေးသည်၊

ဘိုကလေးမြို့သည် ရေခံမြေခံကောင်းသောဒေသ ဖြစ် သည်နှင့်အညီ ထင်ရှားသောအနုပညာရှင်များ ထွက်ပေါ်ခဲ့ရာ အရပ်ဒေသလည်းဖြစ်သည်။

ထို့ပြင် ရှေးသမိုင်းဟောင်းနှင့် သက်ဆိုင်သော စိတ်ဝင် စားစရာ အကြောင်းအရာများစွာတို့လည်း ရှိကြလေသည်။

အောင်စကြာ၊ တောင်လက်ျာ၊ မျောက်တစ်ရာ စသော စေတီသုံးဆူတို့၏သမိုင်းကွင်းဆက်များကို လေ့လာကြည့်မည် ဆိုပါက ဂမ္ဘီရဆန်သောအဖြစ်အပျက်များ ပါဝင်သည်ကို တွေ့ရ မည်ဖြစ်သည်။





ဘိုကလေးမြို့သမိုင်းမှာလည်း ရှေးသမိုင်းများနှင့် ဆက် နွယ်လျက်ရှိသည်။

ဘိုကလေးမြို့သည် အောက်မြန်မာနိုင်ငံ၊ ဧရာဝတီတိုင်း ဖျာပုံခရိုင်အတွင်းရှိ ဘိုကလေးမြို့နယ်၏ ရုံးစိုက်မြို့ဖြစ်သည်။

ခုနှစ်ညင်းတန်းမြစ်နှင့် ကျိုက်ပိမြစ်တို့ ပေါင်းဆုံရာအရပ် ၌ ခုနှစ်ညင်းတန်းမြစ်၏ မြစ်ကွေ့လက်ဝဲဖက် ကမ်းပေါ်တွင် မြို့တည်ထားသည်။

မြစ်အကွေ့ပေါ်၌ တည်ထားသောမြို့ဖြစ်၍ မြစ်ကို နှစ်ဖက် မျက်နှာစာပြုထားသော မြို့ဖြစ်သည်။

ပင်လယ်ကမ်းရိုးတန်းမြို့နယ်အတွင်း၌ ရှိသော ဘို ကလေးမြို့သည် ပင်လယ်မှ (၄၃)မိုင်ခန့် ကွာဝေးသည်။ ဖျာပုံ ခရိုင်အတွင်း လူဦးရေအများဆုံးနှင့် အရောင်းအဝယ် အစည် ကားဆုံးမြို့ဖြစ်လေသည်။

ဗိုလ်ကလေးဦးကြွယ် ရေးသားသည့် 'ရန်ပြေမာန်ပြေ' အောင်စကြာ စေတီတော်မြတ်ကြီးနှင့် ဗိုလ်ကလေးမြို့သမိုင်း' စာအုပ်တွင် ယခု ဘိုကလေးမြို့နယ် မြင်းကကုန်း၏ အရှေ့ မြောက်ယွန်းယွန်း ခုလံချောင်းနှင့် မရဲ့ချောင်း၏အတွင်းတွင် မြို့စားကြီး ဗညားဇေယျ အုပ်ချုပ်သော ကျုံတုံးခေါ် မွန်မြို့ကြီး တစ်မြို့ ရှိခဲ့သည်ဟု ဖော်ပြထားသည်။

သက္ကရာဇ် ၁၁၁၉(၁၇၅၇)တွင် ပဲခူးဟံသာဝတီမွန် နေပြည်တော်ကြီးသည် မြန်မာမင်း ဦးအောင်ဇေယျလက်သို့



www.burmeseclassic.com

www.burmeseclassic.com



ကားရောက်ပြီး မိမိ၏အရှင်သခင် မွန်ဘုရင်အရေးနိမ့်ကြောင်းကြားသိရသောအခါ မြို့စားကြီးဗညားဇေယျသည် ကျုံတုံးမြို့ကြီးတို့ မြေလုန်မီးရှို့ဖျက်ဆီးပြီး နောက်လိုက်နောက်ပါ အခြွေအရံတို့နှင့်အတူ ခုန်ညင်းတန်းမြစ်အတိုင်း အောက်ဘက်သို့ စုန်ဆင်းခဲ့သည်။

ယခု ဘိုကလေးမြို့ ဖြစ်မည့်နေရာတွင် ညအိပ်စခန်းချရပ်နားခဲ့ပြီး ရေတပ်မှူးဗိုလ်ကလေးကို စကြာမုနိစာတ်သားဘုရားရှင်ရုပ်တုတစ်ဆူနှင့်အတူ အခြွေအရံအချို့ကိုပါ ထားခဲ့သည်။ သို့ဖြစ်၍ ဘိုကလေးမြို့(ဗိုလ်ကလေးမြို့)ဟု ခေါ်တွင်ခဲ့သည်ဟု ဆိုသည်။

(၁၉၁၂)ခုနှစ် အစိုးရပုံနှိပ်တိုက်မှ ထုတ်ဝေသော ဘားမားဂေးဇက်တီးယား(ဖျာပုံခရိုင်)စာအုပ်တွင် (၁၉၁၁)ခုနှစ် ဘိုကလေးမြို့နယ်၏ မြို့ကျေးရွာများနှင့် လူဦးရေပြ သန်းခေါင်စာရင်းဇယား၌ ဘိုကလေးမြို့နယ်တွင် ရွာပေါင်း(၆၈)ရွာ ပါဝင်ကြောင်း ဖော်ပြထားသည်။

ဘိုကလေးမြို့နယ်သည် ဖျာပုံခရိုင်အတွင်း အနောက်တောင်ဘက်ကျသော မြို့နယ်ဖြစ်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသဖြစ်၍ မြေနိမ့်မြေပြန့်များ ဖြစ်ပြီးလျှင် မြစ်ချောင်းပေါများသည်။

ခုန်ညင်းတန်းမြစ်နှင့် ကျိုက်ပိမြစ်တို့ ပေါင်းဆုံပြီးနောက်တောင်ဘက်သို့ ဆက်လက်စီးဆင်းရာ ထိုအခါတွင် ဘိုကလေး





မြစ်ဟု ခေါ်တွင်၍ ဘင်္ဂလားအော်အတွင်းသို့ စီးဝင်သည်။

ထိုမြစ်သည် ပင်လယ်ပိုင်းသို့ စီးဆင်းရာတွင် အောက်မြန်မာနိုင်ငံ ရေငန်ပိုင်း၌ ထင်ရှားလှသော ရေငန်ပိုင် ဦးရှင်ကြီးနတ်နှင့် စပ်လျဉ်းသည့် ကျွန်းညိုကြီး၊ မိန်းမလှကျွန်း၊ ဆတ်ကျွန်းစသော စိမ်းစိုသာယာသောကျွန်းများကို ဖြတ်သန်းသွားလေသည်။

ဘိုကလေးမြို့၏အနောက်ဘက်တွင် နတ်ချောင်းခေါ်သော ချောင်းကြီးသည် ခုန်ညင်းတန်းမြစ်အတွင်းသို့ စီးဝင်လေသည်။

ဘိုကလေးမြို့နယ်၏ ထက်ဝက်သာသာမျှသော ဒေသများသည် ထင်းတောများဖြစ်ကြသည်။ မြေနုကျွန်းပေါ် ဒေသဖြစ်၍ ကနစို၊ ကြွတ်နံ့၊ ကန့်ပလာ၊ မြင်းကာ၊ ဗျူး၊ လမု စသော ထင်းတောများ ပေါက်ရောက်သည်။

ရှေးအခါက ဘိုကလေးမြို့နယ်၏ အဓိကထွက်ကုန်တစ်မျိုးသည် ထင်းဖြစ်သည်။

ထို့ပြင် မီးသွေးဖုတ်၍ တင်ပို့ရောင်းချသဖြင့် ရန်ကုန်တွင် ဘိုကလေးမီးသွေးကို လူသိများခဲ့သည်။

အခြားအရေးပါသော ထွက်ကုန်မှာ ဆန်စပါးဖြစ်သည်။ မြို့၏ဆင်ခြေဖုံးနှင့် မြို့နယ်အတွင်း ဆန်စက်များစွာရှိသည်။

ဘိုကလေးမြို့နယ်အတွင်းရှိ ပင်လယ်ဆိပ်ကမ်းရွာကြီးများဖြစ်ကြသော ဧရာရွာ၊ အမာရွာ၊ ကဒုံကနိရွာကြီးများမှာငပိ၊



www.burmeseclassic.com

www.burmeseclassic.com



ငါးခြောက်၊ ငံပြာရည် စသော ပင်လယ်ထွက်ကုန်များကို အကြီးအကျယ် လုပ်ကိုင်ခဲ့ကြသည်။

ကိုင်းသောင်၊ သောင်ကတုံး စသော ပင်လယ်ကမ်းနှီးတန်းရှိ သဲသောင်ကြီးများမှ လိပ်ဥများကို မြောက်မြားစွာ ရရှိနိုင်လေသည်။

ဘိုကလေးမြို့နယ်၏ အကျယ်အဝန်းသည် (၁၀၀၉) စတုရန်းမိုင်ဖြစ်၍ ဖျာပုံခရိုင်အတွင်း အကျယ်ဝန်းဆုံးသော မြို့နယ်ဖြစ်သည်။

သူကြီးတစ်ပိုင် ကျေးရွာပေါင်း(၇၆)ရွာ ပါဝင်၍ မြို့နယ်တစ်ခုလုံး၏လူဦးရေသည် (၁၃၁,၁၈၅)ဦး (၁၉၅၆ ခုနှစ် ခန့်မှန်းခြေ သန်းခေါင်စာရင်း)ဖြစ်သည်။

မြို့ပေါ်နှင့် မြို့နယ်အတွင်း နေထိုင်ကြသော လူမျိုးများအနက် ဗုဒ္ဓအယူဝါဒီ မြန်မာလူမျိုးများ၏ဦးရေသည် အများဆုံးဖြစ်ပြီး ကရင်၊ တရုတ်နှင့် အိန္ဒိယလူမျိုးများလည်း ရှိလေသည်။

မြို့နယ်အတွင်း ပူအိုက်စွတ်စိုသော ရာသီဥတု ရှိ၍ မိုးရာသီတွင် မိုးများလေသည်။

မြစ်ချောင်းပေါများသော အရပ်ဒေသဖြစ်၍ မြို့နယ်အတွင်း၌လည်းကောင်း၊ မြို့နယ်မှအပသို့လည်းကောင်း ရေလမ်းခရီးဖြင့် သွားလာကူးသန်းခြင်းကို ပြုလုပ်ကြသည်။

ရန်ကုန်-မော်လမြိုင်ကျွန်းသွား (ပ. ရ. သ. ဖ)အဖွဲ့ပိုင် သင်္ဘောများသည် ဘိုကလေးမြို့နှင့် ဘိုကလေးမြို့နယ်အတွင်းရှိ





မြင်းကကုန်းမြို့ကို ဖြတ်သန်းသွားသည်။

ထိုသင်္ဘောများသည် ကျိုက်လတ်မြို့၌လည်း ရပ်နားသည်။

ဘိုကလေးမြို့သည် ဗြိတိသျှတစ်ခေတ်လုံး ဒိစတြိတ်ကောင်စီအုပ်ချုပ်ရေးဖြင့်သာ ရှိနေခဲ့ရာ. . . (၁၉၅၉)ခုနှစ် ဒီဇင်ဘာလ(၄)ရက်နေ့မှစ၍ မြူနီစီပယ်အုပ်ချုပ်ရေးသို့ ပြောင်းခဲ့သည်။

ဘိုကလေးမြို့တွင် အထက်ပိုင်းနှင့်အောက်ပိုင်းဟူ၍ ရပ်ကွက်များ ခွဲခြားထားသည်။

မြို့ပေါ်၌ အစိုးရဌာနဆိုင်ရာရုံးများ၊ အခြေခံပညာကျောင်းများ၊ ပြည်သူ့ဆေးရုံ၊ ရဲဌာနနှင့် ပညာရေးကောလိပ် (ဆရာအတတ်သင်ကျောင်း)စသော အစိုးရအဆောက်အအုံများ ရှိသည်။ ကြီးကျယ်ထင်ရှားသော အဆောက်အအုံများမှာ သာသနိက အဆောက်အအုံများ ဖြစ်ကြသည်။

ယင်းတို့မှာ စေတီသုံးထပ်ငုံ၍ တည်ထားသော အောင်စကြာစေတီ၊ မြို့လယ်ဘုရားတန်ဆောင်းကြီး၊ အင်္ဂလိပ်ခေတ်ကပင် ငွေ(၃)သိန်းခန့် အကုန်အကျခံကာ ခမ်းနားစွာ ဆောက်လုပ်ထားသော စံကျောင်းခေါ်သည့် စာသင်တိုက်ကျောင်းကြီးနှင့် ဒွာရကျောင်း၊ ကံဦးကျောင်းနှင့် မိတ္တီလာကျောင်းဟူ၍ ကျောင်းကြီး(၄)ကျောင်းအပြင် ကျောင်းငယ်ပေါင်း(၄၀)ကျော်ခန့် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုကလေးမြို့ပြင်အစပ်တွင် (၁၉၅၁)က တူးဖော်ခဲ့သော အလျားပေ(၁,၃၆၀)၊ အနံပေ(၆၃၀)ရှိ မဟာသီလဝံ ကန်တော်ကြီးသည် နွေရာသီအခါ ရေရှားပါးမှု အခက်အခဲကို ဖြေရှင်းပေးသော ဘိုကလေးမြို့၏ကျက်သရေဆောင် ကန်ကြီးလည်း ဖြစ်ပေသည်။

ဘိုကလေးမြို့ အောက်ဘက်သို့ ဆင်းသွားပါက ကျွန်းညိုကြီး၊ မိန်းမလှကျွန်း၊ မျောက်တစ်ရာ စေတီတော်၊ ပြင်ဒရယ်မြို့ဟောင်း စသောနေရာများမှာ ရှေးဟောင်းသမိုင်းဝင်နေရာများ ဖြစ်ကြလေသည်။ နောက်ပိုင်း (၁၃၅၁)မှာ ပေါ်ပေါက်ခဲ့သော သာသနာပြုလုပ်ငန်းတစ်ခုမှာ 'အေးဆုပြည့်အောင်ကုံကော်တစ်ထောင်' သာသနာပြု စခန်းတစ်ခုလည်း အပါအဝင်ဖြစ်သည်။

ဘိုကလေးမြို့သည် ရေခံမြေခံကောင်းသော နေရာဒေသတစ်ခုဖြစ်သလို နီမောင်အတွက်လည်း ဘဝခရီးကြမ်းကို ဖြတ်သန်းခဲ့ရသော နေရာတစ်ခုလည်း ဖြစ်ပေသည်။

ထိုဘဝခရီးကြမ်းများမှာ ဘဝအတွက် လှေကားထစ်များလည်းဖြစ်ခဲ့လေသည်။ ထိုအကြောင်းအရာများကို ဆက်လက်ဖော်ပြပေးမည် ဖြစ်ပါသည်။





# အခန်း(၅)

# ပိုက်ချက်မပြသော တစ်ပွဲစားများ

နီမောင့်မိဘနှစ်ဦးဖြစ်သော ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့တွင် ဒေါ်ကျင်မေက အတန်အသင့် စာတတ်ပြီး . ဦးဘရှိန်က စာမတတ်ရှာပေ။

ထို့ကြောင့် သားသမီးများအား စာသင်ပေးရသောကိစ္စမျိုးကိုလည်း စိတ်မဝင်စားခဲ့ပေ။

မော်ကျွန်းမြို့မှာ နေထိုင်စဉ်က နီမောင်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစာများကို အတန်အသင့် ခရီးပေါက်သည်အထိ သင်ယူနိုင်ခဲ့ခြင်းမှာ အဘိုးအဘွားများက ကူညီစောင့်ရှောက်ပေးခဲ့သောကြောင့်ပင် ဖြစ်သည်။

ထိုအချိန်က ဦးဘရှိန်တို့သည် မော်ကျွန်းမြို့ပေါ်မှာ နေအိမ်ရှိသော်လည်း အိမ်မှာ အမြဲမနေကြပေ။ လှေကြီးကိုသာ အိမ်အဖြစ် အသုံးပြုကာ နေထိုင်ကြလေသည်။

ထိုလှေကြီးမှာ ကျွန်းသားဖြင့် ပြုလုပ်ထားကာ စပါးတင်းတစ်ထောင်ခန့် တင်နိုင်လောက်အောင် ကြီးမားသောလှေမျိုးဖြစ်သည်။

မော်ကျွန်းမှာ နေထိုင်စဉ်က ဦးဘရှိန်သည် အလုပ်သမားလေးငါးယောက် ငှားရမ်းပြီး သစ်တောများအတွင်းသို့ သွားကာ ထင်းဖြတ်သည်။

ရင်းတို့ ဖြတ်သော ထင်းအမျိုးအစားမှာ ကနစိုသစ်တုံးများပင်ဖြစ်သည်။

တစ်ခေါက် တောသို့ဆင်းသွားလျှင် (၁၅)ရက်၊ ရက် (၂၀)ခန့်ကြာမှ လှေလေးပြီး မြို့သို့ ပြန်ရောက်ကြသည်။

ထိုအချိန်က မိဘများ သစ်တောဆင်းသွားပါက. . နီမောင်က အဘိုးအဘွားများနှင့်နေခဲ့ပြီး ကျောင်းတက်သည်။ နီမောင်၏အဘိုးဖြစ်သူ ဦးဖူးညိုက နီမောင်ကို ချစ်သောကြောင့် အစစအရာရာ လုပ်ကိုင်ပေးသည်။

"ပညာတတ်အောင်သင် ငါ့မြေးရဲ့၊ မင်းပညာမတတ်ရင်





မင်းမိဘတွေလို သစ်တောထဲဆင်းပြီး ပင်ပန်းလိမ့်မယ်"

ဟု ဆုံးမသည်။

ဦးဘရှိန်ကတော့ နီမောင် ပညာသင်နေသည်ကို စိတ်မဝင်စားပေ။

တစ်ခါတလေ ပင်ပန်းလာလျှင်ပင် ထိုသို့ပြောသည်။

"ပညာသင်နေလို့ ထမင်းမစားရပါဘူးကွာ၊ တောဆင်းပြီး ထင်းဖြတ်တတ်ရင် သစ်တောတွေ ရှိနေသရွေ့ ဘယ်တော့မှ ထမင်းမငတ်ဘူး"

ဟု ပြောလေ့ရှိသည်။

ဦးဘရှိန်သည် ပညာမတတ်ပေ။

သို့ကြောင့် ပညာသင်သောကိစ္စကို အပိုအလုပ်ဟု ထင်နေတော့သည်။

"ယောက်ျားလေးပဲ. . . သေစာရှင်စာ တတ်ရင် တော်ရောပေါ့"

ဟု ပြောကာ နီမောင်ကို ကျောင်းထွက်စေချင်သည်။

မိဘအလုပ်မှာ ဝိုင်းကူစေချင်သည်။

သို့သော် နီမောင်အဘိုးဖြစ်သူ ဦးဖူးညိုက လက်မခံခဲ့ပေ။

"မင်းတို့ မတတ်နိုင်ရင် အေးအေးသာ နေကြ၊ ငါ့မြေးကို ငါပဲ ကျောင်းထားပေးမယ်"

ဟုပြောပြီး ကျောင်းထားပေးခဲ့သောကြောင့်သာ. .



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ခွင့် ရခဲ့ခြင်းဖြစ်သည်။

နောက်တော့ မော်ကျွန်းမြို့မှ ဆွေမျိုးများရှိသော ဘိုကလေးမြို့သို့ ရွှေ့ပြောင်းကြသောအခါမှာတော့ အဘိုးလည်း မတတ်နိုင်တော့။

နီမောင်လည်း ဘာမှ မတတ်နိုင်တော့ဘဲ တစ်ဝက်တစ်ပျက်နှင့်ပင် ကျောင်းမှအပြီးထွက်ကာ မိဘများခေါ်ရာနောက်သို့ လိုက်ခဲ့ရလေတော့သည်၊

အဘိုးဖြစ်သူကတော့ မျက်ရည်စက်လက်ဖြင့်သာ ကျန်ခဲ့ရလေတော့သည်။

ဘိုကလေးမြို့သို့ ရောက်သောအခါ သာစည်ဆိုသော ရွာမှာ ဦးဘရှိန်၏ဆွေမျိုးများ ရှိသောကြောင့် သွားရောက်နေထိုင်ကြခြင်းဖြစ်ပြီး လှေကြီးပေါ်မှာပင် အိမ်အဖြစ် ပြုလုပ်ပြီး နေထိုင်ခဲ့ကြရသည်။

တစ်နေ့တော့ ကြမ္မာဆိုးတစ်ခုက ဝင်ရောက်လာလေတော့သည်။

သာစည်ချောင်းအတွင်းသို့ ပုလိပ်များပါသော ယူဘီတစ်စင်း ဝင်ရောက်လာပြီး နီမောင်တို့လှေကြီးဘေးမှာ ဝင်ရောက်ဆိုက်ကပ်လေသည်။

ယူဘီပေါ်မှာ မော်ကျွန်းမြို့မှ ထင်းပွဲစား ဦးဟန်တင်ဆိုသူလည်း ပါလာသည်။

"ကဲ. . . ဦးဘရှိန်၊ ခင်ဗျားက ကျုပ်ဆီမှာ အလုပ်မလုပ်





တော့ဘူးဆိုတော့ ကျုပ်ပေးထားတဲ့လှေကြီးကို ပြန်ယူသွားတော့မယ်"

ထိုစကားကြားသောအခါ ဦးဘရှိန်မှာ မျက်လုံးအပြူးသား ဖြစ်သွားလေသည်။

"ဟင်. . . ဒီလှေကြီးက ခင်ဗျားဆီက ကျုပ်အရစ်ကျငွေသွင်းပြီး ဝယ်ထားခဲ့တာလေ"

"ဝယ်ထားတာဆိုပေမယ့် ခင်ဗျားသွင်းရမယ့်ငွေက မကျေသေးဘူး၊ ငွေမကျေသေးဘဲ တခြားမှာထွက်ပြီး အလုပ်လုပ်ရင် ဒီလှေကို ကျုပ်ပြန်သိမ်းနိုင်တယ်လို့ စာချုပ်ထဲမှာ ပါတယ်လေ၊ ဒီတော့ ပြန်သိမ်းသွားတော့မယ်"

ဦးဟန်တင်က စာချုပ်တစ်ရွက် ပြသည်။

ထိုသို့ပြသော်လည်း စာချုပ်ပေါ်မှာ ဘာတွေ ရေးထားသည်ကို သူ မသိပေ။

သူ လှေဝယ်ခဲ့စဉ်ကလည်း ထိုကဲ့သို့ စာချုပ်ဖြင့် ဝယ်ယူခဲ့ခြင်း မဟုတ်ခဲ့ပေ။

ဦးဟန်တင် ခေါ်လာသော ပုလိပ်များကလည်း ယခုပင် လက်ထိတ်ခတ်ပြီး ဖမ်းခေါ်သွားတော့မည့်အတိုင်း ကြိမ်းမောင်းကြသည်။ လက်ထိတ်တပြင်ပြင် လုပ်ကြသည်။

"ခင်ဗျားအဖမ်းမခံချင်ရင် သူ့လှေကို သူ့ကို အေးအေးပြန်ပေးလိုက်ပါ၊ မဟုတ်ရင်တော့ ဖမ်းခေါ်သွားရမယ်"

ဦးဘရှိန် ဘာမှ မတတ်သာတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်မှ ပစ္စည်းများကို ကမ်းပေါ်တင်ပြီး လှေကို ပြန်ပေးလိုက်ရတော့သည်။

လှေကြီးကိုပင် နေအိမ်အဖြစ် အသုံးချနေရသော သူတို့ မိသားစုဘဝမှာ သောင်ပြင်ပေါ် ရောက်သွားကြသည်။ လှေကြီးဖြင့် လုပ်ကိုင်စားသောက်နေကြရသည်မှ လှေကြီးမရှိသောအခါ ဘယ်မှာနေလို့ ဘာလုပ်စားရမှန်း မသိတော့ပေ။

ထိုအခါ ဒေါ်ကျင်မေက ပြောသည်။

"ဒီလှေက ရှင်ပိုင်တဲ့လှေ ဖြစ်နေပြီ မဟုတ်လား၊ လှေဖိုးငွေတွေလည်း ကျေပြီးသား မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ပွဲစားက စာချုပ်ပြုပြီး ပြောတော့ ရှင်လှေဝယ်တုန်းက စာချုပ်နဲ့ ဝယ်ခဲ့လို့လား"

ခေါင်းခါပြသည်။

"သူက စာချုပ်ထဲမှာ ရေးချင်တာရေးပြီး ကိုယ့်လှေကို လာသိမ်းယူသွားတာ. . ရှင် ဘာကြောင့် ဘာမှမပြောတာလဲ"

"သူ ဘာတွေရေးထားတယ်ဆိုတာ ငါမှ မဖတ်တတ်တာ"

အမှန်တော့ လှေဝယ်စဉ်က ခင်မင်ရင်းနှီးနေသောကြောင့် ဒီအတိုင်းဝယ်ယူခဲ့သည်။

လှေကို သိမ်းယူတော့မှ စာချုပ်က ပေါ်လာခြင်းဖြစ်သည်။ ဦးဘရှိန်အနေဖြင့် ပိုက်ဆံရှိပြီး လူရည်လည်သော ပွဲစားသို လူတစ်ယောက်နှင့် ဖက်ပြိုင်ပြီး အငြင်းပွားရန်လည်း အင်အားမရှိပေ။





ထို့ကြောင့် ပွဲစားက စာချုပ်တစ်ရွက်နှင့် လှေကြီးတစ်စင်းလုံးကို သိမ်းယူသွားခဲ့ခြင်းဖြစ်ပေသည်။

ထိုအခြေအနေက နီမောင်တို့မိသားစုအတွက်တော့ အဆိုးဝါးဆုံးအခြေအနေမျိုး ရောက်သွားခဲ့ကြခြင်း ဖြစ်သည်။

နေစရာအိမ် မရှိတော့သဖြင့် သာစည်ချောင်းကမ်းနံဘေးနေရာမှာ တဲထိုးနေရသည်။

စားစရာအတွက် အလုပ်ရှာတော့. . သားချင်းတစ်ယောက်က ပိုက်ထောင်ရန် အကြံပေးသည်။

"ရေပြန်ပိုက်ထောင်ပါလား. . . လှေတစ်စင်းနဲ့ ပိုက်တစ်စုံရှိရင် အလုပ်ဖြစ်တယ်"

"ကျုပ်မှ ဒါတွေမှမလုပ်တတ်တာ"

"မခက်ပါဘူး. . . ကြည့်ရင် ရပါတယ်"

"ဒါပေမယ့် လှေနဲ့ပိုက်က ဘယ်ကရမလဲ"

"ကျုပ်ဆီမှာ လှေတစ်စင်းနဲ့ ပိုက်တစ်စုံ အပိုရှိတယ်၊ ဝယ်နိုင်တော့ ဝယ်ပေါ့၊ မဝယ်နိုင်ခင် ငှားလုပ်ပါ. . အကူအညီပေးပါ့မယ်"

ဟု ပြောသဖြင့် ပိုက်တစ်ဖောင်နှင့် လှေတစ်စင်းကို ယူပြီးလုပ်ရန် ပြင်သည်။ သို့သော်လည်း ဘယ်ကဘယ်လို စလုပ်ရမှန်း မသိပေ။



www.burmeseclassic.com

www.burmeseclassic.com



"လှေနဲ့ပိုက်တော့ ရပြီ၊ ဒါပေမယ့် ဘယ်လိုကနေဘယ်လို စလုပ်ရမှန်း မသိဘူး"

လှေသူကြီးဘဝကနေ အခြေအနေမဲ့ ဖြစ်သွားသောအခါ၊ ဝမ်းစာအတွက် ရသမျှအလုပ်ကို လုပ်ရမည်ဆိုသောအခါ အခက်တွေ့နေတော့သည်။

"စိတ်မပူပါနဲ့ အဖေရယ်၊ ကျွန်တော် သူတို့နဲ့ အဖော်လိုက်သွားပြီး သူတို့လုပ်တာတွေကို မှတ်ထားပါ့မယ်၊ ပြီးတော့မှ ပြန်လုပ်ကြတာပေါ့"

ဟု ပြောပြီး နီမောင်က ရေပြန်ပိုက်ထောင်သူများနှင့် အဖော်လိုက်သွားလေသည်။

ရေပြန်ပိုက်ဟု ခေါ်ခြင်းမှာ အခြားပိုက်များက ရေကျချိန်မှာထောင်ပြီး. . ထိုပိုက်က ရေပြန်တက်သောအချိန်မှာ ချောင်းဝဘက် လှည့်ထောင်သောကြောင့် ရေပြန်ပိုက်ဟု ခေါ်ခြင်းဖြစ်သည်။

ပုံသဏ္ဍာန်မှာ ပင်လယ်ပြင်မှာ မျှင်ထောင်သော ငါးဖောင်တစ်ဖက်ခြမ်း ပုံသဏ္ဍာန်ဖြစ်သည်။ ပိုက်စိပ်သဖြင့် ပုစွန်ဆိတ်မှစပြီး ပုစွန်တုပ်များအထိ ရနိုင်သည်။ ချောင်းငါးမျိုးစုံ ရနိုင်သည်။

သို့သော် ညအချိန် ထောင်ရသောကြောင့် အန္တရာယ်ကတော့ ရှိသည်။ အများအားဖြင့် လူသူမရှိသော တောချောင်းများရောက်အောင် သွားကြရသည်။





တန်ဆောင်မုန်း လဆန်းသည်နှင့် လုပ်ငန်းစပြီး ကဆုန်သကျော်ပါက လုပ်ငန်းသိမ်းကြသည်။

ရေထဦးရက်ဟုခေါ်သော (၁၂)ရက်နေ့မှစပြီး အလုပ်ဆင်းရာ လဆန်းဖြစ်စေ လဆုတ်ရက်ဖြစ်စေ (၈)ရက်နေ့ရောက်လျှင် လုပ်ငန်းသိမ်းသည်။ နှစ်ရက်သုံးရက် အနားရသောအချိန်တွင် တစ်နေ့လုံး စုဆောင်းထားသော ပုစွန်ခြောက်များကို ထုခွဲခြင်း၊ လှေပြင်၊ ပိုက်ဖာသောအလုပ်များ လုပ်ကြပြီး (၁၁)ရက် (၁၂)ရက် ရောက်လျှင် အလုပ်ပြန်ဆင်းကြသည်။

ရှေးအခါက ချောင်းလေလံဆွဲသူများမှာ နယုန်လဆန်းမှ သီတင်းကျွတ်လအထိသာ လုပ်ကြပြီး ကျန်အချိန်များတွင် မည်သူမဆို ချောင်းများထဲမှာ ငါးပုစွန် ဖမ်းဆီးနိုင်ခွင့်ရသောကြောင့် ရေပြန်ပိုက်သမားများက ထိုအချိန်များမှာ အလုပ်လုပ်ကြခြင်းဖြစ်သည်။

နီမောင်သည် အခြားသူများနှင့်အတူ လိုက်သွားပြီး လုပ်နည်းများကို မှတ်သားကာ မိမိတို့လုပ်ငန်း စတင်ရန် ပြင်ကြသည်။

ရှေ့အခန်းများတွင် နီမောင် ကိုယ်တွေ့ကြုံရသော အခြားဆန်းကြယ်မှုများကို တစ်ခုချင်း ရေးသားဖော်ပြပေးမည်ဖြစ်ပါသည်။

တကယ်တော့ ထိုလုပ်ငန်းမှာ သူတို့အတွက် ယခုမှ တွေ့ရသောအလုပ်ဖြစ်သဖြင့် သာမန်သာသိပြီး အသေးစိတ်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာများကိုတော့ မသိကြပေ။ လဆန်း(၁၁)ရက် (၁၂)ရက်နေ့တွင် စတင်အလုပ်ဆင်းကြပြီး လပြည့်ကျော် (၈) ရက်၊ (၉)ရက် ရောက်ပါက အလုပ်နားရမည်ကို သိသည်။

ပိုက်ထောင်သည့်အခါ တိုင်စိုက်ပုံ၊ ဝါးလက်တန်းတွဲပုံ ပိုက်ဆင်ပုံများကိုတော့ အကြမ်းဖျဉ်း သိသည်။ သို့သော် ချောင်း များ၏သဘောသဘာဝကိုတော့ မသိကြပေ။

ဘယ်ချောင်းက ရေစီးကြမ်းသည်၊ နုသည်ကို အသေး စိတ်မသိပေ။

ရေစီးနုလွန်းပြန်လျှင်လည်း ပုစွန်မရနိုင်သလို ရေစီး ကြမ်းလွန်းပြန်လျှင်လည်း ရေစီးဒဏ် မခံနိုင်ဘဲ ပိုက်ကွဲထွက် နိုင်သည်။ ထိုချောင်းမျိုး ဝင်မိပါက ပုစွန်မရသည့်အပြင် ပိုက်ပါ ပျက်စီးနိုင်လေသည်။

ရေစီးကြမ်းသောချောင်းများကို ရေထဦးရက်မှာ ဝင် ရပြီး၊ ရေစီးနုသောချောင်းများဆိုလျှင် ရေစီးပြင်းသော ရေထ ရက်များမှာ ဝင်ရသည်ကို နောက်မှ တဖြည်းဖြည်း သဘော ပေါက်လာကြသည်။ အလုပ်လုပ်ရင်းနှင့် တဖြည်းဖြည်း နားလည် လာရခြင်းဖြစ်သည်။

ပိုက်ထောင်ကြသည့်နေရာတွင် 'ပိုက်ချက်'က အရေး ကြီးသည်။ ပိုက်ချက်ဆိုသည်မှာ မည်သည့်နေရာမှာ ပိုက်ချရမည် ကို သိထားရခြင်းဖြစ်၏။

ကွန်ပစ်သူက ကွန်ချက်သိရသလို ငါးများတန်း ချသူက





လည်း တန်းချကို နားလည်ရသည်။ ထို့အတူ ပိုက်ချသူများမှာ လည်း မြစ်ထဲမှာပဲဖြစ်စေ ချောင်းတွင်းမှာပဲဖြစ်စေ ပိုက်ချက်ကို သိထားရသည်။

မသိ၍လည်း မဖြစ်ပေ။

ဒီချောင်းထဲမှာ ဒီရက်မှာပင် ပိုက်ထောင်သော်လည်း ပိုက်ချက်မှားနေပါက ငါးပုစွန် မရနိုင်ပေ။ ထို့ကြောင့် ငါးပုစွန် ရှာသူများအတွက် ကွန်ချက်၊ ပိုက်ချက်က အရေးကြီးသည်။ အချင်းချင်းပင် မပြောရပေ။

လူချင်းခင်မင်လျှင် ငါးဟင်းစားကိုသာ ပေးချင်ပေး သည်။ ကွန်ချက်၊ ပိုက်ချက်ကိုတော့ လျှို့ဝှက်ထားကြသည်။ အချို့ ဒါရင့်ရေလုပ်ငန်းလုပ်သူများက ထိုအချက်များကို နားလည်ကြ သည်။ သိထားကြသည်။

အချို့က လျှို့ဝှက်စွာ မှတ်သားထားကြသည်။

သို့ကြောင့် ၎င်းတို့က 'ဘယ်နေ့ဘယ်ရက်၊ ဘယ်နေရာ၊ ဘယ်ချောင်းမှာ ဝင်ပြီး ပုစွန်ထောင်ပါက. . ပိသာချိန် ဘယ် လောက်ရမည်'ကို မှန်အောင်ပြောနိုင်ကြသည်။ ထိုသူများကို 'တစ်ပွဲစားများ'ဟု ခေါ်ကြသည်။

ရှေးက အင်းသူကြီးများမှာ ဘယ်နေ့ဘယ်ရက်တွင် ရရှိမည့် ငါးအမျိုးအစားနှင့် ပိသာချိန်ကိုပါ မှန်ကန်အောင် ပြောနိုင်ကြသဖြင့် ၎င်းတို့ကို 'တစ်ပွဲစား' များဟု ခေါ်ဝေါ်ကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ငှင်းတို့မှာ အမှတ်အသားကောင်းပြီး လုပ်ငန်းကျွမ်းကျင်သူများပင် ဖြစ်၏။

သို့သော်လည်း ထိုလုပ်ငန်းပေါ်မှာ အာရုံစွဲကပ်လွန်းသဖြင့် လူစင်စစ်မှ သရဲဘဝ ရောက်သွားရသော 'အင်းရဲကြီးသူကြီး' လို လူမျိုးတွေလည်း ရှိခဲ့ဖူးသည်။

ထိုလုပ်ငန်းပေါ်မှာ ကျွမ်းကျင်မှု ရှိလာလေလေ ငါးပိုရလေလေဖြစ်၏။

ထိုသို့ ငါးပိုရလေလေ၊ မက်မောမှု ပိုများလာလေလေဖြစ်ရာ ကြာတော့ တဖြည်းဖြည်းနှင့် နစ်သွားကြခြင်းဖြစ်သည်။

နီမောင်တို့သားအဖမှာ ထိုအလုပ်ကို စလုပ်စဉ်က အခက်အခဲမျိုးစုံတို့နှင့် တွေ့ကြရသည်။ ထိုအလုပ်များက သာမန်ဖြစ်သောကြောင့် တဖြည်းဖြည်း လေ့လာသင်ယူရင်းနှင့်ပင် တတ်ကျွမ်းလာသည်။ သူတို့ မသိနိုင်သောအချက်မှာ. . .

ဘယ်ချောင်းမှာ ဘယ်လိုအနှောင့်အယှက်ရှိသည်ကို မသိနိုင်ကြခြင်းဖြစ်သည်။ အနှောင့်အယှက်ဟု ဆိုသည်မှာ လူအနှောင့်အယှက်များပင် ဖြစ်တော့သည်။

အချို့ချောင်းများမှာ သရဲခြောက်လွန်းသဖြင့် အခြားသူများ မလာဝံ့ပေ။

အချို့ချောင်းများတွင် သုသာန်ပြုလုပ်ထားသောနေရာမှာ ရွာနှင့်ဝေးသော ချောင်းဝနေရာတွင် ဖြစ်သည်။ ဝင်လျှင်သော်လည်းကောင်း၊ ပြန်ထွက်လျှင်သော်လည်းကောင်း သုသာန်





ဖြတ်ပြီး ဝင်ကြထွက်ကြရသည်။ ပိုက်ထောင်သောချောင်းများမှာ ကျဉ်းသည်။ ထို့ပြင် ပိုက်ချသောအချိန်မှာလည်း ညအချိန်များ ဖြစ်သောကြောင့် သုသာန်ရှိသောချောင်းများမှာ ဝင်ရောက် ပိုက်ထောင်သည့်အခါ ပရလောကသားတို့ နှောင့်ယှက်မှုခံကြရသည်မှာ အဆန်းတော့ မဟုတ်ပါချေ။

တစ်ချိန်က ဘိုကလေးမြို့အောက်ဘက်တွင် ကျွဲသေချောင်း ရှိသည်။ ရွာအတွင်းပိုင်းမှာ ရှိပြီး သုသာန်နှင့် မနီးမဝေးချောင်းဝပိုင်းမှာ ရှိသည်။

သို့ကြောင့် ထိုချောင်းထဲ ဝင်ပြီး ပိုက်ထောင်သူတိုင်း သရဲနှင့် တွေ့ကြရသည်။

သရဲက ငါးပုစွန် လာတောင်းစားခြင်း၊ ပြန်ထွက်လျှင် သူတို့ နောက်မှ ဆွဲထားတတ်သောကြောင့် ပိုက်ထောင်သူများ မဝင်ဝံ့သောချောင်းပင်ဖြစ်သည်။

ထိုသို့ မဝင်ဝံ့သောကြောင့် ငါးပုစွန်ပေါသည်။ အရဲစွန့်ပြီး ဝင်ထောင်လျှင် ငါးပုစွန် အရများသည်။ သို့ကြောင့် ထိုကျွဲသေချောင်းသို့ ပိုက်ထောင်ရန် နီမောင်တို့သားအဖ ရောက်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

# လက်ပြတ်တစ်ဖက်နှင့် အသက်လုရသောည

အချိန်က နေဝင်ရီတရောအချိန်ပင်ဖြစ်သည်။

ထိုအချိန်တွင် ကျွဲသေချောင်းဝသို့ လှေတစ်စင်း ရောက်လာလေသည်။ ပိုက်ထောင်ရန် ရောက်လာကြခြင်းဖြစ်သည်။

ကျွဲသေချောင်းက ရေစစ်သွားလျှင် ရေခမ်းသွားသောချောင်းဖြစ်သောကြောင့် ရေရှိတုန်း ချောင်းတွင်းသို့ ဝင်ကြရလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကမ်းဘေး တစ်ဖက်တစ်ချက်မှာ ခရာတောများ ရှိသည်။ ကမ်းနံဘေးမှာ ပေါက်သောလမုပင်နှင့် ဖျဉ်းမပင် အချို့က ချောင်းထဲအထိ ကိုင်းကျနေသည်။

ချောင်းက မကျယ်လှပေ။ သူတို့ရောက်သွားသောအချိန်မှာ လှေတစ်စင်း ဝင်သာရုံလောက်သာ ရေက ကျန်တော့သည်။

"ဒီချောင်းက သရဲခြောက်တယ်လို့ အတော်ကလေး နာမည်ကြီးတယ် အဖေ"

"ကြောက်စရာမလိုပါဘူးကွာ. . ငါတို့က သားအဖ နှစ်ယောက်တောင် လာကြတာပဲ"

နီမောင်က ဘာမှထပ်မပြောတော့ပေ။

ကမ်းဘေးတစ်ဖက်တစ်ချက်မှာရှိသော ခရာတောများ အတွင်းမှာ အမှောင်ရိပ်များ သမ်းစပြုနေလေပြီ။ ကွဲသေချောင်း ချောင်းဝနေရာမှာ သုသာန်ရှိသော်လည်း ကမ်းနံဘေးမှ ခရာဆူးချုံများ ကွယ်နေသောကြောင့် လှမ်းမမြင်ရပေ။

သို့သော် ခရာဆူးချုံများအပေါ်မှာတော့ အဝတ်စများ ဝါးကပ်အပိုင်းစများ ပစ်တင်ထားသည်ကို လှမ်းမြင်ရသည်။

"ဒီနေရာမှာ သုသာန်ရှိတယ်"

"ရှိတော့လဲ ဘာဖြစ်သလဲကွာ၊ လူသေတွေက ငါတို့ကို ဘာမှ လာလုပ်ကြမှာ မဟုတ်တာ"

ဖခင်ဖြစ်သူထံမှ ထိုစကားကြားတော့ နီမောင်စိတ်





ထဲမှာ စိုးရိမ်စိတ်များ လျော့သွားလေသည်။

ထို့နောက်မှာတော့ လှေကို လှော်တက်ဖြင့် ထောက်၍ အတွင်းသို့ ဝင်လာကြသည်။

လှေတွန်းဝင်လာသောအရှိန်ကြောင့် ရေများက အိတက်သွားရာ ချောင်းထဲမှာ ရှိသော ငါးပုစွန်များ တဖျပ်ဖျပ် ခုန်နေကြသည်ကို လှမ်းမြင်ရသည်။

တန်ဆောင်မုန်းလဆန်းရက် ဖြစ်သောကြောင့် လယ်ထဲမှာ အနေများသော ငါးများက ချောင်းထဲသို့ ရောက်နေကြပြီဖြစ်သဖြင့် ငါးရံ့များကို မြင်တွေ့ရသည်။ သုသာန်ရှိသော ကမ်းဘက်မှ ရေစီးကြောင်းငယ်တစ်ခုက ချောင်းထဲ စီးဆင်းနေသည်။

သူတို့လှေ ထိုနေရာသို့ ရောက်သောအခါ ချောင်းအတွင်းမှာရှိသော ငါးရံ့ကြီးတစ်ကောင်က ရေစီးကြောင်းကလေးရှိရာသို့ ခုန်တက်သွားသည်။

ရေစီးကြောင်းက ရေနည်းနေသောကြောင့် လူးလွန့်ပြီး အပေါ်တက်သွားသည်ကို အတိုင်းသား မြင်ရသည်။

"ဟိုမှာ. . ငါးရံ့ကြီးတစ်ကောင်"

"အတော်ကြီးတယ် အဖေ၊ ကျွန်တော် တက်ဖမ်းလိုက်ဦးမယ်"

ထိုနေရာမှာ လှေရပ်ပြီးနောက် မားတစ်လက် ယူ၍. . ငါးရံ့တက်သွားရာနောက်မှ လိုက်သွားလေသည်။ လတာနုန်း



www.burmeseclassic.com

www.burmeseclassic.com



များက ဒူးဆစ်လောက်အထိ ရှိသောကြောင့် မြန်မြန်ဆန်ဆန် တက်၍တော့ မရပေ။

လူအပေါ်ရောက်သွားတော့ ငါးရံ့က ခရာဆူးချုံများ အောက်မှာရှိသော တွင်းတစ်ခုထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရသည်။

ခရာဆူးချုံအောက်မှာ အမှောင်ရိပ်သမ်းနေသော်လည်း တွင်းထဲသို့ ငါးရံ့ဝင်သွားသည်ကိုတော့ ကောင်းစွာလှမ်း မြင်လိုက်ရသည်။

ထိုနေရာရောက်တော့ မိန်းမ,မီးနေသည့်အခါ အသုံးပြုသော နန္ဒင်းနံ့နှင့် အခြားအနံ့များကို ရလိုက်သည်။ သို့ကြောင့် ပတ်ဝန်းကျင်သို့ ကြည့်လိုက်သောအခါ ခရာချုံများအပေါ်မှာ တင်နေသော အမျိုးသမီးဝတ် ထဘီအင်္ကျီ အပြဲအစုတ်များကို တွေ့မြင်ရသည်။

သို့သော် နီမောင်က ထိုအရာများကို ဂရုမထားပေ။ ငါးရံ့ဝင်သွားသောတွင်းကိုသာ ကြည့်ပြီး အနားရောက်အောင် သွားလေသည်။

ထိုနေရာရောက်တော့ အပေါ်မှ ကိုင်းကျနေသော ခရာ ပင်ကိုင်းများကို ခုတ်ထွင်ဖယ်ရှားပစ်လိုက်သည်။ သူရောက်နေသည့်နေရာမှာ လတာပြင်နှင့် ကမ်းစပ်ထိနေသောနေရာပင် ဖြစ်၏။

ခရာကိုင်းများ ရှင်းသွားသောအခါ ရေစိမ့်ထွက်နေ





သည့် တွင်းကျယ်တစ်ခု တွေ့ရသည်။

ငါးရံ့က ထိုတွင်းထဲ ဝင်သွားခြင်းဖြစ်သည်။ နီမောင်က ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ကျင်းပေါက်ဝမှာရှိသော မြေသားများကို ဓားဖြင့် ယက်ဖယ်လိုက်သည်။ မြေသားများ ဖယ်လိုက်သောအခါမှ မြေအောက်မှ အရာတစ်ခု ပေါ်လာသည်။

ရွှံ့များဖြင့် ပေကျံနေသဖြင့် ရေဖြင့် ဆေးကြည့်လိုက်သောအခါမှ များစွာထိတ်လန့်သွားလေသည်။

မြေကျင်းထဲမှာ မြင်ရသောအရာမှာ သူရှာနေသော ငါးရံ့တော့ မဟုတ်ပေ။

မြှုပ်ထားသော လူသေအလောင်း၏ မျက်နှာတစ်ခုပင် ဖြစ်တော့သည်။ မိန်းမတစ်ယောက်၏ အလောင်းဖြစ်ကာ မျက်လုံးရော ပါးစပ်ပါ ပွင့်နေသဖြင့်. . သူ့ကို ကြည့်ပြီး တစ်စုံတစ်ခု ပြောနေသကဲ့သို့ ရှိလေသည်။

ထိုအခြေအနေကို မြင်တော့ ထွေထွေထူးထူး စဉ်းစား မနေတော့ဘဲ လှေရှိရာသို့ ခပ်သုတ်သုတ် ပြန်ဆင်းလာသည်။

"ငါးရံ့တွေ့ခဲ့သလား"

"ငါးရံ့တော့ မတွေ့ခဲ့ဘူး၊ လောလောဆယ် မြှုပ်ထားတဲ့ လူသေအလောင်းပဲ တွေ့ခဲ့ရတယ်"

ထိုသို့ပြောတော့ ဦးဘရှိန်မှာ ပါးစပ်အဟောင်းသား ဖြစ် သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ. . .

"သုသာန်ဆိုမှတော့ လူသေအလောင်း မြှုပ်ထားတာ တွေ့ရမှာပေါ့ကွာ. . . မထူးဆန်းလှပါဘူး၊ ကဲ. . ကဲ. . လှေပေါ်တက်တော့၊ ရေမနည်းခင် သွားကြရအောင်"

ဟု ပြောသဖြင့် နီမောင်က ခြေထောက်မှာ ပေနေသော ရွှံ့များကို ရေဆေးပြီး လှေပေါ်သို့တက်သည်။ ထို့နောက်. . ချောင်းဖျားဘက်မှာရှိသော ပိုက်ချရန် အဆင်ပြေမည့်နေရာ အထိ တက်လာခဲ့ကြလေသည်။

ရေတက်မည့်အချိန်က လိုသေးသောကြောင့် ပိုက်ချမည့်နေရာတွင် လှေကိုရပ်ပြီး ကြိုတင်ပြုလုပ်ရမည့် ဝါးတိုင်စိုက်ခြင်း၊ ဝါးတန်းတွဲခြင်းများ ပြုလုပ်ကြရလေသည်။

၎င်းတို့ ပြင်ဆင်နေသောနေရာ၏ ကမ်းဘေးတစ်ဖက်တစ်ချက်တွင် ဓနိတောများ ရှိသည်။ ဓနိတောများမှာ လေတိုးသည့်အခါ လှုပ်ယမ်းနေကြလေသည်။

ထိုအခိုက်မှာပင် ဓနိတောအတွင်းမှ ခြေသံလိုလို ကြားရသည်။

"အဖေ. . . ဓနိတောအထဲက ခြေသံကြားရတယ်"

"ကျွဲနွားတွေ လွှတ်ထားတာ ဖြစ်မှာပါ"

ထိုသို့ပြောနေစဉ် အတန်ကြာတော့ ကမ်းစပ်သို့ ဆင်းလာသောခြေသံ ကြားရသည်။

မှောင်နေသဖြင့် သဲသဲကွဲကွဲ မမြင်ရသော်လည်း ဓနိ





တိုင်းများ လှုပ်နေသည်ကိုတော့ မြင်နေရသည်။

"ဗွမ်း. . . ဗွမ်း. . . ဗွမ်း"

ခြေသံက တဖြည်းဖြည်း နီးလာသည်။ ကြည့်လိုက်တော့ ကျွဲတစ်ကောင်ကဲ့သို့ မည်းမည်းသဏ္ဌာန်တစ်ကောင် ဓနိတောအတွင်းမှ ကမ်းစပ်သို့ ဆင်းလာနေသည်ကို လှမ်းမြင်ရသည်။

သူတို့က ကျွဲတစ်ကောင်ဟု ထင်ထားသော်လည်း ထိုမည်းမည်းသဏ္ဌာန်က ကမ်းစပ်သို့ ရောက်ကာနီးသောအခါ ဖျပ်ခနဲ ပျောက်သွားသည်။

ထိုကဲ့သို့ ပျောက်သွားပြီး ခဏကြာတော့ အခြားတစ်နေရာမှ ခြေသံလိုလို ကြားရပြန်သည်။

ဓနိတောများ လှုပ်နေသည်ကို လှမ်းမြင်ရသည်။

ပြီးတော့ ပျောက်သွားပြန်သည်။

"သရဲခြောက်နေတာ ထင်တယ်"

နီမောင်က ရေရွတ်လိုက်သည်။

"သူ့ဘာသာ ခြောက်တာပဲ. . . ခြောက်ပစေပေါ့ကွာ"

ဦးဘရှိန်ကတော့. . ဒါပဲ ပြောသည်။

အတန်ကြာသောအခါ ရေပြန်တက်လာသည်။

ပိုက်တင်ထားပြီးဖြစ်သောကြောင့် ရေအောက်သို့ ပိုက်ချလိုက်ရုံနှင့် ပိုက်ထောင်ပြီးသား ဖြစ်သွားလေတော့သည်။

ရေတက်လာသည်နှင့် ရေစီးနှင့်အတူ ငါးပုစွန်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ အမှိုက်များ ပါလာသည်။ ချောင်းများထဲမှာ အနေများသော ဂျပ်မြွေ၊ ကနကုတ်မြွေများလည်း ပါလာကြသည်။

ကနကုတ်မြွေက အဆိပ်မရှိသော်လည်း ဂျပ်မြွေက အဆိပ်ပြင်းသည်။

သို့ကြောင့် ရေစီးနှင့်ပါလာသော အမှိုက်များကို ဖယ်ရှားပစ်ရင်း ဗေဒါပင်များနှင့် ရောနှောပါလာသည့် မြွေများကို ဂရုစိုက်ကြည့်ကာ ဖယ်ရှားပစ်ကြရသည်။ ထိုတာဝန်ကိုတော့ မျက်စိကောင်းသော နီမောင်ကပင် ပြုလုပ်ရလေသည်။

ဦးဘရှိန်က ပိုက်အတွင်းရောက်လာသော ပုစွန် ငါးများကို လှေပေါ်သို့ မကြာခဏ သွန်ထည့်နေသည်။ ပုစွန်ဆိတ်၊ ပုစွန်ကြာရိုး၊ ပုစွန်တုပ်နှင့် ငါးမျိုးစုံတို့ ဖြစ်ကြသည်။

ရှေးအခါက ရေပြန်ပိုက်ထောင်သောအလုပ်မှာ ပိသာချိန်နှင့်ပင် မဟုတ်၊ တင်းတောင်းနှင့် ချင်ရလောက်အောင် တစ်တင်းနှစ်တင်းအထိ ရတတ်ပြီး၊ တစ်ခါတစ်ရံ၌ လှေတစ်စင်းလေးသည်အထိ ရကြသည်မျိုး ရှိသည်။

ရေပြန်ပိုက်ထောင်သည်မှာ ရေတက်ချိန်မှစပြီး ရေပြည့်သည်အထိ ထောင်ကျရပေရာ အနည်းဆုံး (၅)နာရီကျော်ခန့် အချိန်ကြာသည်။

ရေက တဖြည်းဖြည်း များလာသောအခါ ချောင်းက တဖြည်းဖြည်းနှင့် ကျယ်လာသည်။ ထိုအခါ စောစောကလို မဟုတ်တော့ဘဲ လှုပ်ရှားသွားလာ၍ ရသွားသောကြောင့် စိတ်





သက်သာမှုတော့ ရသွားကြသည်။

ထိုချောင်းမှာ အခြားသူများ မလာဝံ့သောချောင်း ဖြစ်သောကြောင့်ပေလား မပြောတတ်ပေ။ ငါးနှင့်ပုစွန် အရများသသည်။

နောက်ဘက်မှာရှိသော ဦးဘရှိန်မှာ ပိုက်နှင့် ဆက်ထားသော ပုစွန်ထည့်သည့်အိတ်ကို မကြာခဏဆွဲတင်ပြီး လှေထဲကို ာင်းထည့်နေရသည်။

“ဒီကနေ့ညတော့ ဟန်ကျပြီဟေ့၊ ငါးပုစွန် အတော်ကလေးရနေပြီ၊ ဒီအတိုင်းသာ ရရင်တော့ ဒီရေမှာ ပုစွန်ခြောက် သာချိန် အတော်ကလေးရမှာ အသေအချာပဲဟေ့”

ဟု ဦးဘရှိန်က ဝမ်းသာအားရလေသံဖြင့် ပြောသည်။

“ဒီလိုသာ အထိအမိ များများရရင် မကြာခင်မှာ ပိုက်နဲ့ တို အပိုင်ဝယ်နိုင်တော့မှာပေါ့ အဖေရ”

“ဒါပေါ့ကွာ. . ဒီလိုများများရချင်ရင်တော့ သူများတွေ င်ဝံ့တဲ့ သရဲခြောက်တဲ့ချောင်းမျိုးတွေ လိုက်ရှာပြီး ပိုက်ထောင် လို ဖြစ်နေပြီ”

“ဟင်. . . ဘာဖြစ်လို့လဲ”

“သူများတွေ မလာဝံ့တော့ ငါးပုစွန် များများရတာပေါ့ [illegible]”

“ဒါပေမယ့် သရဲခြောက်တော့ ဘယ်လိုလုပ်မလဲ”

“သရဲဆိုတာ အကောင်အထည်ရှိတာမျိုးမှ မဟုတ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ သူတို့ခြောက်လည်း အဝေးကသာ အရိပ်အယောင်ပြပြီး တော့သာ ခြောက်နိုင်တာပါ"

ဦးဘရှိန် ငါးပုစွန် အရများနေသည်ကို တွေ့မြင်နေရသဖြင့် ဝမ်းသာအားရဖြစ်နေကာ စကားကို မဆင်မခြင် ပြောလိုက်ခြင်းဖြစ်သည်။

ရေပြည့်ကာနီးချေပြီ။

ကမ်းစပ်မှာရှိသော လမုတော၊ ဓနိတောများအတွင်းမှ ဘုတ်ငှက်အီသံ(အော်သံ)များ ပေါ်ထွက်လာသည်။ ဘုတ်ငှက်များက ရေတက်ကာနီးတစ်ကြိမ်၊ ရေပြည့်ကာနီးတစ်ကြိမ် . . ထိုကဲ့သို့ အီတတ်ကြသည်။

ထိုအချိန်ရောက်သောအခါ ပိုက်သိမ်းရန် စတင်ပြင်ဆင်ကြလေသည်။

ကမ်းစပ်မှာ ထောင်ထားသော ယင်းများကို လိပ်ခြင်း ယင်းတိုင်များကို နုတ်ခြင်းများ ပြုလုပ်နေစဉ် ချောင်းဝဘက်မှ ရေစီးကြောင်းနှင့် တစ်စုံတစ်ခု မျောဝင်လာလေသည်။

မနီးမဝေးရောက်တော့ ထိုအရာမှာ အမှိုက်ပုံ၊ ဗေဒါပုံ မဟုတ်မှန်း သိရသည်။

အပုပ်နံ့များလည်း လေနှင့်အတူ ပါလာသည်။

ချောင်းထဲမှာ ခွေးသေများ မကြာခဏ မျောပါလာတတ်ရာ ထိုကဲ့သို့တွေ့ရခြင်းမှာ အဆန်းတော့ မဟုတ်ပေ။

နီမောင် လှမ်းကြည့်နေစဉ် မနီးမဝေး ရောက်လာတော့ ခွေးသေကောင် မဟုတ်မှန်း သိရသည်။ ခွေးသေကောင်က ဤလောက်မကြီးပေ။





မကြာမီ ရေစီးနှင့် ပါလာသောအရာက ပိုက်ထဲသို့ ရောက်လာသည်။

"အ. . အဖေ. . လူသေကောင်ကြီးဗျ"

နီမောင်က အော်ပြောလိုက်သည်၊

"ဘယ်ကမျှား လူသေကြီး မျောပါလာသလဲ မသိပါဘူးကွာ"

နီးလာလေလေ အပုပ်နံ့များက ပိုများလာလေလေဖြစ်သည်။ ရေစီးနှင့် မျောပါလာသော လူသေကြီးက ပိုက်တန်းမှာ ငြိနေတော့သည်။

သူတို့လှေနှင့် မဝေးသောကြောင့်တစ်ကိုယ်လုံး ပုပ်နေသော လူသေကောင်ကို အတိုင်းသား မြင်နေရသည်။

"ဘယ်လိုလုပ်မလဲ အဖေ"

"ဝါးနဲ့ ထိုးထုတ်ရမှာပေါ့ကွာ"

ဟုပြောပြီး မနီးမဝေးမှပင် လူသေကောင်ကြီးကို ထိုးဝါးဖြင့် ထိုးထုတ်ကြလေသည်။

ထိုးဝါးနှင့် ထိုးလိုက်တိုင်း လူသေကြီးက မှောက်ခုံဖြစ်သွားလိုက်၊ ပက်လက်ဖြစ်သွားလိုက်နှင့် ဖြစ်နေတော့သည်။ မှောက်ခုံဖြစ်နေစဉ်က မသိသာသော်လည်း ပက်လက်လန်သွားသောအခါ လက်ကားရားခြေကားရားဖြင့် ပုပ်ပွနေသောမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ပုံပျက်ပန်းပျက်ဖြစ်ကာ ကြောက်စရာကောင်းလှပေသည်။

ကြောက်ကြောက်လန့်လန့်နှင့် ထိုးထုတ်လိုက်တိုင်း လူသေကောင်က မှောက်ခုံဖြစ်သွားလိုက်၊ ပက်လက်ဖြစ်သွားလိုက်နှင့်သာ ဖြစ်နေပြီး ပိုက်ထဲမှာတော့ အပြင်ရောက်မသွားပေ။

ထိုအခါမှ အခက်ကြုံကြရတော့သည်။

လူသေကောင်ကြီး ရှိနေသရွေ့တော့ သူတို့ ပိုက်သိမ်းနိုင်မည် မဟုတ်ပေ။

"ဘယ်လိုလုပ်မလဲ အဖေ၊ ပုပ်စော်ကလည်း နံလိုက်တာဗျာ"

"ဝါးနဲ့ ထိုးထုတ်လည်း မရဘူး. . ၊ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ပိုက်ကြိုးတွေ ဖြတ်ချမှ ဖြစ်တော့မယ်"

ဟု ပြောပြီး တစ်ဖက်မှာ ချည်ထားသော ပိုက်ကြိုးစများကို ဖြတ်ချရတော့သည်။

ပိုက်က ကြိုးပြတ်သွားသော်လည်း ဝါးတန်းကြီးက တုန်နေသေးသည်။

ထိုဝါးတန်းကြီးကို ရေနှင့် လွတ်အောင်ဆွဲတင်ပြီးမှ ဝါးဖြင့် ထိုးထုတ်သောအခါမှ လူသေကြီးက အပြင်သို့ ရောက်သွားသည်။

သို့သော် အခြားနေရာသို့ ထွက်မသွားဘဲ သူတို့လှေနံ





ခနီးမဝေးမှာပင် ဝဲလည်နေလေတော့သည်။

တစ်ကြိမ်မှာတော့ ရေစီးနှင့်အတူ ဝဲလည်၍ ပါလာပြီး လှေနံဘေးသို့ ပြန်ရောက်လာသည်။

နီမောင်က လှော်တက်ဖြင့် ထိုးထုတ်လိုက်ရာ တစ်ပတ်လည်သွားပြီး လက်တစ်ဖက်က လှေနံမှာ လာချိတ်နေတော့သည်။ လက်မှာ ကောက်ချိတ်ကြီးကဲ့သို့ ဖြစ်နေရာ လှေနံပေါ်မှာ အံဝင်ဂွင်ကျ ချိတ်မိနေတော့သည်။

ဘယ်လိုပင် တွန်းထုတ်သော်လည်း အဝေးသို့ ရောက်မသွားဘဲ လှေသွားရာနောက်သို့ ပါနေလေတော့သည်။

ဦးဘရှိန်က ကြာလာတော့ စိတ်မရှည်နိုင်အောင် ဖြစ်လာပြီး လှေဝမ်းထဲမှာပါသောဓားကို ကောက်ယူပြီး လှေနံပေါ်မှာ ချိတ်မိနေသော လက်တစ်ဖက်ကို ဓားဖြင့် ခုတ်ချလိုက်လေတော့သည်။

"ဒီလောက်ရှိလှတာ. . ကိုင်းကွာ"

"ဒုတ်. . ."

လှေနံကို ချိတ်မိနေသောလက်က ပြတ်ပြီး လှေပေါ်သို့ ကျလာသည်။

လူသေကောင်ကတော့ အခြားနေရာသို့ ရောက်သွားတော့သည်။

နီမောင်က မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ လှေဝမ်းထဲမှာ ပြတ်ကျနေသည့် လက်ပြတ်ကြီး၏ လက်ချောင်းများ



www.burmeseclassic.com

www.burmeseclassic.com



က ဆုပ်ချည်ဖြန့်ချည် ဖြစ်နေသည်ကို တွေ့ရတော့မှ မျက်လုံးပြူး သွားလေသည်။

ပုပ်နေသော လက်တစ်ဖက်က အသက်ရှိသောလက်ထဲ သို့ ဖြစ်နေသောကြောင့် မျက်လုံးပြူးသွားပြီး. . ထိုအခါမှ သနဲ ခြောက်နေမှန်း သိရတော့သည်။

ထိုလက်ပြတ်ကြီးကို လှော်တက်ဖြင့် ကော်ထုတ်လိုက် ပြီး ပိုက်ကို အမြန်ဆွဲတင်ကြရလေသည်။

ဝါးလုံးတန်းများကိုလည်း အစီအရီ မဟုတ်ဘဲ ဖြစ်သလို ဆွဲတင်ပြီး ထိုနေရာမှ လှေထွက်ရန် ကြိုးစားကြသည်။ အားလုံး တင်ပြီးသောအခါမှ လှေခတ်ထွက်ကြသောအခါ လှေက ရှေ့သို့ မတက်တော့ပေ။

နောက်ဘက်မှ တစ်စုံတစ်ရာက ဆွဲထားသကဲ့သို့ ဖြစ် နေလေသည်။

နီမောင်မှာ ရှေ့ကိုသာမဲပြီး လှော်ခတ်နေသော်လည်း နောက်သို့ လှည့်မကြည့်ဝံ့ပေ။

“အဖေ. . နောက်က လှေကို ဆွဲထားတယ်ဗျ. . ကြည့် ပါဦး”

ဦးဘရှိန်က နေရာမှ ထကြည့်သည်။

“ဟာ. . . ဘာမှမရှိပါဘူးကွာ၊ လှေပဲ့မှာရှိတဲ့ သံချိတ်နဲ့ နွယ်ကြိုးနဲ့ ငြိနေတာပါ”

ဟု ပြောပြီး လှေထဲမှ ဓားကို ယူ၍ လှေပဲ့မှာ ချိတ်မိနေ





သောနွယ်ကြိုးကို ခုတ်ဖြတ်လိုက်တော့မှ လှေက ရှေ့သို့ထွက်နိုင် တော့သည်။

ထိုနေ့က ချောင်းထဲမှာ မြစ်ပြင်သို့ ရောက်သည်အထိ အသက်ပင် ဝအောင်မရှူနိုင်ဘဲ အသည်းအသန် ထွက်ကြရလေ သည်။ ချောင်းတွင်းမှထွက်ပြီး မြစ်ပြင်သို့ ရောက်တော့မှ. . . အသက်ဝ အောင်ရှူနိုင်တော့သည်။ သားအဖနှစ်ယောက်စလုံး မှာလည်း ခြေပစ်လက်ပစ် ဖြစ်နေကြလေသည်၊

ထိုနေ့က အခြားသူများ မလာဝံ့သောချောင်းထဲသို့ ဝင် ရောက်ပိုက်ချသဖြင့် ငါးပုစွန် အရများသော်လည်း မပြောသင့် သည့် စကားတစ်ခွန်း ပြောလိုက်မိသဖြင့် ခြောက်လှန့်မှုများ ခံကြရသည်မှာ အသက်မထွက်ရုံ ကျန်ခဲ့ကြသည်။

မြစ်လယ်ရောက်တော့မှ ဦးဘရှိန်က နောင်တရသော အသံဖြင့် ပြောသည်။


“သရဲခြောက်တာကို မကြောက်ပေမယ့်. . တကယ် ခြောက်တော့လည်း ကြောက်စရာကောင်းတယ်ဟ”

နောက်ပိုင်းမှာတော့ ဦးဘရှိန်တစ်ယောက် ဘယ်နေရာ ရောက်ရောက် စကားကို အလွန်မပြောဝံ့တော့ဘဲ ဆင်ခြင်စွာ ဖြင့် ပြောနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)

# နီမောင်နှင့် ဘဝအလင်းရောင်များ

နီမောင်တို့မိသားစုသည် သာစည်ချောင်းဝပိုင်းမှာ နှစ်အနည်းငယ်ကြာအောင် နေခဲ့ကြရသည်။ နွေရာသီ၊ ဆောင်းရာသီရောက်လာလျှင် ရေပြန်ပိုက်ထောင်ကြပြီး၊ မိုးရာသီရောက်လျှင် အခြားသူများထံမှ လှေတစ်စင်း ငှား၍ သစ်တောဆင်းကြရသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထင်းနှင့် မျှောတိုင်၊ သင်ပေါင်းတိုင်၊ မဒမတိုင်များ ခုတ်ယူရောင်းချ၍ အသက်မွေးဝမ်းကျောင်း ပြုခဲ့ကြလေသည်။

ထိုသို့နေပြီးမှ ဘိုကလေးမြို့တစ်ဖက်ကမ်း ဂျပ်ချောင်းရွာသို့ ရွှေ့ပြောင်းခဲ့ကြခြင်းဖြစ်သည်။ ဂျပ်ချောင်းရွာမှာ နီမောင်၏ သားချင်းအချို့ ရှိကြသဖြင့် ၊ ၎င်းတို့၏ ခေါ်ယူမှုကြောင့် ပြောင်းရွှေ့ခဲ့ကြခြင်းဖြစ်သည်။

ဘိုကလေးမြို့တစ်ဖက်ကမ်းမှာ အတော်ရှည်သည်။ မြောက်ဘက်ပိုင်းမှာတော့ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့သော သာပေါင်းရွာကြီး ရှိသည်။ မှတ်တမ်းများအရ သာပေါင်းရွာမှာ ဗိုလ်ကလေးမြို့(ဘိုကလေး) စတင်မတည်ခင် အချိန်ကတည်းက ရှိနေခဲ့သော ရွာဟောင်းတစ်ရွာဖြစ်သည်။

နောက်ပိုင်း ဗိုလ်ကလေး(ဘိုကလေး)မြို့ စည်ကားသောအခါ အချို့က သာပေါင်းဘက် ကမ်းရှိသောနေရာဘက်မှာ ဆန်စက်များတည်ကြသည်။

ထိုအချိန်က အောက်ပိုင်းဟုခေါ်သော တောင်ပိုင်းဘက်မှာ လူနေအိမ်ခြေ သိပ်မရှိသေးပေ။

လယ်လုပ်သော ကုလားတဲများနှင့် ပိုက်ချသော ကုလားတဲများသာ ရှိကြသည်။ အများအားဖြင့်တော့ နေရာအတော်များများမှာ ခရာတောနှင့် ချုံများသာ ရှိသည်။

နောက်ပိုင်း တဖြည်းဖြည်းနှင့် ဆန်စက်များ တိုးပွားလာသောအခါ နေထိုင်သည့် အလုပ်သမားလည်း များလာကြသည်။





ဆန်စက်တစ်လုံးတည်လျှင် အလုပ်သမား မိသားစုများက အများကြီးပါလာကြသည်။ ထိုအလုပ်သမားများမှာ ဆန်စက်နှင့်နီးသော ပတ်ဝန်းကျင်မှာ တန်းလျားများ၊ နေအိမ်များနှင့် နေကြလေရာ ဆန်စက်များလာသောအခါ ရွာတန်းသဖွယ် ဖြစ်လာကြသည်။

နောက်ပိုင်း ညီနောင်ချောင်းဝအထိ ဆန်စက်များ ရောက်လာသောအခါ ရွာတန်းရှည်ကြီး ဖြစ်သွားခဲ့လေသည်။ လွန်ခဲ့သောနှစ်ပေါင်း(၅၀)ခန့်က ဂျပ်ချောင်းရွာမှာ ယခုကဲ့သို့ စည်ကားသော ရွာတစ်ရွာတော့ မဟုတ်ပေ။ မြစ်ကမ်းနံဘေးတစ်လျှောက်မှာ တဲအိမ်တန်းများထိုးပြီး နေထိုင်ကြသည်။

တဲများကို မျက်နှာချင်းဆိုင်ထားပြီး အလယ်မှာ လူသွားရန် မြေသားလမ်းထားသည်။ နောက်မှာတော့ ထိုလမ်းကို ဖွဲပြာနှင့် စပါးခွံများ ဖို့ကြရာမှ ရွာလမ်းဖြစ်လာသည်။

ရှေးအခါက ဂျပ်ချောင်းရွာမှာ ငါးဖမ်းသူများ၊ သစ်တောဆင်းသူများနှင့် ဆန်စက်အလုပ်သမားများသာ နေကြသည်။

နီမောင်တို့ ရောက်သွားသော (၁၉၆၅)ခုနှစ်ဝန်းကျင်လောက်က ထိုအောက်ပိုင်းနေရာများမှာ စည်ကားမှု မရှိသေးပေ။

ဒေါ်ကျင်မေ၏ဆွေမျိုးသားချင်းတစ်ဦးက ကမ်းနံဘေးတစ်နေရာမှာ နေရာပေးသဖြင့် ထိုနေရာမှာ ဓနိမိုး၊ ဓနိကာ



www.burmeseclassic.com

www.burmeseclassic.com



သော အိမ်တစ်လုံးဆောက်နေကြသည်။ အလုပ်ကတော့ နွေရာသီ၊ ဆောင်းရာသီ ရောက်သောအခါ ရေပြန်ပိုက်ဆင်းထောင်ပြီး မိုးရာသီ ရောက်လျှင်တော့ လှေတစ်စင်းဖြင့် တောဆင်းကြသည်။

လေမိုးပြင်းထန်သဖြင့် တောမဆင်းနိုင်ပါက လယ်ထဲမှာ ပျိုးနုတ်ကောက်စိုက် ဝင်လုပ်ရင်းနှင့် ဝမ်းစာရှာကြရသည်။

ထိုခေတ်အခါက နီမောင်သင်ကြားခဲ့သော ပညာအဆင့်အတန်းနှင့်ဆိုလျှင် လခစားအလုပ်၊ ဒါမှမဟုတ် အစိုးရဝန်ထမ်းအလုပ်တစ်ခုတော့ ရနိုင်လောက်သည်။ သို့သော်. . အဆက်အသွယ်ကလည်း မရှိ၊ မိဘများကလည်း ထိုအလုပ်မျိုးကို အားမပေးသဖြင့် လုပ်ခွင့်မရခဲ့ပေ။

"တစ်နေကုန် ထိုင်လုပ်မှ နှစ်ကျပ်သုံးကျပ်ပဲရတဲ့ ဝန်ထမ်းအလုပ်မျိုး စိတ်မကူးစမ်းပါနဲ့ကွာ၊ တောတစ်ခေါက်ဆင်းလိုက်ရင် ငါးဆယ်တစ်ရာတော့ အသာလေး ရပါတယ်"

ဟု အဖေက ပြောသည်။

ဦးဘရှိန်သည် ပညာလုံးဝမတတ်သောကြောင့် ပညာနှင့် လုပ်စားရသောအလုပ်မျိုးကို စိတ်မဝင်စားပေ။ သူစိတ်မဝင်စားသောကြောင့် သားဖြစ်သူ နီမောင်ကိုလည်း ဘယ်သောအခါမှ ထိုအလုပ်မျိုး မလုပ်ရပေ။

သူပြောသလို တောတစ်ခေါက်ဆင်းလျှင် ငါးဆယ်တစ်ရာရသည် မှန်သော်လည်း တောထဲမှာ လှဲဖြတ်ထားခဲ့သော





သစ်ပင်မှ သစ်ရွက်ခြောက်ပြီး မကြွေခင်မှာပင် ရသောငွေက ကုန်နှင့်နေသည့်အဖြစ်ကိုတော့. . ထိုအချိန်က ဦးဘရှိန်တစ်ယောက် တွေးမိဟန် မတူခဲ့ပေ။

အဘယ်ကြောင့်ဆိုသော်. . .

တောတစ်ခေါက်ဆင်းဖို့ ပြင်ဆင်သည်မှ နောက်ဆုံးပါလာသောထင်း ရောင်းပြီးသည့်အချိန်ထိ အနည်းဆုံး တစ်လခန့် အချိန်ကြာတတ်ပေရာ ရသောငွေက ထိုတစ်လအတွင်း စားသောက်လိုက်သည်နှင့် ကုန်သွားခဲ့လေပြီ။

ထို့ကြောင့် ဘယ်လိုပဲရှာရှာ အလျှင်မမီကြခြင်း ဖြစ်ပေသည်။

နီမောင့်အတွက်တော့ ဂျပ်ချောင်းရွာသို့ ပြောင်းရွှေ့လာခြင်းမှာ ဘဝအပြောင်းအလဲတစ်ခု စတင်လာခြင်းဆိုက မမှားပါချေ။

အဘယ်ကြောင့်ဆိုသော် သူက စာဖတ်ဝါသနာပါသည်၊ အလုပ်အားသည်နှင့် ဗိုလ်ကလေး(ဘိုကလေး)မြို့သို့ ကူးသွားပြီး ဖတ်လိုသောစာအုပ်များ ရှာဝယ်သည်။

ထိုအချိန်က သာပေါင်းဘက်ကမ်းမှ ဗိုလ်ကလေး(ဘိုကလေး)ဘက်ကမ်းသို့ ကူတို့လှေဖြင့်ကူးလျှင် (၁၅)ပြားသာ ပေးရသေးသည်။ အသွားအပြန် ပြား(၃၀)သာ ကုန်သည်။

ဗိုလ်ကလေး(ဘိုကလေး)မြို့ ဈေးကြီးတစ်ဝိုက်မှာ လမ်းဘေး၌ ဖျာခင်းပြီး စာအုပ်အဟောင်း ရောင်းသူများ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးကြီးပတ်ဝန်းကျင်မှာ ဆိုင်ဖွင့်ရောင်းသူများလည်း ရှိသည်။ ဖေချစ်စာပေ၊ မြို့မစာပေတို့မှာ ရေးကျသော စာအုပ်အရောင်းဆိုင်များဖြစ်သည်။

နောက်ပိုင်းမှာ စာအုပ်အရောင်းနှင့် အငှားလုပ်ငန်းကို ပူးတွဲလုပ်ကိုင်သော 'ဇော်မျိုးဦးစာပေ' ပေါ်လာသည်။ နီမောင်က အလုပ်အားသည်နှင့် ဗိုလ်ကလေး(ဘိုကလေး)ဘက် ကူးသွားပြီး စာအုပ်ရှာသည်။

အရောင်းဆိုင်များမှာ ရောင်းသော စာအုပ်အသစ်များက တစ်အုပ်လျှင် (၂)ကျပ်မှ (၅)ကျပ်အထိ ဈေးရှိတော့ အသစ်မဝယ်နိုင်ပေ။

သို့ကြောင့် လမ်းဘေးမှာ အဟောင်းရောင်းသော ဆိုင်များမှာ ရှာဖွေဝယ်ရသည်။

ထိုအချိန်က ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ စစ်ကိုင်းဦးဖိုးသင်း၊ အောင်ခန့် အစရှိသော ဘာသာပြန်ဝတ္ထုတို၊ ဝတ္ထုရှည်များကို နီမောင်အနှစ်သက်ဆုံးဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် စွန့်စားမှု၊ လျှို့ဝှက်ဆန်းကြယ်မှုများကို နှစ်သက်သဘောကျသောကြောင့် ဖြစ်ပေသည်။

ထိုစာအုပ်များ မရလျှင်တော့ အခြားစာအုပ်များ ဖတ်သည်။ နီမောင်မှာ စာဖတ်ရခြင်းကို သဘောကျသူ ဖြစ်သောကြောင့် စာအုပ်မရွေးဘဲ ဖတ်နိုင်သူလည်းဖြစ်သည်။

တက္ကသိုလ်တင်မြင့်၊ တက္ကသိုလ်ဘုန်းနိုင်၊ တက္ကသိုလ်





အင့်လွင်ဦး၊ မဝင်းမြင့်၊ ကျော်မင်းဦး၊ မိုးဝေ၊ ရဲစိုး၊ မြင့်ကျော်၊ မြင့်နီ၊ ကရမက်၊ မောင်သိန်းဆိုင်၊ မောင်သက်နောင်၊ တက္ကသိုလ်ဘန်ဝင်းအောင် စသော စာရေးဆရာတို့၏ စာအုပ်များအပြင် ဆရာကြီးမြစကြာ စာအုပ်များပါ ဖတ်ခဲ့လေသည်။

သူသည် စာအုပ်ဝယ်ရန် ပိုက်ဆံကို အခြားနည်းဖြင့်သာ ရှာသည်။

မိဘဆီမှ ဘယ်တော့မှ မတောင်းပေ၊ ပျိုးပေါင်တစ်ရာ နုတ်ပေးလျှင် (၃)ကျပ်ရသည်။ တစ်နေ့ကို ပျိုးပေါင် နှစ်ရာသုံးရာ နုတ်လျှင် (၉)ကျပ်လောက်ရလျှင် စာအုပ်ဝယ်လောက်သည်။ ထင်းပေါက်ခြမ်း အငှားပေါက်လျှင် တစ်ရာကို သုံးကျပ်ရသည်။ နှစ်ရာသုံးရာ ပေါက်ပေးလျှင် စာအုပ်ဝယ်ဖို့ ပိုက်ဆံရသည်။

ထိုကဲ့သို့ ပိုက်ဆံရှာပြီး စာအုပ်များကို ဝယ်စုထားသည်။ ထင်းရှူးပုံးတစ်လုံးထဲမှာ ထည့်သိမ်းထားသည်။ အားလျှင် စာထိုင်ဖတ်သည်။ ညအိပ်ခါနီး စာဖတ်သည်။ အမေက ရေနံဆီကုန်၍ ပြောလျှင် မိမိဘာသာ ရေနံဆီ ဝယ်ထည့်သည်။

တောဆင်းလျှင် စာအုပ်များ ယူသွားသည်။ အလုပ်နားသောအချိန်ရောက်လျှင် အခြားသူလို အိပ်မနေဘဲ စာဖတ်သည်။ ပိုက်ထောင်ဖို့သွားလျှင် စာအုပ်များ ထည့်ယူသွားသည်။ ကိုင်းချောင်းရှာရောက်တော့ တောဆင်းသည့်အခါမှာသာ အဖေထွက်ပြီး ပိုက်ထောင်သွားလျှင်တော့ နီမောင်တစ်ယောက်တည်း [illegible] သွားသည်။ အဖေပါလျှင် စာမဖတ်ရမည်စိုးသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာ တစ်ယောက်တည်း သွားခဲ့ခြင်းဖြစ်သည်။

နေ့အလင်းရောင်ရှိလျှင် ရေစောင့်ရင်း စာဖတ်သည်။ ညဘက် ရေစောင့်လျှင် မီးခွက်ထွန်းဖတ်၍ မရပေ။ အဖေက ရေနံဆီကို အလုပ်ချိန်အတွက်သာ ထည့်ပေးလိုက်သဖြင့် အပို မပါပေ။

သို့ကြောင့် လထွက်သည့်အခါ လရောင်ဖြင့် စာဖတ် လေသည်။ နောက်တော့ အဖေက ပြောသည်။

"မင်း စာအုပ်တွေ ဒီလောက်ဝယ်နေတာ ဘာလုပ်ဖို့လဲ"

"အပျင်းပြေဖတ်ဖို့ပါ"

နီမောင်က ဒီလောက်ပဲ ပြန်ဖြေသည်။

"ဒီစာတွေ ဖတ်နေတော့ ထမင်းစားရမှာမို့လား၊ စာအုပ် ဝယ်မယ့်ပိုက်ဆံတွေကို ဆန်ဝယ်ထားရင် ငါတို့မိသားစုတွေ စားလို့ရတယ်"

နီမောင့်အနေဖြင့် အဖေကိုတော့ ဘာမှ အတိုက်အခံ ပြန်မပြောပေ။

ဆင်ခြေလည်း မပေးလိုသဖြင့် နီမောင် ဒီအတိုင်းသာ နေလိုက်သည်။ နောက်ပိုင်းမှာတော့ စာဖတ်လျှင် အဖေ မမြင် နိုင်သောနေရာမှာ သွားဖတ်သည်။

သူ့အနေဖြင့် စာဖတ်ဝါသနာပါသော်လည်း အခြား အလုပ်များကိုလည်း လစ်ဟာမှုမရှိအောင် လုပ်ပေးနေသော ကြောင့် အဖေအနေဖြင့် သိပ်တော့မပြောသာပေ။





နောက်ပိုင်းမှာတော့ စာဖတ်တာများလာတော့ စာရေး ချင်စိတ် ပေါ်လာသည်။

ဗလာစာအုပ်အချို့ ဝယ်သည်။

ဈေးပေါပေါနှင့် ဖောင်တိန်တစ်ချောင်း ဝယ်ပြီး ဝတ္ထု ရေးသည်။ ပထမတော့ ကိုယ်ပိုင်ဟန်ဖြင့် မရေးနိုင်သောကြောင့် ဖတ်ဖူးသမျှထဲမှ နှစ်သက်သော စာရေးဆရာကြီးများဟန်ကို အတုယူ၍ရေးသည်။

ဖောင်တိန်ထဲမှာ မင်ကုန်သွားတော့ ဆန်စက်မှ အလ ကားရသော မာကာမင်ကို ရေနှင့် ဖျော်ရေးသည်။ မင်အိုးထဲ ထည့်ရေးလျှင် မရသဖြင့် ကလောင်တံလို မင်တို့ပြီး ရေးသည်။

ဝတ္ထုပြီးသွားတော့ ရွာထဲမှ ခင်မင်သူများကို ပြသည်။ ဖတ်ကြည့်ဖို့ ပေးသည်။

အားနာပါးနာဖြင့် ယူထားလိုက်ကြသော်လည်း သူတို့မှာ လုပ်လက်စား ဖြစ်သောကြောင့် ဖတ်ချိန်မရကြပေ။ အ ကောင်များများမှာလည်း လက်ရေးဖြင့် ရေးထားသည့် ဝတ္ထုစာမူ များကို ဖတ်နိုင်ဖို့ ဝေးလေစွ။ သေစာရှင်စာပင် မတတ်ကြပေ။

နောက်တော့ ဆန်စက်မှ စာရေးလုပ်နေသူတစ်ဦးက ဖတ်ကြည့်သည်။ ထိုသူက စာဖတ်ဝါသနာပါသူဖြစ်သည်။

နီမောင်က သူရေးထားသည့်စာကို ဖတ်ပေးမည့်သူ ပေါ်လာသဖြင့် ဝမ်းသာသွားသည်။

ယခုဆိုလျှင်တော့ ကလောင်သစ် တစ်ချောင်းကို ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ဝေပေးမည့်သူနှင့် တွေ့ရသဖြင့်. . ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားခြင်းမျိုးပင်ဖြစ်သည်။

"မင်းရေးထားတဲ့စာမူကို ငါဖတ်ကြည့်ပေးမယ်"

ထိုသူ့ကို ပေးလိုက်ပြီး တစ်ပတ်ခန့်ကြာတော့ သူက စာမူပြန်ပေးရင်းနှင့် ပြောသည်။

"မင်းရေးတဲ့ဇာတ်လမ်းက ဆရာကြီး ရွှေဥဒေါင်း ရေးတဲ့ 'စန္ဒာဒေဝီ' ဇာတ်လမ်းနဲ့ အတော်တူနေပါလား"

နီမောင်က ရယ်နေသည်။

"အဲဒီစာအုပ်ထဲကအတိုင်း ကူးရေးတာ မဟုတ်လား"

"နည်းနည်းတော့ ပြောင်းရေးထားပါတယ်၊ ကျွန်တော် ရေးတာ ဘယ်လိုနေသလဲ"

"ရေးခါစတော့ ဒီလိုပဲ ချို့ယွင်းချက်တွေ ရှိမှာပေါ့"

သူက မကောင်းဘူးဟု တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်ပြီး ပြောသည်။

သူက ဆက်ပြောပြန်သည်။

"စာရေးချင်တယ်ဆိုရင်တော့ ကိုယ်ပိုင်ဟန်တစ်ခုရှိအောင် လုပ်ရမယ်"

"ကိုယ်ပိုင်ဟန်ဆိုတာ ဘယ်လိုမျိုးလဲ"

"ကိုယ်သိတာ ကိုယ်ကျွမ်းကျင်တာကိုပဲ ရေးပေါ့၊ စကားပြောသလိုပေါ့ကွာ. . ကိုယ်ပြောချင်တဲ့အဓိပ္ပါယ်ကို သူများ နားလည်အောင်ရေးပေါ့"





ထိုသူက သာမန်ပြောနေသော်လည်း ထိုစကားသည် နီမောင်အတွက်တော့ မှတ်သားဖွယ်ရာ စကားတစ်ခွန်းအဖြစ် စာရေးတိုင်း သတိရနေစေသည့် စကားဖြစ်သည်။

"မင်း ရန်ကုန်ရောက်ဖူးလား"

"ဟင့်အင်း. . . မရောက်ဖူးသေးဘူး"

"မောင်တော်ကားတော့ မြင်ဖူးတယ် မဟုတ်လား"

"စာအုပ်ထဲမှာ မြင်ဖူးတယ်"

"ကားကိုတောင် စာအုပ်ထဲမှာပဲ မြင်ဖူးတာဆိုတော့ ကားမစီးဖူးသေးတာ သေချာတယ်၊ ကားမောင်းတတ်ဖို့တော့ ဝေးလာဝေးပေါ့၊ ဒီတော့. . မင်းစာရေးတော့မယ်ဆိုရင် ကိုယ်မတွေ့ဖူးတယ်မသိသေးတဲ့ ရန်ကုန်အကြောင်းတွေ၊ မော်တော်ကားအကြောင်းတွေကို ထည့်မရေးနဲ့ပေါ့ကွာ"

နီမောင်က ခေါင်းညိတ်ပြသည်။

"ဒါဖြင့် ဘယ်လိုအကြောင်းမျိုးတွေ ရေးရမလဲ"

"မင်းကျွမ်းကျင်တာ ဘာတွေရှိသလဲ"

"တောထဲမှာ ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်တယ်၊ ရေထဲမှာ ငါးဖမ်းကျွမ်းကျင်တယ်"

"အဲဒါတွေ ရေးပေါ့ကွ"

"ဒီအကြောင်းတွေရေးလို့ စာဖတ်မယ့်သူတွေက စိတ်ဝင်စားပါ့မလား"

ထိုသူက ရယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ရန်ကုန်မြို့ပေါ်မှာ နေတဲ့လူတွေ တောထဲမရောက်ဖူးဘူး၊ ကားမောင်းနေတဲ့လူက ငါးမဖမ်းတတ်ဘူး၊ လူဆိုတာကိုယ်တတ်ကျွမ်းပြီးသားအလုပ်ထက် . . သူ မသိသေးတဲ့အကြောင်းအရာကို ပိုပြီးစိတ်ဝင်စားလေ့ရှိတယ်၊ မင်းက တောမှာနေပြီး မြို့မရောက်ဖူးတော့ မြို့ပေါ်က အကြောင်းတွေကို စိတ်ဝင်စားသလို မြို့ပေါ်မှာနေ မြို့မှာ ကြီးပြင်းသူတွေကလည်း . . တောတောင်ပင်လယ်တွေကို မရောက်ဖူး မမြင်ဖူးတော့ စိတ်ဝင်စားကြတာပေါ့ကွာ”

ဟုပြောပြရာ နီမောင်မှာ များစွာအားရှိသွားလေတော့သည်။

ထိုသူက သူ့ကို ထိုမျှလောက်သာ ပြောပြသွားသော်လည်း သူ့အတွက်တော့ ပိတ်နေသော တံခါးတစ်ချပ်ကို ဖွင့်ပေးလိုက်သကဲ့သို့ပင် ရှိတော့သည်။





# အခန်း(၈)

# ပြင်ဒရယ်တောသို့ အစခရီး

ဂျပ်ချောင်းရွာသို့ ပြောင်းရွှေ့ခဲ့ကြပြီးနောက်မှာတော့ ရှေးကဆိုခဲ့သည့်အတိုင်းပင် နွေရာသီနှင့် ဆောင်းရာသီမှာ ငြိမ်ပိုက်ထောင်သောလုပ်ငန်းဖြင့် အသက်မွေးကြရပြီး မိုးရာသီ ရောက်သောအခါ ပိုက်ထောင်၍မရတော့ပေ။

သို့ကြောင့် အခြားသင့်တော်သောအလုပ်များ လုပ်ပြီး စားနေရာကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ လှေပိုင်မရှိသေးသောအချိန်မှာ အခြားသူ လှေမှာ အခစားလိုက်ရသည်။

လေမိုးထန်၍ တောမဆင်းနိုင်သော အချိန်များတွင် လယ်ထဲဆင်းပြီး ပျိုးနုတ်ရသည်။

နောက်ပိုင်းကာလ ရောက်သောအခါ ဦးဘရှိန်မှာ အလုပ်ကောင်းစွာ မလုပ်နိုင်တော့ပေ။

ငယ်ရွယ်စဉ်အချိန်က တောက်လျှောက် ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ရသောဒဏ်များက အသက်ငါးဆယ်ကျော်အရွယ် ရောက်သောအခါ အထိနာတော့သည်။

လေးလံလှသော ထင်းတုံးများကို အစဉ်မပြတ် သယ်ပိုး ထမ်းရွက်ခဲ့ရသောကြောင့် အသက်အရွယ် ရလာသောအခါ ခါးနာသည့် ဝေဒနာကို ခံစားရတော့သည်။

ခါးနာသော ဝေဒနာမှာ အတော်ကို အခံရခက်သော ဝေဒနာဖြစ်ပြီး အလုပ်မလုပ်နိုင်တော့သည့် အခြေအနေမျိုး ရောက်သွားလေတော့သည်။

(၁၉၇၀)ပြည့်နှစ်ကျော်လာတော့ . . . နီမောင်လည်း အသက်(၂၀)ကျော် စွန်းလာခဲ့ပြီဖြစ်သဖြင့် အရွယ်ရောက်လာလေပြီ။ သို့ကြောင့် မိဘနှစ်ပါးနှင့် အရွယ်ငယ်သေးသော ညီမတစ်ယောက်နှင့် ညီတစ်ယောက်၏တာဝန်ကို နီမောင်တစ်ယောက်တည်း တာဝန်ယူ၍ လုပ်ကိုင်ကျွေးမွေးရတော့သည်။

၎င်းတို့ထံမှာ လှေပိုင်မရှိစဉ်ကာလက အခြားသူများ





လှေမှာ အခစား လိုက်ခဲ့ရပေရာ. . တောနှင့် ပတ်သက်သည့် အတွေ့အကြုံများစွာတို့ ရရှိခဲ့ပေသည်။

နီမောင် အခစားလိုက်သောလှေမှာ ဂျပ်ချောင်းရွာမှ ဦးထွန်းဖေလှေတွင်ဖြစ်သည်။

ဦးထွန်းဖေမှာ အညာသားတစ်ဦးဖြစ်ပြီး အောက်အနှင်သူ ဒေါ်မြမေနှင့် အိမ်ထောင်ကျပြီး ဂျပ်ချောင်းရွာသို့ ရောက်လာခြင်းဖြစ်သည်။

သူသည် အောက်အရပ်မလေ့ထုံးစံ အတော်များများကို သိရှာပေ။

သို့ကြောင့်လည်း မကြာခဏ ပြောမှားဆိုမှားဖြစ်ပြီး လုပ်သင့်သောကိစ္စများ လုပ်မိသောကြောင့် သမီးတစ်ယောက် ဆုံးပါးခဲ့ရပြီးလေပြီ။

နီမောင်သည် ဦးထွန်းဖေတို့ထံမှ အခစားလိုက်စဉ်က နောက်လိုက်ဘဝနှင့် အလုပ်ဝင်ရခြင်းဖြစ်သည်။

သူနှင့်အတူ တောလုပ်ငန်းကျွမ်းကျင်သူနှစ်ယောက် ရှိသေးသည်။

ကိုစံသိန်းနှင့် ကိုတင်ဌေးတို့ဖြစ်ကြသည်။

နှစ်ယောက်စလုံး အသက်(၃၀)ကျော်အရွယ်သာ ရှိကြသေးပြီး သစ်တောအလုပ်ကို များစွာကျွမ်းကျင်ကြလေသည်။

ကိုစံသိန်းက ခေါင်းဆောင်ဖြစ်ပြီး ကိုတင်ဌေးက နောက်လိုက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်တောအလုပ်သမား လောကစကားနှင့် ပြောရလျှင် ကိုစံသိန်းက လွှကိုင်ဖြစ်ပြီး၊ ကိုတင်ငွေက ဓါးကိုင်ဖြစ်သည်။

အစိုးရသစ်ထုတ်သော စခန်းများတွင် တောခေါင်း၊ ဆင်ခေါင်း၊ ကျွဲခေါင်း၊ လွှခေါင်း၊ ဓါးခေါင်းများဆိုပြီး ၎င်းတို့ စီမံအုပ်ချုပ်ရသောလုပ်ငန်းများကို ခေါင်းဆောင်သူများတို့ အမည်ပေးထားသည်။

ဆင်ခေါင်းက သစ်ခွဲဆင်များကို အုပ်ချုပ်ရပြီး၊ ကျွဲခေါင်းက သစ်ဆွဲသောကျွဲများကို အုပ်ချုပ်ရသောသူ ဖြစ်သည်။

လွှခေါင်းက လွှဆိုင်းများကို အုပ်ချုပ်ပြီး၊ ဓါးခေါင်းက ဓါးဆိုင်းများကို အုပ်ချုပ်ရသည်။

တောခေါင်းက သစ်ကွက်များကို တာဝန်ယူအုပ်ချုပ်ရသောသူဖြစ်သည်။

ယခုလည်း ဦးထွန်းဖေ၏လှေမှာ ကိုစံသိန်းက လွှကိုင်ဖြစ်သည်။

လွှကိုင်ဆိုသည်မှာ ထင်းဖြတ်ရာတွင် အသုံးပြုသောလွှကို သွေးတတ်ပြင်တတ်သူဖြစ်ပြီး၊ ဖယ်ကိုင်ကောင်းသူဖြစ်သည်။ (ဖယ်ဆိုသည်မှာ လွှစွယ်များကို လိုသလို ပြုပြင်နိုင်သော ကိရိယာဖြစ်သည်။)

ယခင်ကတော့ ဦးထွန်းဖေမှာ တာယူသန်သူတစ်ဦး ဖြစ်သည်။

နောက်ပိုင်း. . သမီးတစ်ယောက် သေဆုံးသွားခဲ့ပြီး





နောက်မှ ဆင်ခြင်သွားခြင်းဖြစ်သည်။

မိုးဦးကျရာသီတွင် တောဆင်းရသည်မှာ. . လေပြင်းမုန်တိုင်းများ၏အန္တရာယ်ကို အထူးသတိထားပြီး သွားကြရသည်။

အချိန်မရွေး လေပြင်းများ ရောက်လာနိုင်ပြီး. . လေပြင်းတိုက်ပါက လှိုင်းထန်တတ်သည်။

မော်ကျွန်းနယ်ဘက်တွင် လှိုင်းကြီးသည့်နေရာတွင် နာမည်ကြီးသော ပြန်မလော့(ယခင်က ပြန်ပေတော့ဟု အမည်ရှိခဲ့သည်။) မြစ်ရှိသလို ဘိုကလေးနယ်ဘက်တွင် ဖောင်ဝင်မြစ်ရှိသည်။

ဖောင်ဝင်မြစ်သည် အရှေ့အနောက် ကန့်လန့်ဖြတ်စီးသော မြစ်တစ်စင်းဖြစ်သည်။

မိုးရာသီတွင် လေပြင်းများက တောင်ဘက်နှင့် အနောက်တောင်ဘက်မှ လာလေ့ရှိသည်။

သို့ကြောင့် ကန့်လန့်ဖြတ် စီးနေသော ဖောင်ဝင်မြစ်နှင့် တွေ့ပါက လှိုင်းကပိုကြီးလေသည်။

ရှေးအခါက ကျွန်းညိုကြီးမှာ ကနေစိုသစ်တောကြီး ဖြစ်ခဲ့သော်လည်း. . ဗြိတိသျှတို့ သိမ်းပိုက်ခဲ့ပြီးနောက် ထင်းပွဲစခန်းများ ဖွင့်ပေးခဲ့သောကြောင့် တစ်ကျွန်းလုံး ပြောင်ကာ လယ်မြေဖြစ်သွားခဲ့ရသည်။

အမှန်တော့. . ထိုကဲ့သို့ သစ်တောများ ပြောင်သွားလောက်အောင် ဖြစ်ရခြင်းမှာ မီးသွေးဖုတ်သော မီးသွေးဖိုများ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသောကြောင့်ဖြစ်သည်။

မီးသွေးဖုတ်သူများက လက်မောင်းလုံးအချွယ် ရှိသော သစ်ပင်မှစပြီး မီးသွေးဖုတ်ရသော သစ်ပင်မှန်သမျှ ခုတ်ကြလေရာ တောရှင်းသကဲ့သို့ ဖြစ်သွားကြလေသည်။

မီးသွေးဖိုများ ကောင်းစားစဉ်က ဖောင်ဝင်မြစ်ကမ်း ထိပ်တွင် မီးသွေးဖိုများ အပြိုင်အဆိုင်ဆောက်ကာ အပြိုင်အဆိုင် ဖုတ်ကြသည်။

အောက်ပိုင်းရောက်တော့လည်း ကဒုံကနီမှ ရောသို့ သွားသော ချောင်းတစ်လျှောက်မှာ မီးသွေးဖိုများ အမြောက်အများ ရှိကြလေသည်။

ရန်ကုန်မြို့အပါအဝင် မီးသွေးအသုံးပြုသောနေရာများ တွင် ဘိုကလေးမီးသွေး၊ မြင်းကမီးသွေး နာမည်ကြီး အသုံးများ ခဲ့ခြင်းမှာ ပြင်ဒရယ်သစ်တောများ ပြုတ်ပြုတ်ပြုန်းရသည့် အကြောင်းရင်းတစ်ရပ် ဖြစ်ပေသည်။

စီးပွားရေးသမားများကတော့ ငွေရမည်ဆိုလျှင် ဘနား သိုက်တူးကြမည့်သူများဖြစ်ရာ မီးသွေးဖိုများ ပြုလုပ်ခွင့်ပေးခဲ့ သော တာဝန်ရှိသူများသာ ပိုပြီးတာဝန်ရှိပေလိမ့်မည်။

(၁၉၆၀)ပြည့်နောက်ပိုင်း ကျွန်းညိုကြီးတစ်ကျွန်းလုံး သစ်တောများ ပြောင်တလင်း ဖြစ်သွားပြီး လယ်မြေယာမြေများ ဖြစ်သွားခဲ့သော်လည်း ဖောင်ဝင်မြစ်တောင်ဘက် ပြင်ဒရယ် သစ်တောများမှာတော့ အတော်အတန် ကျန်သေးသည်။





မိန်းမလှကျွန်းဘက်မှာဆိုလျှင် တောများ အတော်က လေး ကျန်နေသေးသည်။

တောဆင်းပြီး ထင်းဖြတ်သူများက ထိုနေရာများ ဆင်း ပြီး ထင်းအတွက် ကနစိုသစ်ပင်ကြီးများကို လှဲဖြတ်ကြရလေ သည်။

ကနစိုသစ်မှာ သစ်မာအမျိုးအစားဖြစ်ပြီး အပင်ကြီးမျိုး လည်း ဖြစ်သည်။

ရေငန်အရပ်ဒေသတွင်ပေါက်သော အပင်များထဲတွင် လူသိအများဆုံးနှင့် လူသုံးအများဆုံးလည်းဖြစ်သည်။

အကြီးဆုံးသစ်ပင်ကြီးများမှာ ယောက်ျားနှစ်ဖက်သုံး ဖက်လောက်အထိ ကြီးမားလေသည်။

အပင်အမြင့်မှာလည်း အထက်ပိုင်းမှာရှိသော ကျွန်းပင် အမြင့်ကြီးများနှင့် တန်းတူရှိသည်။

ပင်လယ်ဒီရေတက်သော အရပ်ဒေသများမှာ ကနစို ပင် အဓိက ပေါက်ရောက်ပြီး ဂုဏ်းကဲ့သို့ အပင်မြင့်ကြီးများလည်း ရှိပေသေးသည်။

ကန့်ပလာပင်၊ သမဲ့ပင်၊ ဗျူးပင် စသော အပင်ကြီးများ မှာ အပင်ကြီးများ စာရင်းဝင်ဖြစ်သည်။

နီမောင်တို့လိုက်သော လှေကြီးမှာ ရေကျချိန်တွင် မိုး ဆလကို ကြည့်ပြီး အောက်ဘက်သို့ ဆင်းကြရသည်။

လှေသူကြီး ဦးထွန်းဖေအပြင် ကိုစံသိန်း၊ ကိုတင်ငွေ၊



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့သုံးယောက်ပါလေရာ အားလုံး လေးယောက်ဖြစ်သည်။

နီမောင်နှင့်ကိုတင်ငွေက လှေဦးပိုင်းမှ ခတ်တက်နှစ်ချောင်းဖြင့် ခတ်ပြီး ကိုစံသိန်းက ပဲ့ပိုင်းမှ တက်မကိုင်ရင်းဖြင့် တစ်ယောက်တည်း ခတ်သည်။ ဦးထွန်းဖေကတော့ လှေဝမ်းပေါင်းမိုးအတွင်းမှ ထိုင်လိုက်သည်။

ဘိုကလေးမြို့မှ လေသာမိုးသာ ဆင်းလျှင် တစ်ရေကုန်ပါက ဖောင်ဝင်မြစ်သို့ ရောက်နိုင်သည်။

နောက်တစ်ရေ ဆက်ဆင်းလျှင် ပြင်ဒရယ် သစ်တောအတွင်းသို့ ရောက်နိုင်ကြသည်။

ယခင်ကတော့ ပြင်ဒရယ်သစ်တော ရောက်သည်နှင့် ကနစိုသစ်များ အလွယ်တကူ ရနိုင်လေသည်။

နောက်ပိုင်းရောက်သောအခါ အတွင်းသို့ အတော်ရောက်အောင်သွားမှ သစ်ကောင်းများ ရလေသည်။

ထိုသို့သွားရာမှာလည်း အန္တရာယ်တော့ ရှိသည်။

ထိုအချိန်က ရောင်စုံသောင်းကျန်းသူများက သစ်တောကြီးများအတွင်းမှာ အများအပြားရှိနေကြရာ ထင်းဖြတ်ရန်လာသူများနှင့် တွေ့ပါက ဆက်ကြေးငွေ ကောက်ခံခြင်း၊ ပါလာသောရိက္ခာများကို ယူဆောင်သွားတတ်သည့်အပြင် မထင်လျှင် မထင်သလို နှိပ်စက်ကြသေးသည်။

နီမောင်တို့လှေသည် နောက်တစ်ရက်တွင် သစ်တော





များ အတန်အသင့် ကျန်သေးသော လဗတစ်ပင်ချောင်းများပိုင်းသို့ ဝင်ရောက်စခန်းချကြလေသည်။

တောထဲရောက်သောအခါ ကိုစံသိန်းက အားလုံးကို ပြောသည်။

"ပြင်ဒရယ် သစ်တောဆိုတာ တောကြမ်းတဲ့နေရာ တစ်နေရာဖြစ်တယ်၊ မိန်းမလှကျွန်းနဲ့လည်း နီးတယ်၊ ဒီနေရာမှာ လုပ်ရတဲ့စည်းကမ်းတွေ ရှိတယ်"

တကယ်တော့ လှေသူကြီး ဦးထွန်းဖေပင်လျှင် ထိုအချက်များကို ကောင်းစွာမသိသေးသောကြောင့်. . ငြိမ်ပြီးနားထောင်နေရသည်။

"ဘာတွေလဲ. . . ပြောပြထားပါဦး"

"ဒီကျွန်းမှာ ဝက်သားမစားရဘူး၊ ကုလားစကား မပြောရဘူး၊ လင်စုံမယားဖက် အတူမနေရဘူး၊ ထမင်းဟင်းကို တင်မြှောက်ပြီးမှ စားရတယ်၊ အညစ်အကြေးစွန့်ရင် ခွင့်တောင်းပြီးမှ စွန့်ရတယ်"

"အေးလေ. . . ဒီလိုသိထားတော့ ပိုကောင်းတာပေါ့"

ဟုပြောပြီး လှေကို သင့်တော်သောနေရာ၌ စခန်းချထိုက်ကြလေသည်။

ထိုသို့စခန်းချရာမှာလည်း ကမ်းနှင့် နီးလွန်းသောနေရာမှာနေလျှင် တောကောင်များအန္တရာယ် ရှိသဖြင့် မနီးမဝေးမှာ ဆောက်ချနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းလာသောအရှိန်ကြောင့် ညအချိန်ရောက်သည်နှင့် အသီးသီး အိပ်ရာဝင်ကြလေသည်။

ကျန်တဲ့သူများ အိပ်နေကြသော်လည်း နီမောင်ကတော့ တော်တော်နှင့် အိပ်မပျော်ပေ။

ထိုကဲ့သို့ သစ်တောများအတွင်းသို့ လိုက်လာခဲ့ခြင်းမှာ သူ့အတွက် အတွေ့အကြုံသစ်များပင်ဖြစ်သည်။

လဗတစ်ပင်ချောင်းမှာ သိပ်တော့ မကျယ်လှပေ။

ကမ်းနံဘေးတစ်လျှောက်တွင် ရေစပ်လတာပြင်မှာ ပေါက်လေ့ရှိသော လမုတောများ၊ ဗျူးတောများက ပိတ်ဆီးနေသည်။

ကမ်းစပ်တစ်လျှောက်မှာတော့ ခြေတံရှည် ဗျူးခြေထောက်ပင် အများဆုံး ရှိလေသည်။

နီမောင်မှာ အိပ်ရာပေါ်မှာ ပက်လက်လှန်ရင်း ၎င်းတို့ မိသားစုဘဝများအကြောင်းကို တွေးတောနေမိသည်။

ပေါင်းမိုးထားသောကြောင့် ထိုနေရာမှ လှမ်းကြည့်လျှင် တောစပ်သို့ လှမ်းမြင်ရလေသည်။

ဗျူးခြေထောက်ပင်ကြီးများမှာ ပုံသဏ္ဌာန်အမျိုးမျိုး ရှိနေကြသည်။

အမှောင်ရိပ်ထဲမှာ ကြည့်ပါက ခြေကားရား လက်ကားရားဖြင့် မကောင်းဆိုးဝါးကြီးများနှင့် တူလေသည်။

ထိုအခိုက်မှာပင် သူတို့လှေ ရပ်ထားသောနေရာနှင့်





နီးမဝေးနေရာမှ သစ်ပင်ခုတ်လှဲသံ၊ လွှဖြတ်နေသောအသံများ ကြားရသည်။

"ဒီလောက်မှောင်နေမှ တောထဲမှာ ဘယ်သူတွေများ အလုပ်လုပ်နေကြသလဲ မသိဘူး၊ တောကောင်အန္တရာယ်တွေ မကြောက်ကြဘူးလား မသိဘူး"

ဟုတွေးပြီး အသံကြားရာဘက်သို့ ကြည့်နေသည်။

ထိုအခိုက်မှာပင် အမှောင်ရိပ်များ ဖုံးနေသော တောတွင်းမှ ဆူဆူဝါးဝါးအော်သံတစ်ချက် ကြားရသည်။

မိန်းမတစ်ယောက် အော်သံပင်ဖြစ်သည်။

တိတ်ဆိတ်နေသောအချိန်မို့ အော်သံက အတော်ကျယ်လောင်စွာ ကြားလိုက်ရသည်။

ထိုအော်သံကို သူတစ်ယောက်တည်းသာ ကြားလိုက်ရပြီး ကျန်လူများကတော့ ကြားဟန်မတူကြပေ။ အိပ်မြဲ အိပ်နေကြသည်။

"အား. . . သေပါပြီရှင့်. . . ကယ်ကြပါဦး၊ ကျွန်မ သေရပါတော့မယ်"

"ဟင်. . ."

ထိုအော်သံကြောင့် အထိတ်တလန့်ဖြစ်သွားပြီး လှဲနေရာမှ ထထိုင်လိုက်သည်။

လှမ်းကြည့်တော့လည်း မီးရောင်မတွေ့ရပေ။

"ဒီမှာ ကျွန်မကို ခွေးတွေဝက်တွေက ဝိုင်းကိုက်နေကြပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်. . . ကယ်ပါဦးရှင်”

အော်သံက ထပ်ပေါ်လာသည်။

နီမောင်မှာ ဘယ်လိုလုပ်ရမှန်း ဂနာမငြိမ်ဖြစ်နေတော့ နံဘေးမှာ ရှိနေသည့် ကိုစံသိန်းက နိုးလာသည်။

“နီမောင်. . . အခုထိ မအိပ်သေးဘူးလား၊ ဘာထိုင်လုပ်နေတာလဲ”

“ကမ်းစပ်က အော်သံတွေ ကြားနေရတယ် ကိုစံသိန်း”

“တစ်ခုခု ရှိနေလို့ ဖြစ်မှာပေါ့ကွာ၊ အိပ်မှာသာ အိပ်စမ်းပါ၊ မနက်စောစော တောတက်ရင် အိပ်ရေးမဝဘဲ ဖြစ်နေဦးမယ်”

ထိုသို့ပြောသော်လည်း နီမောင်မှာ ပြန်မအိပ်နိုင်သေးဘဲ သူ့စိတ်ထဲမှာ တစ်ခုခုကို စိုးရိမ်နေသကဲ့သို့ ဖြစ်လေသည်။

“နီမောင်. . . အိပ်မှာသာ အိပ်စမ်းပါကွာ၊ မင်း အခုရောက်နေတာ မြို့ထဲရွာထဲ မဟုတ်ဘူး တောထဲရောက်နေတာ တောမှ သာမန်တောတောင်မှ မဟုတ်ဘူး၊ အဓိကရတောမျိုး ဆိုတာ သိရဲ့လား၊ ဒီလိုတောမျိုးတွေမှာ မင်း စောစောက ကြားရတဲ့အသံမျိုးတွေ ကြားရတာ ဘာများဆန်းသလဲကွာ၊ မင်း စိတ်မသက်ာရင် ငါ မနက်လင်းတော့ အဲဒီနေရာ ခေါ်သွားပါ့မယ် အခုတော့ အိပ်ပေတော့”

ဟု ထပ်ပြောပြီး ကိုစံသိန်းက ပြန်လှဲအိပ်သွားပြန်သည်။

ကိုစံသိန်းမှာ သူတို့ခေါင်းဆောင်ဖြစ်သောကြောင့် သူ့





စကားကိုတော့ နားထောင်ရပေမည်။

သို့ကြောင့် မအိပ်ချင်သေးသော်လည်း ပြန်လှဲအိပ်လိုက်ရလေသည်။

သို့တိုင်အောင်. . တောစပ်မှ အော်ဟစ်အကူအညီတောင်းနေသည့်အသံအချို့ကို တိုးတိုးကြားလိုက် ကျယ်ကျယ်ကြားလိုက်နှင့် ကြားနေရသေးသည်။

နောက်တော့လည်း ပင်ပန်းမှုကြောင့် အိပ်ပျော်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

# ပရလောကသားတို့၏ မဟာစက်ကွင်း

ညကတော့ နီမောင်အတွက် အိပ်ရေးပျက်ခဲ့သော ည ညပင်ဖြစ်သည်။ တောသို့ ရောက်ကာစလည်းဖြစ်ပြန်. . တ်သည့်ညမှာပင် တောပေါ်မှ အနှောင့်အယှက် ပေးနေ အသံများ ကြားရသဖြင့် ကောင်းစွာအိပ်မပျော်ခဲ့ပေ. .။ သော်လည်း နောက်တစ်နေ့ နံနက်စောစောမှာတော့ အိပ်ရာ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုစံသိန်းက တောတက်ကာနီးသောအခါ လက်ဖက်ကွမ်းယာ၊ ထမင်းဦး၊ ဟင်းဦးများဖြင့် သက်ဆိုင်ရာ နယ်ပိုင်တောပိုင်များကို တောတက်မည့်အကြောင်း အသိပေး ပန်ကြားလေသည်။

"ကျွန်တော်တို့ တောတက်ကြပါတော့မယ်၊ လိုအပ်သောသစ်များကိုလည်း ယူဆောင်ခွင့်ပေးပါ၊ တောတက်မည့်သူများမှာ ဤသူများ ဖြစ်ကြပါတယ်"

ဟုပြောပြီး တောတက်မည့် ကိုစံသိန်း၊ ကိုတင်ငွေနှင့် နီမောင်တို့အမည်များကို ပြောပြသည်။

"ဟောဒါက ကျွန်တော်တို့ အသုံးပြုမည့် လွှ၊ ဓား ပေါက်ဆိန်၊ ကပ်ပါးတို့ ဖြစ်ကြပါတယ်၊ မိမိတို့ အသုံးပြုသော လက်နက်များဖြင့် မိမိတို့ကို ပြန်ပြီးမထိခိုက်အောင်လည်း စောင့်ရှောက်ပေးပါ"

ဟု ပြောပြီး အသုံးပြုမည့် ပစ္စည်းကိရိယာတို့ကို ပွဲတင်ထားသောအနီးမှာ ချပြသည်။

"တောထဲမှာ အလုပ်လုပ်နေတဲ့အချိန်မှာ . . တောတိရစ္ဆာန်တို့ အန္တရာယ်ကိုလည်း ဖယ်ရှားပေးပါ၊ မကောင်းသော ပရလောက နာနာဘာဝများ နှောင့်ယှက်ပေးခြင်းများကိုလည်း ကာကွယ်တားဆီးပေးပါ . . တောနှင့်သက်ဆိုင်ရာ ပုဂ္ဂိုလ်များခင်ဗျား"

ဟု ပန်ကြားပြောဆိုလေသည်။





ထို့နောက်မှာတော့ သုံးယောက်သား တောပေါ်သို့ စတင်တက်ကြလေသည်။

ဦးထွန်းဖေကတော့ ထမင်းဟင်းချက်ရင်းနှင့် လှေစောင့်ကျန်ခဲ့လေသည်။

သူတို့ တက်သောနေရာမှာ ညက စူးစူးဝါးဝါးအော်သံများ ကြားရသော နေရာဘက်ကမ်းဖြစ်သည်။

"မင်း ညက အော်သံတွေကြားရတာ ဒီနေရာ မဟုတ်လား"

ကိုစံသိန်းက မေးသဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဒီနေရာမှာ တစ်ခုခုရှိလို့ ဖြစ်မှာပေါ့"

ဟုပြောပြီး ကမ်းစပ်မှာရှိသော ဗျူးခြေထောက်တောကို ကျော်ပြီး တောပေါ်တက်သည်။

တောပေါ် ရောက်တော့ တဲဟောင်းတစ်လုံး တွေ့ရသည်။

မျောသားတိုင် စိုက်ပြီး ဓနိမိုး၊ ဓနိကာထားသော တဲဟောင်းဖြစ်ရာ ပြိုပျက်နေချေပြီ။ ထိုနေရာတစ်ဝိုက်ကို ကြည့်တော့ တဲနှင့်မနီးမဝေးနေရာတွင် တောတိရစ္ဆာန်များ တူးဆွထားသောနေရာတစ်ခု ရှိသဖြင့် သွားကြည့်ရာ မြှုပ်ထားသော လူသေအလောင်းကို တွေ့ရသည်။

တောတိရစ္ဆာန်များ တူးဖော်စားသောက်ထားသဖြင့် အချို့နေရာများမှာ အရိုးသာ ကျန်တော့သည်။ စုတ်ပြဲနေသည့်



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများကို ကြည့်ပြီး မိန်းမတစ်ယောက် အလောင်းမှန်း သိသာသည်။

"ငါမပြောဘူးလား၊ တစ်ခုခုတော့ ရှိမှာပါလို့၊ အခုတော့ မမှန်ဘူးလား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"အမဲလိုက်တဲ့လူတွေလား၊ ငါးရှာတဲ့လူတွေလား၊ သူတို့ အထဲက တစ်ယောက်ယောက်သေလို့ မြှုပ်ထားခဲ့ပြီး နေရာ ပြောင်းသွားကြတာ ဖြစ်မှာပေါ့၊ တောထဲမှာတော့ ဒါမျိုးတွေက အများကြီး ရှိတာပဲ"

ဟု ပြောပြီး ကိုစံသိန်းက အနီးမှာရှိသောဆူးများသည့် သင်ပေါင်းလက်များကို ခုတ်ပြီး မြေပုံသို့ အုပ်ထားပေးလိုက် သည်။

"တောထဲမှာ ဖြစ်သလို သေရတဲ့ဘဝဆိုတော့ ဆွမ်း သွတ်ပေးမယ့်သူမရှိ၊ အမျှဝေပေးမယ့်သူမရှိနဲ့ မကျွတ်မလွတ်တဲ့ ဘဝမျိုးမှာနေကြတဲ့ ပရလောကသားတွေ အများကြီး ရှိကြ တယ်"

ထိုစကားကြောင့် စောစောက ဝင်နေသောကြောက်ရွံ့ စိတ်များ လျော့သွားပြီး သနားစိတ်များပင် ဝင်လာမိလေသည်။

ထိုနောက်မှာတော့ တောထဲသို့ဝင်ပြီး သစ်ပင်လှဲခြင်း ပြင်ဆင်ကြသည်။

အလုပ်ခွင် ရောက်သွားတော့လည်း အခြားစိတ်များ





ပျောက်သွားပြီး အလုပ်ကိုသာ အာရုံစိုက်ရလေတော့သည်။ အဘယ်ကြောင့်ဆိုသော် ကြီးမားသော ကနစိုပင်ကြီးများကို လှဲသည့်အခါ အန္တရာယ်အလွန်များပြီး အသက်ဘေးနှင့် နီး သောကြောင့်ဖြစ်လေသည်။

ကနစို သစ်တောထဲမှာ ကနစိုသစ်ပင်ချည်း သီးသန့်ရှိ နေခြင်းမျိုးတော့ မဟုတ်ပေ။ အခြားသစ်ပင်မျိုးစုံတို့လည်း မြေကွက်လပ်မရှိအောင် ပေါက်နေကြသည်။

ကနစိုသစ်ပင်တိုင်းလည်း လှဲဖြတ်ယူ၍မရပေ။ အ ခေါင်းပါသောသစ်ပင်၊ ကျပ်စွဲနေသော သစ်ပင်၊ အဖုအထစ်၊ အကိုင်းအခက် ရှုပ်ထွေးသောသစ်ပင်၊ ပျားစွဲသောသစ်ပင်၊ သစ်တံခါးပေါက် ဖြစ်နေသောသစ်ပင်၊ သစ်ညီနောင် ဖြစ်နေ သောသစ်ပင်၊ ကြိုးဆွဲချသောသစ်ပင်၊ အပမှီနေသော သစ်ပင်၊ နန်းစီးနေသောသစ်ပင်၊ အရက်မူးနေသောသစ်ပင်၊ ခေါင်းတုံး ဘူးနေသောသစ်ပင်. . စသော သစ်ပင်များဆိုလျှင် ရှောင်ကြဉ် ကြရသည်။

သစ်တံခါးပေါက် ဆိုသည်မှာ သစ်ပင်အလယ်မှာ တံခါး ပေါက်သဖွယ်ဖြစ်နေသည်။

သစ်ညီနောင်ဆိုသည်မှာ အောက်မှ တစ်ပင်တည်း ရှိ သော်လည်း အပေါ်ရောက်မှ နှစ်ပင်ယှဉ်တက်သွားခြင်းဖြစ် သည်။

ကြိုးဆွဲချအပင်မှာ သစ်ပင်ကို လှဲချလိုက်ပြီးမှ အခြား



www.burmeseclassic.com

www.burmeseclassic.com



နွယ်ကြိုးတစ်ခုနှင့် ချိတ်မိနေပြီး တွဲလောင်းဖြစ်နေသောအပင်ဖြစ်သည်။

အပမှီနေသောသစ်ပင်မှာ အောက်မှ ပင်ခြေပြတ်နေသည့်တိုင် အခြားနံဘေးရှိ အခြားအပင်ကို မှီလျက် ထောင်ထောင်ကြီးဖြစ်နေသော အပင်မျိုးဖြစ်သည်။

ဒန်းစီးနေသောအပင်မှာ သစ်ပင်လဲသွားပြီးမှ နွယ်ကြိုးများအပေါ်၌သော်လည်းကောင်း၊ အခြားသစ်ပင်များ အပေါ်၌သော်လည်းကောင်း ကန့်လန့်တင်နေပြီး လှုပ်ယမ်းနေသည့်အပင်မျိုး ဖြစ်သည်။

အရက်မူးနေသောအပင်မှာ သစ်ပင်ကို အောက်ခြေဖြတ်ချလိုက်သော်လည်း ဘယ်ဘက်မှမလဲဘဲ သစ်တုံးပေါ်မှာတင်နေကာ ဟိုယိမ်းဒီယိုင်ဖြစ်ပြီး လဲချင်ရာ လဲကျတတ်သောအပင်မျိုးဖြစ်သည်။

ခေါင်းတုံးကျနေသော သစ်ပင်မှာ သစ်ပင်လဲကျသွားရာ အဖျားပိုင်းက အခြားသစ်ပင်ပေါ် တင်နေပြီး အောက်ခြေကရွှံ့နွံထဲမှာ ထိုးစိုက်ဝင်နေသော အပင်မျိုးဖြစ်သည်။

ထိုသစ်ပင်များက ဖြတ်တောက်သည့်အခါ အသက်အန္တရာယ်ဘေးဖြင့် နီးသောကြောင့် ထင်းဖြတ်သူများက ရှောင်ကြဉ်ကြသည်။

ကနစို သစ်တစ်ပင်ကို ထင်းအဖြစ် ရောက်သည်အထိလုပ်ရသည်မှာ များစွာပင်ပန်းကြသည်။





"လှေထိုးလှော်တိုက် လူမိုက်အလုပ်" ဆိုသော စကားပုံအတိုင်း အကြမ်းခံ၊ အပင်ပန်းခံနိုင်သူများသာ လုပ်နိုင်သောအလုပ်မျိုးဖြစ်သည်။

သစ်ပင်တစ်ပင် လှဲတော့မည်ဆိုလျှင် ဦးစွာ အပင်ခြေမှာရှိသော အခြားအပင်များ၊ ဆူးချုံများကို ရှင်းရသည်။ ကနစိုပင်မှာ ကပျင်းရှိသောကြောင့် လှဝင်သာအောင် ကပျင်းဖောက်ရသည်။

သစ်ပင်လဲကျနိုင်မည့်ဘက်ကို ကြည့်ရသည်။ ထိုအချိန်မှာ လေတိုက်သည့် အခြေအနေကို အကဲခတ်ကြည့်ရသည်။ ပြီးမှ ခပ်စောင်းစောင်း အနေအထားဖြင့် လှဖြင့် တိုက်လှဲရသည်။

တစ်ဝက်လောက် ရောက်ပါက သံသတ် ထုသွင်းရသည်။ သံသတ်ထုခြင်းမှာ သစ်ပင်လဲရာမှာ အထောက်အကူဖြစ်သလို အနီးပတ်ဝန်းကျင်မှာ အခြားအလုပ်သမားများ ရှိနေပါကလည်း အဝေးသို့ ရှောင်နိုင်ရန် သတိပေးခြင်းလည်း ဖြစ်သည်။

သစ်ပင်ကြီးကျသွားသောအခါ လှသမားများ ဝင်နိုင်ရန်အားတစ်ဖက်တစ်ချက်ကို ရှင်းရသည်။

မားနှင့်ကပ်ပါးများကို အသုံးပြုကာ ကိုင်းတက်နှင့် အဖုအထစ်များကို ဖယ်ရှားပစ်ရသည်။

အားလုံးရှင်းပြီးသောအခါ သစ်ပင်ကြီးမှာ စင်းလုံးချောဖြစ်သွားကာ ဖယောင်းတိုင်လုံးကြီး ချထားသကဲ့သို့ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တောသည်။

ထို့နောက်မှာတော့ နံဘေးတစ်ဖက်တစ်ချက်မှ ဒေါက်ထောက်ထားပြီး ခေါင်းတုံးကို ပယ်ဖြတ်သည်။ ပြီးလျှင် ရှစ်လက်မခန့် သစ်တုံးများကို ဖြတ်ချရသည်။ ထိုသို့ ဖြတ်ရာမှာ လွှကောင်းဖို့ လိုသည်။

လွှမကောင်း၊ လွှကိုင်မကောင်းပါက ခရီးမတွင်ဘဲ ကောင်းလျှင်တော့ သစ်တုံးကို ဖြတ်ရသော်လည်း သခွားသီးကို ဓားဖြင့် လှီးချသကဲ့သို့ မြန်လေသည်။

ထိုသစ်တုံးများကို ကမ်းစပ်ရောက်အောင် ထမ်းချရပြီး လှေကြီးရှိသောနေရာ ရောက်အောင် လှေငယ်ဖြင့် သယ်ယူရသည်။

လှေကြီးရှိသောနေရာရောက်တော့ လှေပေါ်မတင်သေးဘဲ ကမ်းစပ်မှာ ပုံထားကြလေသည်။

အလုပ်အားလုံး အားစိုက်ပြီး လုပ်ကြရသောကြောင့် များစွာပင်ပန်းလှသော အလုပ်မျိုးဖြစ်ပေသည်။

ထိုသို့ လုပ်ကိုင်ကြရာမှာ ချောချောမွေ့မွေ့တော့ မရှိကြပေ။ ကျား၊ ဆင် အစရှိသော တောရိုင်းတိရစ္ဆာန်များ၏ ရန်မူခြင်းများအပြင် တောနက်ထဲမှာ ရှိကြသည့် နာနာဘာဝ၊ ပရလောကသားတို့၏ နှောင့်ယှက်မှုများနှင့်လည်း ကြုံတွေ့ကြရသည်။

နီမောင်ကြုံတွေ့ခဲ့ရသော အတွေ့အကြုံတစ်ခုကတော့ ထိတ်လန့်ဖွယ်ရာ ကောင်းလှပေသည်။





နီမောင်တို့သုံးယောက်မှာ လှဲထားပြီးသော သစ်ပင်တစ်ပင်ကို အပြီးသတ် ဖြတ်နိုင်အောင် ကြိုးစားနေကြသည်။ အချိန်မှာ ညနေစောင်းအချိန် ရောက်နေချေပြီ။

အလင်းရောင် မပျောက်သေးသော်လည်း တောထဲမှာတော့ သစ်ပင်ရိပ်များကြောင့် အမှောင်ရိပ်များ သမ်းစပြုနေချေပြီ။

ထို့ထက် ကောင်းကင်ပေါ်မှာ မိုးတိမ်များ အုံ့မှိုင်းနေသဖြင့် အမှောင်ရိပ်က ပိုများနေသည်။

သူတို့ ရောက်နေသောနေရာမှာ ကုန်းတန်းတစ်နေရာဖြစ်သည်။

ကမ်းနှင့် ဝေးသောနေရာ ဖြစ်ပြီး မဒမ ဗျိုက်တောများရှိသည်။

မဒမတောမှာ လူတို့ ဝင်မရလောက်အောင် အပင်ချင်းပူးကပ်နေသည်။

ထိုအချိန်မျိုးမှာ တောပေါ်တွင် ဆက်မနေသင့်မှန်း သစ်တောလုပ်သက် ကြာပြီဖြစ်သော ကိုစံသိန်းက သိသည်။ သို့သော် သူက အလုပ်ကို လောဘကြီးသူဖြစ်သည်။

ယခုပြီးအောင်လုပ်ရမည့်အလုပ်ကို ယခုပင် လုပ်သည်။ တစ်နေ့ပြီးသောအလုပ်ကို နောက်တစ်နေ့အထိ အချိန်မဆွဲဘဲ အပြီးလုပ်သူဖြစ်သည်။

ထိုအရည်အချင်းကြောင့်ပင် အလုပ်ရှင်တိုင်းက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



သဘောကျကြသည်။

ယခုလည်း လှဲချထားသော သစ်ပင်ကို တစ်နေ့နှင့် ပြီးရမည်ကို သစ်ပင်လဲသောဘက်မှ ပျားအုံရှိနေသဖြင့် အလုပ်ကို ကောင်းစွာမလုပ်ရသောကြောင့် ကြန့်ကြာနေခြင်းဖြစ်သည်။

နောက်ပိုင်း မီးခိုးငွေ့ပေးပြီး မောင်းထုတ်တော့မှ ပျားများ အဝေးသို့ပျံသွားသည်။

ထိုအချိန်ရောက်မှ သစ်တုံးများ ဖြတ်ကြရပေရာ အချိန်နှောင်းသည့်တိုင် မပြီးနိုင်ဘဲ ဖြစ်နေကြခြင်းဖြစ်သည်။

"ဘယ်လိုလုပ်ကြမလဲ"

ကိုတင်ငွေက ကောင်းကင်ပေါ်မှာ ညို့တက်လာသော မိုးရိပ်များကို မော့ကြည့်ရင်းမေးသည်။

"ငါတော့ ဒီနေရာကအလုပ်ကို အပြီးဖြတ်သွားချင်တယ်၊ ဒါမှ နောက်တစ်ခေါက်ထပ်လာစရာ မလိုတော့ဘဲ တခြားနေရာမှာ အေးအေးလုပ်လို့ရတယ်၊ မင်းတို့သဘောကရော ဘယ်လိုလဲ"

ကိုစံသိန်းက ခေါင်းဆောင်ဖြစ်ခဲ့သော်လည်း နောက်လိုက်များနှင့် တိုင်တိုင်ပင်ပင် လုပ်လေ့ရှိသည်။

"အချိန်လည်း ရှိသေးတာပဲ၊ ပြီးအောင်လုပ်သွားရင် ပိုကောင်းပါတယ်၊ နောက်ကျလည်း နည်းနည်းပေါ့"

နီမောင်ကပါ ဝင်ပြောလိုက်သဖြင့် သုံးယောက်သား တက်ညီလက်ညီဖြင့်လုပ်ကြရာ နောက်ဆုံး နေဝင်ရီတရောအ





ချိန်လောက်တွင် ပြီးသွားလေသည်။

ထိုအချိန်မှာ မိုးက တဖွဲဖွဲ ရွာချလာသည်။

လှေဆိပ်သို့ ပြန်ဆင်းရန် ပစ္စည်းများ သိမ်းနေကြစဉ် မြေဖျိုက်တောထဲမှ လူသံသူသံများ ကြားရလေသည်။

"လူသံတွေ ကြားရတယ်"

ကိုစံသိန်းက နားစွင့်ကြည့်သည်။

ကြားရသောအသံများက ယောကျ်ားသံ၊ မိန်းမသံ၊ ကလေးငိုသံ၊ ခွေးဟောင်သံများကို ရောထွေးကြားနေရခြင်း ဖြစ်သည်။

ထိုသို့ကြားရသောအခါ ကိုစံသိန်းက ပြောသည်။

"ငါတို့သုံးယောက် ဟိုညောင်လန်းပင်ကြီးအပေါ်မှာ တက်နေကြမယ်. . . မြန်မြန်လာကြ"

ဟု ခေါ်သဖြင့် သုံးယောက်သား ညောင်လန်းပင်ကြီးဆီသို့သွားကာ အပေါ်တက်ကြလေသည်။ ညောင်လန်းပင်မှာ အမြစ်များရှုပ်ထွေးနေသောကြောင့် တက်ရတာ မခက်ခဲလှပေ။ အပေါ်ရောက်တော့မှ ကိုစံသိန်းက ပြောသည်။

"အခုအချိန်ကစပြီး ဘယ်သူမှ အသံမထွက်ကြနဲ့တော့၊ ဘာတယ်လို့ သူတို့ အောက်ကိုရောက်လာပြီး စကားပြောရင်လည်း ပြန်မပြောကြနဲ့. . . ကြားလား"

နီမောင်တို့က ခေါင်းညိတ်ပြလိုက်ကြသည်။

အတန်ကြာတော့ ကြားနေရသော အသံများက. . .



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း နီးလာလေသည်။

ထိုအခါမှ အသံများကို ပိုပြီးသဲသဲကွဲကွဲ ကြားလာရသည်။

"မြန်မြန်လာကြပေ့ . . . အချိန်ရှိတုန်း သွားကြရအောင်"

"သူတို့က ငါတို့ကို ဘာဖြစ်လို့ ဟိုနေရာမှာ မနေရဘဲ နှင်ထုတ်လိုက်တာလဲ "

"ငါတို့က အမျှမရကြသေးတော့ အမျှရပြီးသားသူတွေနဲ့ အတူတူရောပြီး မနေရတာ ဖြစ်မှာပေါ့"

"ဒုက္ခပါပဲကွာ . . ငါတို့ကို ဘယ်သူကမှ အမျှမဝေပေးတော့ ဘယ်လိုလုပ်ပြီး အမျှရမှာလဲ"

"နောက်တစ်နေရာ ရောက်ရင်လည်း အမျှရပြီးသားလူတွေ ရောက်လာရင် ငါတို့တော့ တစ်နေရာ ပြေးရဦးမှာပဲ"

"ပြေးရတာက အရေးမကြီးပါဘူး၊ ဒီမှာ ကလေးငယ်ငယ်လေးတွေနဲ့ မိုးထဲလေထဲမှာ ခဏခဏ ရွှေ့နေရတော့ ဒုက္ခရောက်တာပေါ့တော်"

ဟု အချင်းချင်း ပြောဆိုသံများအပြင် ကလေးငိုသံ၊ ခွေးဟောင်သံများကိုပါ အတိုင်းသား ကြားကြရသည်။ အချိန်ကလည်း မှောင်ရီပျိုးအချိန် ရောက်လာချေပြီ။ ခဏကြာတော့ မဒမဗျိုက်တောအတွင်းမှ လူတစ်စု ထွက်လာကြသည်။

ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ(၃၅)ယောက်ခန့်





ရှိသည်။

အားလုံး အဝတ်အစား စုတ်စုတ်ပြတ်ပြတ်များ ဝတ်ထားပြီး အထုပ်အပိုးများလည်း ပါသည်။

မိန်းမများက အိုးခွက်ပန်းကန် ထည့်ထားသောတောင်းများကို ခေါင်းပေါ်မှာ ရွက်လာကြသည်။

သူတို့သည် အချင်းချင်း စကားပြောရင်းနှင့် လျှောက်လာကြရာ နီမောင်တို့ ရှိနေသော ညောင်လန်းပင်ကြီးအောက်သို့ ရောက်လာကြသည်။

ထိုအချိန်မှာ မိုးတဖွဲဖွဲ ရွာနေသည်။

"ဒီနေရာမှာ မိုးခိုရအောင်ဟေ့"

ဟု တစ်ယောက်က ပြောသည်။

နီမောင်တို့ ရောက်နေသောနေရာနှင့် မဝေးလှသောကြောင့် သစ်ပင်အောက်မှာ ရောက်နေသူများ၏မျက်နှာနှင့် ပုံပန်းသဏ္ဌာန်များကို ကောင်းစွာမြင်နေရသည်။

အားလုံးမှာ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ဖြစ်ပြီး အစားအသောက် ဝအောင်မစားကြရဟန်ဖြင့် အရိုးပေါ် အရေတင်မျှသာ ရှိကြသည်။

၎င်းတို့မျက်နှာများမှာ လူမျက်နှာမျိုးနှင့် မတူဘဲ မှင်စာချုပ်မျိုးနှင့်သာ တူနေတော့သည်။

နီမောင်တို့က အပေါ်မှ ငုံ့ကြည့်နေစဉ် အောက်မှ ရောက်နေသူများကလည်း အပေါ်သို့ မော့ကြည့်သည်နှင့် မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာချင်း ဆုံသွားကြသည်။

"သစ်ပင်ပေါ်မှာ လူတွေရှိတယ်"

ဟု တစ်ယောက်ကပြောတော့ ကျန်သူများကပါ တစ်ပြိုင်နက် မော့ကြည့်ကြသည်။

အားလုံး မျက်တွင်းဟောက်ပက် ရှိနေကြသည်။ ခွေးများကလည်း သူတို့ကို မော့ကြည့်ပြီး ဟောင်နေသည်။

"ခင်ဗျားတို့က သစ်ပင်ပေါ် ဘာတက်လုပ်နေကြတာလဲ"

အောက်က မေးသော်လည်း ကိုစံသိန်း မှာထားသဖြင့် ဘယ်သူကမှ ပြန်မပြောကြပေ။

"ဆင်းခဲ့ကြပါဗျ"

"............."

"ဟိုတစ်ယောက်ကို ကျုပ်သိပါတယ်၊ ခင်ဗျား..ဂျပ်ချောင်းရွာက ကိုစံသိန်းမဟုတ်လား"

ကိုစံသိန်းပင် တွန့်ခနဲ ဖြစ်သွားလေသည်။

"ကျုပ် လှမောင်ကြီးလေဗျာ...မမှတ်မိတော့ဘူးလား။ အရင် ခင်ဗျားနဲ့တောင် အတူတူတွဲပြီး အလုပ်လုပ်ခဲ့ဖူးသေးတာပဲ"

ကိုစံသိန်းက တအံ့တဩဖြင့် ငုံ့ကြည့်နေသည်။

"ခင်ဗျားနဲ့ တွေ့ရတာ အတော်ပဲ၊ ရွာက ကျုပ်မိန်းမကို ပြောလိုက်ပါဗျာ၊ လှမောင်ကြီးတစ်ယောက်တော့ တောထဲမှာ





သစ်ထိုးမိလို့ သေရှာပြီလို့၊ အဲဒါ ကျုပ်အတွက် ရည်စူးပြီးတော့ ဆွမ်းသွတ်အမျှဝေပေးပါလို့ ပြောဖြစ်အောင် ပြောလိုက်ပါဗျာ"

ကိုစံသိန်းက ဘာမှ ပြန်မပြောပေ။

ထိုအချိန်မှာ တောနက်အတွင်းမှ စူးစူးဝါးဝါး ခွေးဟောင်သံများ ကြားရပြန်သည်။

ထိုခွေးဟောင်သံများ ကြားသောအခါ သစ်ပင်အောက်ရောက်နေသူများမှာ ထိတ်လန့်သွားကြဟန်ရှိသည်။

"ဟော..သူတို့လိုက်လာပြီ အမြန်သွားကြရအောင်"

ဟု အချင်းချင်းပြောပြီး ထိုနေရာမှ ခပ်သုတ်သုတ် ထွက်သွားကြလေတော့သည်။

ခဏကြာတော့ တောထဲမှ လူတစ်ယောက် ထွက်လာသည်။ အရပ်အမောင်း ထွားကျိုင်းလှပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးအရှည်များ ရှိသည်။

သူနှင့်အတူ ခွေးနက်ကြီးနှစ်ကောင်လည်း ပါလာသည်။ ခွေးနက်ကြီးနှစ်ကောင်မှာ မျက်လုံးများ နီရဲလျက်ရှိပြီး တဂီးဂီးနှင့် ခေါင်းဒီနေရာ ပါးစပ်ထဲမှ အစွယ်များကိုပင် မြင်နေရသည်။

အကောင်အရွယ်အစား ကြီးလှသောကြောင့် သာမန်ခွေးနှင့် မတူဘဲ ငရဲခွေးကြီးများနှင့် တူလှသည်။

သစ်ပင်အောက် ရောက်တော့ ထိုလူကြီးက သစ်ပင်ပေါ်သို့ တစ်ချက်မော့ကြည့်လေသည်။

နီမောင်တို့ကို မြင်သော်လည်း ဘာမှမပြောဘဲ ခွေးကြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်နှင့်အတူ စောစောက လူအုပ်ထွက်သွားသောဘက်သို့ လိုက်သွားလေတော့သည်။

နောက်တော့ အခြေအနေမှာ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

မိုးတဖွဲဖွဲ ရွာနေဆဲဖြစ်ပြီး အမှောင်ရိပ်များက ပတ်ဝန်းကျင်ကို ဖုံးလွှမ်းနေချေပြီ။ အပြင်မှာဆိုပါက အလင်းရောင်ရှိတန်ကောင်းသော်လည်း တောတွင်းမှာတော့ သစ်ပင်ရိပ်များကြောင့် အတော်မှောင်နေချေပြီ။

ထိုအချိန်မှ ကိုစံသိန်းက သက်ပြင်းချရင်း ပြောသည်။

"တော်ပါသေးရဲ့ကွာ"

"စောစောက လူအုပ်ကြီးက ဘယ်သူတွေလဲ ကိုစံသိန်း"

"တောထဲမှာ အကြောင်းအမျိုးမျိုးနဲ့ သေခဲ့ကြပြီး ဆွမ်းသွတ်ပေးမယ့်သူမရှိ၊ အမျှဝေပေးမယ့်သူနဲ့ မတွေ့ရနဲ့ ... လောကရောက်နေတဲ့သူတွေပေါ့"

"ဟိုတစ်ယောက်က ကိုစံသိန်းနဲ့ သိတယ်ဆိုတာ ... ဟုတ်သလား"

ကိုတင်ဌေးက ဝင်မေးသည်။

"လှမောင်ကြီး ဆိုတာလား၊ အရင်ကတော့ အ... အလုပ်လုပ်ဖူးတယ်၊ မတွေ့ရတာ အတော်ကြာပြီ၊ သူဘယ်... ချိန်က သေမှန်းတောင် မသိပါဘူး"

"နောက်က ခွေးကြီးနှစ်ကောင်နဲ့ လိုက်လာတဲ့လူကြီး... ရော ဘယ်သူလဲ"

"တောပိုင်ကြီးပဲ ဖြစ်မှာပေါ့ကွာ"

ကိုစံသိန်းက တိုးတိုးပင် ပြောသည်။

"ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ၊ ဒီသစ်ပင်ပေါ်မှာ ဆက်နေရမှာလား၊ လှေကို ပြန်မှာလား"

"ဒီမှာ ဆက်နေရင် အအေးမိပြီး ငါတို့ပါ သေမှာပေါ့၊ လှေရှိရာသို့ ပြန်ရမှာပေါ့၊ လှေမှာ ဦးထွန်းဖေတစ်ယောက် ...ည်းရယ်၊ သူလည်း ကြောက်လှရောပေါ့ကွာ"

ဟု ပြောပြီး သစ်ပင်ပေါ်မှ မဆင်းခင် အရှေ့အနောက် ...ောင်မြောက် အရပ်လေးမျက်နှာကို မှတ်သားသည်။

"ငါတို့ ရောက်နေတဲ့ နေရာကနေ မြောက်ဘက်ကို ...ည့်တည့်သွားရင် လဗတစ်ပင်ချောင်းကို ရောက်မယ်၊ ချောင်း... တွေ့ရင် ငါတို့လှေကို ပြန်ရောက်ဖို့ မခက်ခဲတော့ဘူး"

ဟု ပြောဆိုတိုင်ပင်ပြီး ညောင်လန်းပင်ပေါ်မှ ပြန်ဆင်း...သည်။

ထိုနောက် မြောက်ဘက်သို့ မှန်းပြီး ပြန်ဆင်းကြရာ ...ဦးပိုင်းအချိန်တွင် လှေရှိရာသို့ ပြန်ရောက်ကြသည်။

လှေကို တွေ့ရသော်လည်း မီးရောင်ကို မတွေ့ရပေ။

"ဦးထွန်းဖေ အိပ်ပျော်နေပြီလား"

လှေဆီသို့ ရောက်တော့ လှေပေါ်မှာ ဦးထွန်းဖေကို... ...တွေ့ရပေ။







www.burmeseclassic.com

www.burmeseclassic.com



"အူ ဝူ ဝူး. . . . . ."

"အူ ဝူ ဝူး. . . . . ."

ကိုစံသိန်းက တောခေလေ့အတိုင်း အချင်းချင်း ကြား
နိုင်အောင် အူသံပေးကြည့်သည်။

တော၏ပဲ့တင်သံသာ ပေါ်ထွက်လာပြီး. . တုံ့ပြန်
မကြားကြရပေ။

အခြေအနေကို ကြည့်တော့ လှေဦးပိုင်းက ကမ်းစပ်
အတော်နီးလေသည်။

"သူ အပေါ်တက်သွားသလား"

"ငါတို့ အပေါ်တက်ကြည့်ရင် ကောင်းမလား"

"ကောင်းတာပေါ့. . . မီးတုတ်တွေ ပြင်ပြီး ဒီနား
ဝိုက် လိုက်ရှာကြမယ်"

ဟု ပြောဆိုတိုင်ပင်ပြီး မိုးရေထိလျှင် ရုတ်တရက် မ
ငြိမ်းသော ရေနံချေးမီးတိုင်များကို လုပ်၍ မီးထွန်းကာ. .
ယောက်သား ကမ်းပေါ်တက်ကြသည်။

လှေဦးပိုင်းက ကမ်းနှင့် နီးနေသောကြောင့် အလ
တကူ တက်၍ရသည်။

သူတို့ တက်သွားသောနေရာမှာ မနက်ပိုင်းက တဲ
နှင့် မြေပုံတစ်ခု တွေ့ခဲ့ရသည့်နေရာပင်ဖြစ်သည်။

မြေပုံနေရာရောက်တော့ မှောက်လျက်လဲကျနေ
ဦးထွန်းဖေကို တွေ့ကြရသည်။





အနီးသွားကြည့်တော့ ဦးထွန်းဖေမှာ မျက်ဖြူလန်လျက်
အသက်မရှိတော့ပေ။

ပရလောကသားတို့၏မာယာစက်ကွင်းသို့ ဦးထွန်းဖေ
တစ်ယောက် သက်ဆင်းသွားခဲ့ရရှာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

# ချစ်ခွင့်မပိုင်သော ဘဝအခြေအနေ

နီမောင်၏ ဘ၀ခရီးကြမ်းတစ်လျှောက်တွင် အမိကကျခဲ့သူတစ်ဦး ရှိခဲ့သည်။ မြဝင်းသူပင်ဖြစ်သည်။

မြဝင်းသူက နီမောင်နှင့် အသက်အရွယ် မကွာလှပေ။ သူမက သာပေါင်းရွာဘက်မှာ နေသော်လည်း တစ်ရေတည်း တစ်မြေတည်း နေသောကြောင့် သိကျွမ်းကြသည်။

မြဝင်းသူ မိဘများကလည်း လှေတစ်စင်းဖြင့် တော



www.burmeseclassic.com

www.burmeseclassic.com



ဆင်းကြသူများဖြစ်သည်။

သူမက ရုပ်ရည်ချောသလောက် မာနကြီးသူလည်း ဖြစ်သည်။ သို့သော် နီမောင်ကိုတော့ ခင်သည်။

"နီမောင် . . နင် အလုပ်ကပြန်လာရင် အိမ်ထဲက အိမ်အပြင်မထွက်ဘဲနဲ့ ဘာလုပ်နေတာလဲ"

"စာဖတ်တယ် . . ပြီးတော့ စာရေးတယ်"

မြဝင်းသူက အံ့သြသွားသည်။

"ဘာစာတွေ ရေးတာလဲဟင်"

"ဝတ္ထုရေးတာ"

"ဝတ္ထုဆိုတာ ဘာလဲဟင်"

"အင်း . . ဝတ္ထုဆိုတာ၊ ဟို . . ဇာတ်လမ်းရေးတာကို ပြောတာပေါ့"

"ရေဒီယိုကလာတဲ့ ဇာတ်လမ်းပမာလို ဇာတ်လမ်းမျိုးတွေလား"

"ဟုတ်တယ်"

"အဲဒါတွေ ရေးနေတော့ ဘာရမှာမို့လဲ"

"အခုတော့ မရသေးဘူးပေါ့၊ နောက်တော့ ရချင်ရမှာပေါ့၊ ငါရေးတဲ့ဝတ္ထု နင်ဖတ်ကြည့်မလား"

မြဝင်းသူက ချက်ချင်းခေါင်းခါပြသည်။

"ငါက လက်တွေ့ပဲသဘောကျတယ်၊ စိတ်ကူးနဲ့ အချိန်ကုန်နေတဲ့အလုပ်မျိုးတွေ ဘယ်တော့မှ မလုပ်ဘူး"





နီမောင်ရင်ထဲမှာ အောင့်သက်သက် ဖြစ်သွားသော်လည်း သူ့အနေနှင့် ဘာမှမပြောသာပေ။

"နင် ဘာကြောင့် အဲဒါတွေလုပ်နေတာလဲ"

"ဝါသနာပါလို့ပါ"

"ပိုက်ဆံမရတဲ့ ဝါသနာမျိုးတော့ အချိန်ကုန်ခံပြီး လုပ်မနေစမ်းပါနဲ့ဟာ၊ ဒါထက် နင်တို့ တောကို ဘယ်တော့ဆင်းကြမှာလဲဟင်"

"နောက်တစ်ပတ်လောက်တော့ ဆင်းဖြစ်မယ်ထင်တယ်"

"နင်တို့ တောဆင်းခါနီးရင် ငါတို့လည်း ပြောပါဦး . . ငါတို့သားအဖတွေလည်း လိုက်ခဲ့ချင်လို့"

"ကောင်းတာပေါ့ဟာ"

နီမောင်က စိတ်ထဲမှာ မြဝင်းသူတို့နှင့်အတူ တောဆင်းရမည်ဆိုသောကြောင့် ပျော်သွားသည်။

အဘယ်ကြောင့်ဆိုသော် . . .

သူ့စိတ်ထဲမှာ မြဝင်းသူကို ကျိတ်ပြီးသဘောကျနေသောကြောင့်ဖြစ်သည်။

သို့သော်လည်း ယောကျ်ားလေးတစ်ယောက်လို နေထိုင်ပြီး ဒေါသကြီးတတ်သည့် မြဝင်းသူကိုတော့ မစရဲသေးပေ။

ယခင်က အခြားသူများထံမှ အခစားဘဝဖြင့် အငှားလိုက်ခဲ့ရသော နီမောင်မှာ မိတ်ဆွေတစ်ယောက်၏ အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



ပေးမှုကြောင့် လှေတစ်စင်း အပိုင်ရခဲ့လေသည်။

လှေတစ်ခေါက်ပြန်လာတိုင်း သင့်တော်သလောက် ဖွဲ့ဆပ်ရာမှ ထိုလှေကို ပိုင်ဆိုင်ခဲ့ရသည်။

သူ လှေပိုင်ရတော့ တောသို့ တစ်ယောက်တည်းသွား၍ မရသောကြောင့် ရွာထဲမှ ညီအစ်ကိုကဲ့သို့ ခင်မင်သော စောထီးနှင့် ငမဲအောင်တို့ကို ခေါ်ယူလေသည်။ စောထီးနှင့်ငမဲအောင်တို့ကလည်း နီမောင်ကို ခင်မင်ကြသောကြောင့် သူခေါ်သောအခါတွင် လိုလိုလားလား လာရောက်လုပ်ကိုင်ကြသည်။

ရလာသောအကျိုးအမြတ်ကို အချိုးကျ ခွဲဝေယူကြသည်။ နီမောင် တောဆင်းသောအခါ ခါးမသန်တော့သည့် ဖခင်ဖြစ်သူတို့ မခေါ်တော့ဘဲ စောထီးနှင့် ငမဲအောင်တို့နှင့်သာ အတူသွားလေသည်။

တောမဆင်းခင် ဖတ်ချင်သော စာအုပ်များကို ဝယ်စုထားပြီး တောဆင်းသောအခါ သယ်ယူသွားသည်။ နားချိန်ရသည့်အခါ ယူလာသောစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ်ဖတ်သည်။

လှေဖြင့်သွားသောအခါ စာဖတ်ရုံသာ ဖတ်နိုင်ပြီး စာရေးသည့်အလုပ်တော့ မလုပ်ဖြစ်ပေ။

ယခင် အခြားသူများထံမှ အခစားဖြင့် အငှားလိုက်စဉ်က စာအုပ်ယူခွင့်မရဘဲ ယခု ကိုယ်ပိုင်လှေဖြင့် သွားရသောအခါမှသာ စာအုပ်ယူခွင့်ရသောကြောင့် နီမောင်မှာ အကျေနပ်ကြီး





ကျေနပ်နေတော့သည်။

သည်တစ်ခေါက် တောဆင်းကြသည်မှာ . ပျော်စရာကောင်းလှသည်။

နီမောင်တို့သုံးယောက်က လှေတစ်စင်း၊ ဦးဗန်ကောင်းက သူ့တူဖြစ်သူ စံနက်ကျော်နှင့် လှေတစ်စင်း၊ မြဝင်းသူက သူ့ဖခင် ဦးကျော်နှင့်အတူ မောင်ဖြစ်သူတင်ခတို့နှင့် သုံးယောက်လှေတစ်စင်း၊ စုစုပေါင်း လှေသုံးစင်း အတူတကွ ဆင်းကြလေသည်။

ထိုအခြေအနေကြောင့် နီမောင်မှာ တက်ကြွနေသည်ကို ကြည့်ပြီး ငမဲအောင်ကပြောသည်။

"မြဝင်းသူတို့ သားအဖလှေနဲ့အတူ တောဆင်းရမှာမို့ မင်းကျိတ်ပြီးပျော်နေတယ် မဟုတ်လား"

"မဟုတ်ပါဘူးကွာ"

"ဘာမဟုတ်ရမှာလဲ . မင်းမျက်နှာကြည့်တာနဲ့ အသိသာကြီးပါ၊ လိမ်ပြောတဲ့လူတစ်ယောက် သူ့မျက်နှာကို သူမမြင်ရလို့ လိမ့်ပြောဝံ့တာ၊ တကယ်လို့ သူ့မျက်နှာကို ပြန်မြင်ရရင် ဘယ်တော့မှ မလိမ်ဝံ့ဘူး၊ ဘာကြောင့်လဲ သိလား"

"ဘယ်သိမှာလဲ"

"လူကသာ လိမ်နေပေမယ့် မျက်လုံးတွေက ဘယ်တော့မှ လိုက်မလိမ်လို့ပဲ"

"တော်ပါတော့ ဒဿနပညာရှင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ငမဲအောင်တို့ နောက်ပြောင်မည်စိုးသဖြင့်သာ စွတ်ငြင်းနေရသော်လည်း သူ့စိတ်ထဲမှာ ပျော်နေသည်ကတော့ အမှန်ပင် ဖြစ်သည်။

ရေကျချိန်တွင် မိမိတို့ရွာမှ ထွက်လာကြရာ ညနေပိုင်းအချိန်ရောက်သောအခါ ကျွန်းညိုကြီးသို့ ရောက်သည်။

တစ်ချိန်က သစ်တောကြီးများဖြင့် ညို့နေသော ကျွန်းညိုကြီးမှာ ယခုအခါမှာတော့ ရွာများ လယ်ကွင်းများကိုသာ တွေ့ရတော့သည်။

မြစ်ကမ်းဘေးတစ်လျှောက်မှာတော့ ရေတစ်ပိုင်း ကုန်းတစ်ပိုင်းဖြစ်နေသော သစ်ငုတ်တိုများတော့ ရှိနေသေးသည်။

မြစ်ရေပြင်ပေါ်မှာတော့ လှေသုံးစင်း ရှေ့ဆင့်နောက်ဆင့် သွားနေကြသည်။

ဦးဗန်ကောင်းနှင့် စံနက်ကျော်က ရှေ့တစ်ယောက်နောက်တစ်ယောက် လှေခတ်ပြီး မြဝင်းသူတို့လှေမှာတော့ သူက ထမင်းဟင်းချက်ပြီး ဦးကျော်နှင့် တင်ခတို့က လှေခတ်ကြသည်။

နီမောင်တို့လှေမှာတော့ စောထီးနှင့်ငမဲအောင်က လှေခတ်ပြီး နီမောင်က ထမင်းချက်သည်။

မိုးလေကင်းနေပြီး မြစ်ရေပြင်ပေါ်မှာ လေတဖြူးဖြူးနှင့် သာယာနေသောကြောင့် သွားလာကြရသည်မှာ ခရီးတွင်ကြလေသည်။

ထိုအချိန်မှာပင် ငမဲအောင်က လှေခတ်နေရင်းနှင့် သူ





ရသော သီချင်းတစ်ပိုင်းတစ်စကို အသံကျယ်ကျယ်ဖြင့် အော်ဟစ်ဆိုနေလေသည်။

"တကယ်မေတ္တာစစ်နဲ့ ချစ်ရဲ့သားနဲ့ ငြင်းပယ်တော်မူအားတယ်. . .

အဟုတ် မေတ္တာစစ်နဲ့ ချစ်ရဲ့သားနဲ့ ပစ်ပယ်တော်မူအားတယ်. . .

အထင်တော်လွဲလို့ရယ်. . ချစ်တဲ့သူရယ်. . ခွဲနိုင်ရှာရက်တယ်. . .

မောင့်အပေါ်ဝယ် ဂုဏ်ရည်မတူလို့လား. . .

ရွှေစံပယ်ဖြူ ပန်ချင်သူတွေက များတယ်. . .

မသနားဘဲ ရက်စက်တယ်. . . ဟယ်. . . ဟယ်"

"ဟေ့. . . ငမဲအောင် ဘာတွေ ဆိုနေတာလဲ"

နီမောင်က ပေါင်းမိုးအတွင်းမှ လှမ်းပြောသည်။

"ငါ့ဘာသာ သီချင်းဆိုနေတာ ဘာဖြစ်သလဲ"

"တော်ကြာ ဟိုကကြားလို့ တစ်မျိုးထင်နေပါဦးမယ်"

"သီချင်းဆိုတာပဲ. . . ဘယ်သူပဲကြားကြားပေါ့၊ မင်းသာ အိုးမလုံ အုံပွင့်မနေနဲ့"

ပြောပြောဆိုဆိုနှင့် ငမဲအောင်က သီချင်းထပ်ဆိုနေရာ နီမောင်လည်း မပြောတော့ပေ။

"ဟေး. . ငမဲအောင်၊ လှေထွက်လာတာတောင် မကြာသေးဘူး၊ ရွာမှာ ကျန်ခဲ့တဲ့ရည်းစားကို လွမ်းနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လှေမှ စံနက်ကျော်က လှမ်းအော်မေးသည်။

"အေး. . . ဟုတ်တယ်"

"ဘာမှစိတ်မပူနဲ့ သူငယ်ချင်း၊ မင်း တောကပြန်တက်သွားရင် ဟိုက ကလေးချီပြီး စောင့်နေလိမ့်မယ်"

"တော်စမ်းကွာ. . . နိမိတ်မရှိတဲ့စကားတွေ ပြောမနေနဲ့"

ထိုစကားကြောင့် ကျန်လှေပေါ်မှ လူများက ဝိုင်းရယ်ကြသည်။

တကယ်တော့ သူတို့ဘဝက ထိုကဲ့သို့ ပြောဆိုနောက်ပြောင်ရင်း သွားကြရာ မောမှန်းမသိအောင်ပင် ပျော်ရွှင်နေကြသည်။

ညဥ့်ဦးပိုင်းအချိန်တွင် ရေတက်လာသောအခါ တစ်နေရာမှာ ဝင်နားပြီး ချက်ပြုတ်ထားသော ထမင်းဟင်းများကို လှေတစ်စင်းမှာ စုပြီး ဝိုင်းဖွဲ့စားသောက်ကြသည်။ ထိုသို့ စားသောက်ကြသဖြင့် ပျော်စရာကောင်းသည်။

"နီမောင်. . . ငါချက်တဲ့ဟင်းလည်း စားကြည့်ပါဦး"

မြဝင်းသူက ပြောသည်။

"အင်း. . . ကောင်းမှာပါ"

နီမောင်က ဟင်းခွက်ကို မနှိုက်သဖြင့် မြဝင်းသူက သူချက်ထားသော ငါးဟင်းကို ထည့်ပေးသည်။

"ငါလည်း မြည်းကြည့်ချင်တယ်"





စောထီးက လှမ်းပြောသဖြင့် မြဝင်းသူက ဟင်းပန်းကန်ကို လှမ်းပေးလိုက်သည်။

ထိုကဲ့သို့ ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့စားသောက်ကြရသည် ကပင် ထမင်းမြိန်စရာဖြစ်သည်။

သန်းခေါင်ကျော် အချိန်လောက်တွင် ရေတက်တာပြည့်သွားပြီး ရေပြန်ကျသည်။

ထိုအခါ ညအချိန်မှာပင် ရေစုန်ဖြင့် ခရီးဆက်ကြရာ နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် အလုပ်ဝင်ကြမည့် မိန်းမလှကျွန်းသို့ ရောက်ကြလေသည်။

ထိုကျွန်းမှာ ရှေးအခါက မိန်းမလှကျွန်းဟု ခေါ်ဝေါ်ကြသော်လည်း. . နောက်ပိုင်း မျောက်တစ်ရာစေတီတော်ကို အကြောင်းပြုပြီး "မျောက်တစ်ရာ" ဟုလည်း ခေါ်ကြသည်။

ထိုအချိန်က မိန်းမလှကျွန်းမှာ အမှားအယွင်း မခံဘဲ နယ်မြေကြမ်းသော နေရာတစ်ခုဖြစ်သည်။

မိန်းမလှကျွန်းကို ခါတ်ပုံမရိုက်ရခြင်း၊ အမဲသား၊ ဝက်သား ယူဆောင်၍မရခြင်း၊ ကုလားဘာသာစကား မပြောရခြင်း၊ သင်စုံမယားဖက် အတူမနေရခြင်း၊ အညစ်အကြေး စွန့်လျှောချင့်တောင်းရခြင်း၊ ထမင်းဦး ဟင်းဦး တင်မြှောက်ပြီးမှ စားသောက်ရခြင်း စသော ဓလေ့ထုံးစံများကို လိုက်နာကြရသည်။

တစ်ခုခုချို့ယွင်းပါက ချက်ချင်းဆိုသလို အန္တရာယ်နှင့်တွေ့ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက မိန်းမလှကျွန်းပေါ်တွင် ကျား၊ ဆင်တို့ များစွာရှိပြီး မြစ်ထဲချောင်းထဲမှာ မိကျောင်းအလွန်ပေါသည်။ မြစ်ထဲချောင်းထဲမှာ မိကျောင်းများကို မပြတ်တွေ့ရသည်။

ရေပေါ်မှာ ကိုယ်လုံးဖော်ကူးနေသော မိကျောင်းများ ရေကျချိန်တွင် သောင်ပြင်ပေါ် တက်အိပ်နေသည့် မိကျောင်းများကို တွေ့မြင်ကြရသည်။

ဘိုကလေးနယ်တစ်ဝိုက်မှာ ယခင်က မိကျောင်းအပေါဆုံးနေရာမှာ မိန်းမလှကျွန်းတစ်ဝိုက်ပင်ဖြစ်သည်။

နီမောင်တို့ လှေသုံးစင်းမှာ နံနက်ပိုင်းအချိန်မှာပင် မိန်းမလှကျွန်းသို့ ရောက်ကြပြီး မျောက်တစ်ရာစေတီတော် ရှိသောနေရာကိုပင် ကျော်သွားကြသည်။ မျောက်တစ်ရာစေတီတော်မှာ တောနက်အတွင်း၌ ရှိလေသည်။

(ယခုတော့ မိန်းမလှကျွန်းကို ကန့်သတ် သစ်တောကြိုးဝိုင်းအဖြစ် ပြန်လည်ထူထောင်နေကြပြီဖြစ်၏။)

ထိုနေရာနှင့် မနီးမဝေးမှာ လမုချောင်း ရှိသည်။ လမုချောင်းမှာ အတော်ကလေးကျယ်ပြီး ချောင်းဖျားအထိ ရောက်အောင်သွားပါက တောနက်ပိုင်းအထိ ရောက်နိုင်လေသည်။

ထိုနေရာမှာ ဖောင်ဝင်မြစ် တောင်ဘက်ခြမ်းဖြစ်ပြီး ဖောင်ဝင်မြစ်မြောက်ဘက်ကမ်းမှာတော့ ရွာများရှိသည်။ ထိုအချိန်က ထော်ပိုင်၊ စက်စု စသောနေရာများမှာ ရွာအဆင့်မျိုးသာ ရှိပေသေးသည်။





နောက်ပိုင်းမှာတော့ စက်စုရွာမှာ မြို့ငယ်တမျှ တိုးတက်စည်ကားခဲ့လေသည်။

လမုချောင်းမှာ ချောင်းဝမှာရော ချောင်းတွင်းမှာပါ လမုပင်များစွာတို့ ရှိကြသည်။

သူတို့သည် လှေများကို ချောင်းတွင်းရောက်အောင် ဝင်ခဲ့ပြီးမှ သင့်တော်သောနေရာတွင် လှေသုံးစင်းကို ဦးချင်း ပဲ့ချင်း ဆက်ပြီး ရပ်ထားလိုက်သည်။

ထိုသို့ဆက်ထားသဖြင့် တစ်စင်းနှင့်တစ်စင်း ကူးသန်းသွားလာ၍ ရကြလေသည်။

လှေများ နေရာချပြီးသောအခါ ဦးဗန်ကောင်း၏ လှေပေါ်မှာစုကြသည်။

လက်ဖက်ခြောက်များများဖြင့် ခါးလှသော လက်ဖက်ရည်ကြမ်းသောက်ရင်း အလုပ်အကြောင်း ပြောဆိုတိုင်ပင်ကြသည်။

ဦးဗန်ကောင်းက ပြောသည်။

“ငါတို့ အခုရောက်နေတဲ့ မိန်းမလှကျွန်းက နယ်မြေကြမ်းတဲ့နေရာတစ်နေရာလည်း ဖြစ်သလို တောကောင်တွေလည်း ပေါတယ်၊ ဒီနေရာတစ်ဝိုက်မှာ ကိုးတောင်ကျားတစ်ကောင် ရှိတယ်ဆိုတာလည်း မင်းတို့ သိမှာပေါ့”

အားလုံးက ခေါင်းညိတ်ပြလိုက်သည်။

“ဒါကြောင့် အမှားအယွင်း မရှိကြစေနဲ့၊ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်တဲ့နေရာမှာလည်း အကြောင်းရှိရင် အကူအညီပေး လို့ရအောင် တစ်ဦးနဲ့တစ်ဦး သိပ်မဝေးကြစေနဲ့”

“စိတ်ချပါ အဘ၊ ကျွန်တော်တို့ သတိနဲ့လုပ်ကြမှာပါ”

ဦးဖန်ကောင်းက ခေါင်းညိတ်ပြသည်။

“နီမောင်တို့က ဘာလုပ်မှာလဲ”

“ကျွန်တော်တို့က သစ်ပဲ ဖြတ်မှာပါ”

“မောင်ကျော်တို့ သားအဖတွေကရော”

“ကျွန်တော်တို့က ခြံတိုင်အတွက် မဒမသား ခုတ်မှာပါ”

“ငါတို့တူဝရီးနှစ်ယောက်က သင်ပေါင်းတိုင် ခုတ်ကြ မယ်၊ ဘာပဲဖြစ်ဖြစ် သတိနဲ့တော့ လုပ်ကြ”

အားလုံး ခေါင်းညိတ်ပြလိုက်ကြသည်။

၎င်းတို့လှေသုံးစင်းမှာ တစ်စင်းနှင့်တစ်စင်း ခုတ်ယူမည့် သစ်အမျိုးအစား မတူကြပေ။

သို့ကြောင့် နေရာလည်း မတူကြပေ။

သင်ပေါင်းဗျိုက်တော ရှိသောနေရာက သတ်သတ် မဒမဗျိုက်တောရှိသည့်နေရာက သတ်သတ်ဖြစ်ပြီး၊ ကနစို များ ရှိသောနေရာက သတ်သတ်ဖြစ်သည်။

ကနစိုပင်နှင့် သင်ပေါင်းပင်များက ချောင်းနှင့် မ မဝေးမှာ အလွယ်တကူ ရနိုင်သော်လည်း မဒမသားက ကမ်း နီးသောနေရာမှာ မပေါက်ပေ။

ကမ်းနှင့်ဝေးသော ကုန်းတန်းနေရာများမှာ ပေါက်





ဗျိုက်တောများအတွင်းမှာ တောကောင်များလည်း ကျက်စားလေ့ ရှိကြသည်။

ထို့ကြောင့် နီမောင့်စိတ်ထဲမှာ မြဝင်းသူတို့ သားအဖ သုံးယောက်အတွက် စိတ်မချသလိုဖြစ်မိသော်လည်း သူ့အနေ နှင့် တားပိုင်ခွင့်တော့ မရှိပါချေ။


အားလုံး အဆင်သင့် ဖြစ်ပြီးသောအခါ တောင်ပေါ်သို့ တောင်တက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

# တောနက်အတွင်းမှ အန္တရာယ်

မဒမဗျိုက်တောဆိုသည်မှာ ရေနှင့်ဝေးသော ကုန်းတန်းမြင့်များတွင်သာ ပေါက်လေ့ရှိသည်။ မဒမပင်မှာ အပင်ငယ်မျိုးဖြစ်သည်။ လက်မောင်းလုံး အရွယ်လောက်မှ ပေါင်လုံးအရွယ်နှင့်အထိသာ ရှိသည်။

အသားမာမျိုးဖြစ်ပြီး အိမ်တိုင်အဖြစ် အသုံးပြုပါကခံစားပေ။ မဒမပင်မှာ အခေါက်ထူသောအပင်မျိုး ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထိုအခေါက်ကို ခွာပြီး အခြောက်လှမ်းထားသည်။ အခြောက်လှမ်းထားသော မဒမခေါက်ကို မှိုးပြဒယ်များဖြင့် အရည်ကျိုပါက နီညိုရောင်အစေးရည်များ ရသည်။ ထိုမဒမခေါက်အရည်ကို ငါးပုစွန်ဖမ်းသောပိုက်များတွင် ဆိုးထားပါက အခွေးမြွခံသည်။

အချို့ အကြမ်းဝတ်သောအကျႌများမှာ ဆိုးပြီးဝတ်ကြသည်။ သစ်ခေါက်ရည်ဆိုးသော အဝတ်အစားများကို တောမှာ အမြဲနေကြသည့် သူတော်ကောင်းများ၊ ရသေ့ရဟန်းများလည်း ဝတ်ဆင်ကြသည်။

သစ်ခေါက်ရည်ဆိုးသောအဝတ်၊ ဖန်ရည်ဆိုးသော သင်္ကန်းဆိုသည်မှာ မဒမ သစ်ခေါက်ရည် ဆိုးထားသော အဝတ်များပင်ဖြစ်၏။

မဒမသားမှာ မာကျောလှသောကြောင့် အိမ်တိုင်သာမက ခြံစည်းရိုးတိုင်စိုက်ရာမှာလည်း အသုံးပြုကြသည်။ တောရွာများမှာ မဒမသားတိုင်ကိုပင် ခြံစည်းရိုးနှင့် အခြားတိုင်များ အဖြစ် အသုံးပြုကြလေ့ရှိသည်။

အခေါက်ခွာထားသော မဒမသားများကို အခြောက်ခံ၍ ထင်းအဖြစ် အသုံးပြုလျှင်လည်း ကောင်းသည်။

ထို့ကြောင့် မဒမသားမှာ များစွာအသုံးဝင်သော သစ်ပင်မျိုး ဖြစ်ပေသည်။ ထို့အပြင် မဒမသား ခုတ်ယူရာမှာလည်း ကနစိုသစ်ပင် လှဲရတာလောက် အန္တရာယ်မများပေ။ ဓါးတစ်ချောင်း၊ ကပ်ပါးတစ်လက်နှင့် လူတစ်ယောက် ရှိရုံဖြင့် ခုတ်ယူနိုင်





လေသည်။ တစ်ခုတော့ ရှိသည်။

မဒမသားများကို ခုတ်ယူရသည်မှာ မပင်ပန်းသော်လည်း ခုတ်ပြီးသား မဒမသားချောင်းများကို လှေဆိပ်ရောက်အောင် ထမ်းချရသည်ကတော့ ပင်ပန်းသည်။ မဒမသားမှာ အနည်းဆုံး အရှည်လေးတောင်ခန့် ခုတ်ယူရသောကြောင့် တောထဲမှာ ထမ်းချရသည့်အခါ မလွတ်မလပ်နှင့် အတော်ခက်သည်။

တောထဲမှာ ဖောက်ထားသောလမ်းမှာ လူတစ်ယောက် သွားသာရုံသာရှိပြီး အောက်မှာ ငရုတ်များ ရှိသည်။ နံဘေးမှာ ဆူးချုံများ ရှိသည်။ ခြေလှမ်းတစ်ချက် မှားသည်နှင့် ငရုတ် (ကနစိုပင်မှ သစ်မြစ်အငုတ်)နှင့် ထိုးမိလျှင်ထိုး၊ သို့မဟုတ် ဆူးစူးမိလျှင်စူး ဖြစ်လေ့ရှိသည်။

သို့ကြောင့် ခုတ်ရတာ မပင်ပန်းဘဲ ထမ်းချရတာက ပိုပြီးပင်ပန်းခြင်းဖြစ်၏။

မြဝင်းသူတို့မှာ သားအဖသုံးယောက်စလုံး တောပေါ် တက်ပြီး အလုပ်လုပ်ကြသည်။

မြဝင်းသူမှာ လှေထဲမှာ တစ်ယောက်တည်း မနေဝံ့သောကြောင့် တောပေါ်သို့ တက်လိုက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ လိုက်သော်လည်း အလကား မနေဘဲ သူလုပ်နိုင်သမျှ ဝိုင်းကူလုပ်လေသည်။

ဦးကျော်နှင့် တင်ခတို့က မဒမပင်များ ခုတ်ဖြတ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



သူမက ပြောသည်။

"အဖေ ခုတ်ပြီးသား မဒမသားတွေကို ကျွန်မ ထမ်းချမယ်"

"တစ်ယောက်တည်း ဖြစ်ပါ့မလား"

"လမ်းမှာ နီမောင်တို့ ထင်းဖြတ်နေတာပဲ၊ ဟိုဘက်မှာလည်း အဘဦးဖန်ကောင်းတို့ ရှိတာပဲ၊ စိုးရိမ်စရာ မရှိပါဘူး"

မြဝင်းသူက ရှပ်အင်္ကျီအဟောင်း၊ တောဝတ်ဘောင်းဘီအဟောင်းတို့ကို ဝတ်ထားပြီး ခါး၌ နွယ်ကြိုးဖြင့် ပတ်စည်းထားသည်။

ထိုနွယ်ကြိုးမှာ သားရေအိတ်ဖြင့် ထည့်ထားသော ဓား တစ်လက် ပါသည်။

ခေါင်းပေါ်မှာ ပုဆိုးဟောင်းတစ်ထည်ဖြင့် ပေါင်းထားပြီး မျက်နှာပေါ်မှာ သနပ်ခါးထူထူ လိမ်းထားသည်။

ရုတ်တရက်ကြည့်လျှင် ယောကျ်ားလေးတစ်ယောက်နှင့် ပိုတူလေသည်။

"အေး . . . ထမ်းချင်လည်း ပြီးသလောက် ထမ်းချထားပေါ့၊ ဒါပေမယ့် သိပ်များများတော့ မသယ်နဲ့၊ လမ်းသွားရင်လည်း သတိနဲ့သွား"

ဟု ဦးကျော်က မှာသည်။

"ဟုတ်ကဲ့ပါ အဖေ"

မြဝင်းသူက ဦးကျော်နှင့် တင်ခတို့ ခုတ်ချထားသော





မဒမချောင်းများကို ယောကျ်ားတစ်ယောက်ကဲ့သို့ ပခုံးပေါ်မှာ ထမ်းပြီး ကမ်းစပ်သို့ ဆင်းသည်။

မဒမသား ခုတ်သောနေရာနှင့် လှေရပ်ထားသော နေရာမှာ မဝေးလှသော်လည်း အသွားအပြန်ဆိုလျှင် တစ်ခေါက် တစ်ခေါက် အတော်ကလေး ကြာသည်။

သူထမ်းချနေသောနေရာလမ်းနှင့် မနီးမဝေးမှာ နီမောင်တို့ ထင်းဖြတ်နေသောနေရာနှင့် ဦးဖန်ကောင်းတို့ သင်ပေါင်းခုတ်နေသောနေရာနှင့် မဝေးလှပေ။

သို့ကြောင့် လူကို မမြင်ရသော်လည်း လွှဖြတ်သံနှင့် ဓားခုတ်သံများကိုတော့ ကြားနေရသည်။

သို့ကြောင့် သူမနေနှင့် တစ်ယောက်တည်း ထမ်းနေရသော်လည်း ကြောက်ရွံ့ခြင်းတော့ မရှိလှပေ။

ထိုအချိန်မှာ နီမောင်က လှေဘက်သို့ တစ်ခေါက်ပြန် ဆင်းလာသည်။

သူဆင်းလာသောလမ်းမှာ မမျှော်လင့်သော ခြေရာတစ်ခုကို မြင်ရသောကြောင့် စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားသည်။

အဆင်းအတက်ပြုနေသောလမ်းနှင့် မနီးမဝေးနေရာတွင် ခြေရာအချို့ကို တွေ့မြင်ရခြင်းဖြစ်သည်။

မြေပျော့ပေါ်မှာ လတ်လတ်ဆတ်ဆတ် လျှောက်သွားသော တောကောင်တစ်ကောင်၏ ခြေရာပင်ဖြစ်သည်။

"ဟင် . . . ဒါ တောကောင်ခြေရာပါလား"



www.burmeseclassic.com

www.burmeseclassic.com



လူသွားလမ်းပေါ် ကြည့်လိုက်တော့လည်း လောဆော ဆယ် လျှောက်သွားသော ခြေရာအချို့ကို တွေ့ရသောကြောင့် စိတ်ပူသွားမိလေသည်။

သူ့လက်ထဲမှာ ကပ်ပါးတစ်လက် ပါလာသောကြောင့် ကပ်ပါးကို တင်းတင်းဆုပ်ကိုင်ပြီး လူသွားလမ်းအတိုင်း လိုက် သွားလေသည်။

တစ်နေရာရောက်တော့ မမျှော်လင့်ဘဲ မြဝင်းသူနှင့် မျက်နှာချင်းဆိုင် တွေ့ကြရလေသည်။

သူ့ခြေသံကြားသဖြင့် မြဝင်းသူက သစ်ချုံနံဘေးမှာ ကွယ်ရပ်နေပြီး သူမှန်း သိတော့မှ ရုတ်တရက် ထွက်လာခြင်း ဖြစ်သည်။

"နင် ငါ့နောက်လိုက်ပြီး ဘာလုပ်တာလဲ"

ဟု လေသံမာမာဖြင့် မေးသည်။

"နင့်နောက်လိုက်တာ မဟုတ်ပါဘူး၊ လှေဆိပ်ကို ပြန် ဆင်းလာတာပါ. . . နင်တစ်ယောက်တည်းလား"

"ဟုတ်တယ်. . . တစ်ယောက်တည်းဆိုတော့ ဘာဖြစ် မလို့လဲ"

"အထင်မလွဲပါနဲ့ မြဝင်းသူရယ်၊ ငါက စေတနာနဲ့ မေး တာပါ၊ ဟိုဘက်နားမှာ တောကောင်ခြေရာတွေ တွေ့ခဲ့တယ် နင် မကြောက်ဘူးလား"

"ငါက ကျားမကြောက်ပါဘူး၊ အခွင့်အရေးယူတတ်တဲ့





လူပဲ ကြောက်တာ"

ဟု ပြောရာနီမောင်မှာ မျက်နှာတစ်ချက် ပျက်သွားလေ သည်။

ထိုသို့ပြောပြီး မြဝင်းသူက သူ့လမ်းအတိုင်း ဆက် လျှောက်သွားလေသည်။

နီမောင်က သူမ ထွက်သွားရာဘက်သို့ လှမ်းကြည့်နေ ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

မြဝင်းသူ ထွက်သွားပြီး မကြာမီ မနီးမဝေးနေရာမှ ကျားဟိန်းသံတစ်ချက် ထွက်လာသည်။

"ဝေါင်း. . ."

"ဟင်. . ."

နီမောင်မှာ ထိုအသံကြောင့် မြဝင်းသူအတွက် စိတ်ပူ သွားသည်။ သို့သော် မိမိကို တစ်မျိုးထင်မည်စိုးသောကြောင့် လိုက်သွားရကောင်းနိုးနိုး၊ ဒီအတိုင်းနေရကောင်းနိုးနိုး ဖြစ်နေ သည်။

ထိုအခိုက်မှာပင် သူရှိရာဘက်သို့ ပြေးလာသော ခြေသံ ကြားသဖြင့် လှမ်းကြည့်လိုက်သည်။

လမ်းအတိုင်း မြဝင်းသူ ပြန်ပြေးလာခြင်းဖြစ်သည်။

"ဘာဖြစ်တာလဲ မြဝင်းသူ"

"ဟို. . ဟိုနားမှာ. . ."

နီမောင်က ကပ်ပါးကို တင်းတင်းဆုပ်ကိုင်ပြီး အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေကို လှမ်းကြည့်လိုက်သည်။

သူမ ပြေးလာသော အနောက်ဘက်မှာရှိသော သစ်ပင်အချို့ လှုပ်ယမ်းသွားပြီး ရိပ်ခနဲ ဖြတ်သွားသော သဏ္ဌာန်တစ်ခုကိုတော့ လှမ်းမြင်လိုက်ရသည်။

"အူ. . ဝူ. . ဝူ. . ."

နီမောင်က ချက်ချင်း သူ့လူများ ရှိသောဘက်သို့ အူသံဖြင့် အချက်ပေးလိုက်သည်။

"အူ. . . ဝူ. . . ဝူ"

ခဏကြာတော့ မနီးမဝေးမှာ ရှိနေကြသူများထံမှ အူသံများ ပြန်ကြားလာသည်။

မြဝင်းသူကတော့ သူ့နောက်နားမှာ ကြောက်ရွံ့တုန်လှုပ်စွာ ရပ်နေသည်။

ထို့နောက် အူသံများ တဖြည်းဖြည်း နီးလာပြီး အားလုံးရောက်လာကြသည်။

"နီမောင် ဘာဖြစ်တာလဲဟေ့"

အနားရောက်တော့ နီမောင်က အခြေအနေကို ပြောပြလိုက်လေသည်။

"တော်ပါသေးရဲ့ကွာ. . . မင်းနဲ့ တွေ့လို့သာပဲ"

ဦးကျော်က ပြောလိုက်သည်။

"ငါတို့ သစ်ခုတ်သံတွေ ကြားတာနဲ့ ဒီတောကောင်ကြီး ဒီဘက်လာချောင်းတာ ဖြစ်ရမယ်၊ ငါတို့တစ်တွေ လူစုသိပ်ခွဲ





မသင့်ဘူး၊ အကြောင်းရှိရင် တစ်ယောက်နဲ့တစ်ယောက် အကူအညီပေးနိုင်ကြမယ့်နေရာမှာ လုပ်ကြမှဖြစ်မယ်"

ဟု ဦးဗန်ကောင်းက ပြောသည်။

ထို့နောက်. . .

အလုပ်လုပ်နေသောနေရာသို့ ပြန်မသွားကြတော့ဘဲ လှေဆိပ်ရှိရာသို့ ပြန်ဆင်းခဲ့ကြလေသည်။

ထိုနေရာက လှေမှာ ပြန်ရောက်နေကြသော်လည်း မည်သူမှ စိတ်ဖြောင့်ဖြောင့် မနေဝံ့ကြပေ။ သူတို့ရောက်သော လမုချောင်းမှာ ချောင်းကျဉ်းသည်။ တောကောင်က ကမ်းပေါ်မှာသော်လည်းကောင်း၊ သစ်ပင်ပေါ်မှာသော်လည်းကောင်း၊ လွှားခနဲ ခုန်တက်လာပါက အလွယ်တကူ ရောက်လာနိုင်သော အကွာအဝေးရှိသည်။

သို့ကြောင့် စိတ်ချလက်ချ မနေဝံ့ကြခြင်းဖြစ်သည်။ ညဦးပိုင်းအချိန်က ရေနွေးကြမ်းသောက်ရင်း ဝိုင်းဖွဲ့စကားပြောရင်း စောင့်ကြသည်။

ညဉ့်နက်ပိုင်း ရောက်လာတော့ အလှည့်ကျ စောင့်ပြီး အလှည့်ကျ အိပ်ကြလေသည်။

မနက်လင်းသည့်တိုင် အခြေအနေ မထူးခြားတော့မှ စိတ်သက်သာရာ ရသွားသည်။

တောပေါ်တက်ခါနီးတော့ ဦးဗန်ကောင်းက ထပ်မှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ့ အလုပ်လုပ်တာ တစ်ယောက်နဲ့တစ်ယောက် သိပ်မဝေးကြစေနဲ့ဟေ့၊ တစ်ယောက်အကြောင်းရှိရင် ကျန်တဲ့လူတွေက ချက်ချင်းရောက်လာပြီး အကူအညီပေးကြရမယ်"

"စိတ်ချပါ အဘ"

ထို့နောက် အားလုံး တောပေါ်တက်ကြလေသည်။

ဦးဗန်ကောင်း မှာထားသည့်အတိုင်း ဓားခုတ်သံ၊ လွှဖြတ်သံ ကြားရသော နေရာများမှာသာ အလုပ်လုပ်ကြလေသည်။

မည်သူမှ ဝေးဝေးလံလံ မသွားဝံ့ကြတော့ပေ။

ထင်းဖြတ်နေရင်းနှင့် စောထီးက မေးလေသည်။

"မင်း မနေ့က မြဝင်းသူနဲ့ ဘယ်လိုတွေ့တာလဲ"

"သူက သစ်ထမ်းချနေတာ၊ ငါက လှေဆိပ်ပြန်သွားရင်းနဲ့ တွေ့တာ"

"တောထဲမှာ နှစ်ယောက်တည်း တွေ့တာပဲ၊ မင်းပြောချင်တာတွေ မပြောလိုက်ဘူးလား"

နီမောင်က ခေါင်းခါပြလိုက်သည်။

"မင်း သူ့ကို စိတ်ဝင်စားနေတယ် မဟုတ်လား"

"ငါက စိတ်ဝင်စားပေမယ့် သူက ငါ့ကို စိတ်မဝင်စားပါဘူး"

"ဘာဖြစ်လို့လဲ"

"အဲဒါတော့ ငါလည်း မသိဘူး၊ သူက အဆင့်အတန်း





မြင့်တဲ့လူ . . ပိုက်ဆံရှိတဲ့လူမျိုးကိုမှ သဘောကျတာမျိုးလည်း ဖြစ်မှာပေါ့"

"ငါအကဲခတ်မိသလောက်တော့ မြဝင်းသူက အဲသည်လိုမျိုး ဟုတ်မယ်မထင်ပါဘူး၊ ဒါပေမယ့် မိန်းကလေးတွေရဲ့စိတ်ကို သိဖို့ဆိုတာကလည်း လွယ်တာမှမဟုတ်တာ၊ ငါတို့က ဘယ်သစ်ပင် လှဲဖြတ်ရင် ထင်းပေါက်ခြမ်း ဘယ်လောက်ရမယ်ဆိုတာလောက်ပဲ ခန့်မှန်းတတ်တာဆိုတော့ မလွယ်ပါဘူး"

စောထီးက ညည်းညည်းညူညူ ပြောလိုက်လေသည်။

ထိုအခိုက်မှာပင် မြဝင်းသူတို့ ရှိနေသောဘက်မှ စူးစူးဝါးဝါးအော်သံများ ပေါ်ထွက်လာသည်။

"ကယ်ကြပါ . . ကယ်ကြပါဦး"

"အူ . . ဝူဝူ . . အူဝူဝူ"

ထိုအသံများ ကြားသည်နှင့် လုပ်လက်စ အလုပ်များကို ချက်ချင်းရပ်ပြီး ဓား၊ ကပ်ပါးစသော လက်နက်များကို ယူ၍ အသံကြားရာဘက်သို့ ပြေးသွားကြလေသည်။ သူတို့ရောက်ပြီးနောက် ဦးဗန်ကောင်းတို့နှစ်ယောက်လည်း မရှေးမနှောင်း ရောက်လာသည်။

မြင်ကွင်းကတော့ မကောင်းလှပေ။

ဦးကျော်နှင့် တင်ခတို့နှစ်ယောက်က ဓားများကို ကိုင်ပြီး သုန်လှုပ်စွာ ရပ်နေကြသည်။

သူတို့နောက်ဘက်မှာတော့ မြဝင်းသူ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမလက်ထဲမှာလည်း ဓားတစ်လက်ကိုတော့ ကိုင်ထား သည်။ သို့သော်လည်း သုံးယောက်စလုံး တုန်လှုပ်နေကြသည်။

ရှေ့ဘက် မဒမဗျိုက်တောထဲမှာတော့ တောကောင်ကြီး ရှိနေသည်။

တောကောင်က သစ်ပင်များကြားမှာ ဦးခေါင်းထိုးထွက် လာလိုက် ပျောက်သွားလိုက်နှင့် ချောင်းနေဟန်ရှိသည်။

နီမောင်တို့သုံးယောက် ရောက်သွားသောနေရာမှာ တောကောင်ကြီးနှင့် အနီးဆုံးနေရာဖြစ်သည်။

တစ်ဖက်မှာတော့ ဦးဖန်ကောင်းတို့နှစ်ယောက် ရှိနေ ကြသည်။

တောကောင်က သူ့ထွက်ပေါက် ပိတ်မိသွားသောအခါ အနီးဆုံးရောက်နေသော ရန်သူကို တိုက်ခိုက်ပြီး ရှောင်ထွက်ရန် ကြိုးစားလေသည်။

ထို့ကြောင့် အနီးဆုံးမှာ ရှိသော နီမောင်တို့ကို ခုန်အုပ် လေတော့သည်။

"ဝေါင်း. . ."

"နီမောင် သတိထားဟေ့"

နီမောင်ကား တောကောင်ကြီးအနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် နံဘေးသို့ ခုန်ထွက်ပြီး ကပ်ပါးဖြင့် ခုတ်သည်။

ကပ်ပါးမှာ အသွားထက်လှသောကြောင့် ထိသည့်နေ ရာမှာ ကွဲထွက်သွားသည်။





တောကောင်က ခုန်ထွက်သွားရင်းမှ . နောက်ခြေ ထောက်နှစ်ချောင်းဖြင့် ထိမိသွားရာ နီမောင်လက်မောင်းတစ် ဖက်မှာ အကျီများ စုတ်ပြဲသွားသည်။

"အား. . ."

သို့သော်လည်း ဒဏ်ရာကို ဂရုမစိုက်အားပဲ နောက်ထပ် ရန်မူလာမည့် တောကောင်ကိုသာ မျက်ခြည်မပြတ် ကြည့်နေ သည်။

သို့သော် ဒဏ်ရာရသွားဟန်ရှိသော တောကောင်ကြီး က နောက်သို့ ပြန်မလှည့်ဘဲ တောတွင်းသို့ ဝင်ပြေးသွားလေ တော့သည်။

သို့သော်လည်း စိတ်ချလက်ချ မနေဝံ့ဘဲ ဟိုဟိုဒီဒီ ကြည့်ရသေးသည်။

သို့သော် ဘာမှတော့ မတွေ့ရပေ။

ထိုအချိန်မှာပင် ဦးဖန်ကောင်းတို့နှစ်ယောက်ရော ဦးကျော်တို့သားအဖသုံးယောက်ပါ သူတို့နား ရောက်လာကြ သည်။

"နီမောင်. . . မင်း ဒဏ်ရာရသွားသလား"

ဦးဖန်ကောင်းက မေးသဖြင့် ခေါင်းညိတ်ပြလိုက်လေ သည်။

ဒဏ်ရာရသောနေရာကို ကြည့်လိုက်တော့ အကျီစုတ်ပြဲ သော ပခုံးနေရာမှာ ဓားဖြင့် ခွဲထားသကဲ့သို့ လက်သည်းရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးများကို တွေ့ရသည်။

“မဖြစ်ဘူး. . လှေကို အမြန်ဆင်းပြီး ဆေးထည့် ပတ်တီးစည်းထားရမယ်၊ သွေးထွက်လွန်သွားရင် အန္တရာယ်ရှိနိုင်တယ်၊ ဒါအပြင် ငါတို့ စက်စုဘက်ကမ်းကို ကူးကြရမယ်”

“ဘာအတွက်လဲ အဘ”

“သူ့အတွက် ဆေးဝယ်ဖို့ရယ်၊ နောက်တစ်ချက်က ငါတို့ ခုတ်ထားတဲ့သစ်တွေက တောပေါ်မှာပဲ ရှိနေသေးတယ်၊ ဒီတောကောင်ကလည်း ဒဏ်ရာရသွားတော့ အေးမှာမဟုတ်ဘူး”

ဦးဗန်ကောင်းက ပြောတော့ အားလုံးဝိုင်းကြည့်နေကြသည်။

“စက်စုဘက်ကမ်းမှာ အမဲပစ်မုဆိုးတွေ ရှိတယ်၊ သူတို့မှာ သေနတ်တွေလည်း ရှိတယ်၊ သူတို့ကို အကူအညီ သွားတောင်းရမယ်”

ဟုပြောပြီးနောက် လှေဆိပ်သို့ ပြန်ဆင်းသွားကြသေးသည်။





# အခန်း(၁၂)

# ပန်းခြောက်လမ်းနှင့် ခမ်းခြောက်နေသည့်စမ်း

နောက်တစ်နေ့ မနက်ပိုင်းမှာတော့ ဦးဗန်ကောင်းက ...ထီးနှင့် ငမဲအောင်ကို ခေါ်ပြီး လှေတစ်စင်းဖြင့် စက်စုဘက် ...မ်းသို့ ကူးသည်။

စက်စုမှာ ရွာကြီးတစ်ရွာဖြစ်ပြီး ဈေးဆိုင်များ ရှိသည်။ ...တလေးမြို့နှင့် သင်္ဘောအသွားအလာ ရှိသဖြင့် လိုချင်သော ...ည်းများ ရနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာမှာ ဦးမွန်ထော်တို့ ရှိသည်။

ဦးမွန်ထော်မှာ ထွန်းအောင်နှင့်ထွန်းမောင် တူနှစ်ယောက်ရှိသည်။ ၎င်းတို့နှစ်ယောက်စလုံး အသက်(၂၀)ကျော်အရွယ် ရှိကြသည်။

ဦးမွန်ထော်မှာ လိုင်စင်ဖြင့်ကိုင်သော အမဲပစ်သေနတ်နှစ်လက်ရှိပြီး တူနှစ်ယောက်နှင့်အတူ ပြင်ဒရယ် သစ်တောအတွင်းမှာ အမဲလိုက်ကြသည်။

၎င်းတို့ထံသို့ ဦးဇန်ကောင်း ရောက်လာပြီး အကူအညီတောင်းသောအခါ ဦးမွန်ထော်ကလည်း ဝမ်းသာသွားလေသည်။

"ခင်ဗျားတို့ရောက်လာတာ အတော်ပဲဗျာ၊ ကျုပ်တို့ကလည်း ဒီတောကောင်ကြီးရဲ့သတင်းကို စနည်းနာနေကြတာဗျ။ အခု ခင်ဗျားပြောပုံအရဆိုရင် သူ့မှာ ဒဏ်ရာရသွားတဲ့ပုံပေါ်တယ်"

"ဟုတ်တယ်"

"တောကောင်တွေက သူတို့မှာ ဒဏ်ရာရသွားရင် ကျားနာမဲ မဲတတ်တယ်၊ ဒီတော့ ပိုဆိုးလာမှာ သေချာတယ်ဗျ"

"ကျုပ်တို့လည်း ခုတ်ထားပြီးသား သစ်တွေက တောပေါ်မှာ ရှိနေသေးတော့ ဒီအတိုင်း ပြန်သွားလို့မရသေးဘူး၊ ဒီတော့ ခင်ဗျားတို့ လိုက်ပြီးအကူအညီပေးစေချင်တယ်"

"စိတ်မပူပါနဲ့. . .ကျုပ်တို့ တစ်ပါတည်း လိုက်ခဲ့ပါ့မယ်"

ဟု ပြောပြီး ဦးမွန်ထော်က တူနှစ်ယောက်ကို ခေါ်ကာ





လိုအပ်သည်များကို ပြင်ဆင်လေတော့သည်။

ဦးဇန်ကောင်းတို့ကလည်း ဈေးဆိုင်များ ရှိရာဘက်သို့ သွားပြီး လိုအပ်သောဆေးနှင့် အစားအသောက်ပစ္စည်းများ ဝယ်ယူကြသည်။

ထို့နောက်မှာတော့ ပြင်ဒရယ်ဘက်ကမ်းသို့ ပြန်ကူးလာကြလေသည်။ ဦးမွန်ထော်တို့သုံးယောက်က ပေါင်းမိုးတပ်ထားသော ၎င်းတို့လှေနှင့်ပင် လိုက်လာကြသည်။

စခန်းချသောနေရာသို့ ရောက်သောအခါ ဦးမွန်ထော်တို့လှေက မြဝင်းသူတို့လှေနှင့် ဘေးချင်းယှဉ်လျက် ကပ်ထားလိုက်သည်။ မြဝင်းသူကို မြင်သဖြင့် ထိုလှေနံဘေးမှာပင် ကပ်ထားလိုက်ခြင်းဖြစ်သည်။

ထွန်းအောင်မှာ ဆံပင်ရှည်ရှည်နှင့် ရုပ်ရည်ကလည်း အသင့်အတင့်ရှိသူဖြစ်ရာ ချောမောလှပသော မြဝင်းသူကို တွေ့မြင်သည်နှင့်ပင် စိတ်ဝင်စားသွားလေသည်။

ဦးဇန်ကောင်းကတော့ ဝယ်ယူလာသောဆေးများဖြင့် နီမောင်ပခုံးနှင့်လက်မောင်းမှ ဒဏ်ရာများကို ဆေးထည့်ခြင်း ပတ်တီးစည်းပေးခြင်းများ ပြုလုပ်ပေးလေသည်။

သို့သော်လည်း ဒဏ်ရာအရှိန်ကြောင့် အဖျားဝင်နေလေပြီ။ ဦးဇန်ကောင်းက သူ့မှာ ပါလာသော ချွေးထုတ်ငန်းဆေး တစ်ခွက် တိုက်ထား၍သာ အတန်အသင့် သက်သာနေသည်။

ညနေပိုင်းရောက်တော့ ထွန်းအောင်နှင့်ထွန်းမောင်တို့



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက်တို့က မြဝင်းသူတို့လှေပေါ်တက်ပြီး ထမင်းစားရင်း မိတ်ဖွဲ့ကြသည်။

နောက်တစ်နေ့ တောပေါ်တက်ရန် ပြင်တော့ ဖျားနေသောကြောင့် နီမောင် မပါတော့ပေ။

မြဝင်းသူလည်း ကျန်ခဲ့သည်။

တောကောင်ဖြင့် တိုက်ခိုက်ရာမှာ မိန်းကလေးပါလျှင် နှောင့်နှေးနေမည်စိုးသောကြောင့် သူမကို ထားခဲ့ခြင်းဖြစ်သည်။

မြဝင်းသူမှာ လှေထဲမှာ မနေခဲ့ချင်သော်လည်း ဖခင်ဖြစ်သူက ထားခဲ့သောကြောင့်သာ နေခဲ့ရခြင်းဖြစ်လေသည်။

ဦးမွန်ထော်နှင့် ထွန်းမောင်တို့နှစ်ယောက်ကသာ ဦးအ ကောင်းတို့နှင့် တောပေါ်သို့ လိုက်သွားသော်လည်း ထွန်းအောင်ကတော့ လိုက်မသွားပေ။

အားလုံး တောပေါ်တက်သွားသောအခါ ထွန်းအောင်က စကားစသည်။

"နင့်နာမည် ဘယ်သူလဲဟင်"

လှေချင်း ဘေးချင်းယှဉ်ကပ်ထားသောကြောင့် အတော်နီးသည်။ ထွန်းအောင်က သူတို့လှေပေါ်မှ မြဝင်းသူ လှမ်းမေးနေခြင်းဖြစ်၏။

"ဘာလုပ်မလို့လဲ"

မြဝင်းသူက လေသံမာမာနှင့် ပြန်မေးသည်။

"သိချင်လို့ပေါ့ဟ"





"နင်နဲ့ငါနဲ့က အခုမှတွေ့တာ၊ ဘာဖြစ်လို့ သိချင်ရတာလဲ"

"မြင်မြင်ချင်း နင်နဲ့ ခင်ချင်လို့ပေါ့"

"ငါက တွေ့တဲ့လူတိုင်းကို မခင်တတ်ဘူး"

မြဝင်းသူစကားကြောင့် ထွန်းအောင်မှာ ဘယ်လိုဆက်ပြောရမှန်း မသိအောင် ဖြစ်သွားသည်။

"နင်တို့က ဘယ်ရွာကလဲဟင်"

မြဝင်းသူက ဘာမှ ပြန်မပြောပေ။

"နင်က ရုပ်လှသလောက် မာနတော့ အတော်ကြီးပုံရတယ်၊ ငါကလည်း အဲဒါမျိုးမှ သဘောကျတာ"

"နင် ဘာစကားပြောတာလဲ"

"ဘာမှ မဟုတ်ရပါဘူး၊ ငါက တောထဲမှာ အမဲလိုက်နေတဲ့သူဆိုတော့ အဲဒီလို သတ္တိရှိတဲ့လူမျိုးမှ သဘောကျတယ်လို့ ပြောတာပါ"

ထိုသို့ စကားပြောနေကြသောအသံကြောင့် အိပ်ပျော်နေရာမှ နီမောင် ပြန်နိုးလာသည်။

နိုးလာသည်နှင့် အသံကြားရာသို့ လှမ်းကြည့်လိုက်သောအခါ ဟိုဘက်လှေမှ ထွန်းအောင်နှင့် ဒီဘက်လှေမှ မြဝင်းသူတို့ စကားပြောနေသည်ကို လှမ်းမြင်ရသည်။

ဘာတွေ ပြောဆိုနေသည်ကိုတော့ သူ မကြားရပေ။

ထွန်းအောင်က နေရာမှထလိုက်ပြီး လှေပေါင်းမိုး အနောက်ဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကာထားသော အကာစကို ချလိုက်တော့ မမြင်ရတော့ပေ။

အဖျားမကျသေးသောကြောင့် တစ်ကိုယ်လုံး ပူနွေးဆဲပင် ရှိသေးသည်။

ဦးဗန်ကောင်း မှာသွားသည့်အတိုင်း ဆေးတစ်ခွက်သောက်ရပေမည်။ မီးဖိုပေါ်မှာ မီးမရှိတော့ပေ။ ခွင်ပေါ်မှာ တင်ထားသော ရေနွေးကလည်း အေးနေပြီ။ သို့ကြောင့် နေရာမှကြိုးစားထပြီး မီးမွှေးရန် ပြင်သည်။ အဖျားရှိန်ကြောင့် ခေါင်းကိုက်နေသလို ပတ်တီးစည်းထားသော ဒဏ်ရာနေရာကလည်း အတော်နာသည်။

မီးဖိုထဲသို့ ရေနံဆီ အနည်းငယ် လောင်းပြီး မီးမွှေးရန် ပြင်နေစဉ်မှာ မြဝင်းသူ ရောက်လာသည်။

"ဟင်. . . နိုးနေပြီလား၊ ဘာလုပ်နေတာလဲ"

"ရေနွေးအိုး တည်မလို့ မီးမွှေးနေတာ"

"ရေနံဆီညှော်မိရင် နင့်အနာ ပိုရင်းလာတော့မယ်ဖယ်. . . ငါတည်ပေးပါ့မယ်"

"ရပါတယ်ဟာ. . . ငါလုပ်နိုင်ပါတယ်"

နီမောင်က လုပ်မြဲလုပ်နေရာ မြဝင်းသူက အလျှော့ပေးဘဲ သူ့လက်ထဲမှ မီးခြစ်ကို ဆွဲယူလိုက်သည်။

"ညှော်လိမ့်မယ်. . . ဟိုဘက်မှာ ခေါင်းမြီးခြုံပြီးနေ"

ဟု ပြောသဖြင့် နောက်သို့ ဆုတ်ပေးပြီး ခေါင်းမြီးခြုံကာလှဲနေလိုက်သည်။





မြဝင်းသူက မီးမွှေးပြီး အရှိန်ရတော့ ရေနွေးအိုး တည်သည်။

ထိုနေရာမှာပင် ဆက်ထိုင်နေသည်။

"နီမောင်. . . နင်သက်သာရဲ့လား"

"အင်း. . ."

"အဘဦးဗန်ကောင်းနဲ့ အဖေကတော့ နင့်ကို ကြည့်လိုက်ဖို့ မှာသွားတယ်၊ ဒါပေမယ့်. . ဒီဘက် လာခါနီးတော့မှ အနှောင့်အယှက်က ပေါ်နေတာနဲ့ မေ့သွားတယ်"

နီမောင်က ဘာမှပြန်မပြောပေ။

ထိုအခါ မြဝင်းသူကပင် ဆက်ပြောသည်။

"နီမောင်. . . ငါ နင့်ကို တောင်းပန်စရာ ရှိတယ်၊ ဟိုနေ့က တောပေါ်မှာ နင်လာပြီးသတိပေးတုန်းက ငါပြောမိပြောရာ ပြောလိုက်မိတာတွေကို စိတ်မဆိုးနဲ့နော်"

နောက်ဘက် ခေါင်းမြီးခြုံအတွင်းမှ ဘာမှမကြားရပေ။ သို့ကြောင့် တစ်ချက်လှည့်ကြည့်လေသည်။

"နီမောင်. . . နင်အိပ်ပျော်နေသလား"

"မအိပ်ပါဘူး"

ထိုအခါမှ စကားသံ ကြားရသည်။

"နင် သက်သာရဲ့လားဟင်"

"အင်း. . . သက်သာပါတယ်"

"နောက်ပြီး ငါ့အပေါ်မှာ တစ်မျိုးထင်ပြီး စိတ်ခုနေတာ



www.burmeseclassic.com

www.burmeseclassic.com



လားဟင်"

"မထင်ပါဘူးဟာ. . . ငါ ဘယ်လိုမှ သဘောမထားပါဘူး"

ထိုသို့ပြောသောအခါ မြဝင်းသူစိတ်ထဲမှာ အနည်းငယ်မကျေမနပ်ဖြစ်သွားသည်။

"နင် ငါ့ကို ဒီထက်ပိုပြီး ပြောစရာစကား မရှိတော့ဘူးလားဟင်"

"ဘာပြောရမှာလဲ"

"တစ်ခုခုပေါ့ဟာ. . . ငါစိတ်ချမ်းသာမယ့် စကားမျိုးပေါ့"

သို့သော်. . နီမောင်က ဘာမှပြန်မပြောတော့။ ယခုအချိန်မျိုးမှာ သူပြောချင်သည့်စကားမျိုး ပြောရမည့်အချိန်မဟုတ်သဖြင့်လည်း မျိုသိပ်ထားလိုက်ခြင်းဖြစ်သည်။

"မြဝင်းသူ. . . ရေနွေးရရင် တော်ပြီ၊ ထားခဲ့တော့"

"ဆေးသောက်ရတော့မှာ မဟုတ်လား"

"ဟုတ်တယ်"

"ဆေးထုပ်က ဘယ်မှာလဲ"

"ပေါင်းမိုးက စင်ပေါ်မှာ"

မြဝင်းသူက ဆူနေသောရေနွေးကြမ်းကို ပန်းကန်တစ်လုံးဖြင့် ထည့်ယူလာပြီး အနားမှာ ချသည်။

ပြီးနောက် နီမောင့်အပေါ်မှ ကျော်ပြီး စင်ပေါ်မှ ဆေးထုပ်ကို လှမ်းယူသည်။





ဆေးတစ်ခွက်စာကို ဖျော်ပြီးနောက် ခြုံထားသောစောင်ကို အသာဖယ်ကြည့်သည်။

ခေါင်းမြီးခြုံထားသောကြောင့် ချွေးများ ထွက်နေသည်။

"ဟင်. . . ဆေးမသောက်ရသေးဘဲ ချွေးတွေ ထွက်နေတယ် ဟုတ်လား"

"ဟုတ်တယ်. . . ဖောချွေးပြန်နေတာ"

"ဘာလဲ. . . ငါက နင့်ကို မတော်မတရား လုပ်မှာစိုးလို့ ဒီလောက်ဖြစ်နေတာလား"

နီမောင်က ဘာမှပြန်မပြောဘဲ ဆေးသောက်ရန် နေရာမှ ထသည်။

မြဝင်းသူက နောက်မှ ဖေးကူပေးသည်။

"သိပ်မထနိုင်ရင် ငါ့ကို အသာမှီထား"

နီမောင်ကို အလိုက်သင့် ဖေးမထားပြီး ဆေးတိုက်ပေးသည်။ ရေနွေးပူနေသောကြောင့် အတော်ကြာကြာသောက်မှ ပြီးသည်။

"ငါ့ကို အခုလို အကူအညီလာပေးတာ ကျေးဇူးတင်ပါတယ် မြဝင်းသူရယ်"

နီမောင်က ပြန်လှဲအိပ်တော့ မြဝင်းသူက အနားမှာ ထောက်ထိုင်နေသည်။

"ငါက ကျေးဇူးတင်စေချင်လို့ လာလုပ်ပေးနေတာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ"

"သိပါတယ်"

"ဘာသိတာလဲ. . . ငါ့စိတ်ထဲမှာ ဘာတွေရှိနေတယ် ဆိုတာရော တကယ်သိရဲ့လား"

"ဒါတော့ ဘယ်သိနိုင်ပါ့မလဲ"

"နင်က တောအလုပ်တွေမှာတော့ အတော်ကလေး ကျွမ်းကျင်ပါတယ်၊ ဒါပေမယ့် လူတွေကို အကဲခတ်တဲ့နေရာမှာ တော့ အတော်ညံ့တယ်"

နီမောင် မော့ကြည့်သည်။

မြဝင်းသူက မျက်နှာလွှဲမသွားဘဲ သူ့မျက်နှာကို ငုံ့ကြည့် နေသောကြောင့် မျက်နှာချင်း နီးနေသည်။

"ငါပြောတာ မဟုတ်ဘူးလား၊ ကိုယ်နဲ့ ဘာမှမတော် သေးဘဲ ယောကျ်ားလေးတစ်ယောက်ကို အခုလို ပြုစုပေးတဲ့ မိန်းကလေးတစ်ယောက်ရဲ့ရင်ထဲက စိတ်အမှန်ကိုရော သိရဲ့ လား"

မြဝင်းသူက လေသံခပ်တိုးတိုးဖြင့် မေးလိုက်သည်။

"ခုတော့ ငါသိပါပြီ"

"ဘယ်လိုသိတာလဲ"

"နင် ငါ့ရဲ့မေတ္တာကို သဘောပေါက်သွားပြီမဟုတ်လား"

မြဝင်းသူက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်. . . ငါ နင့်ရဲ့မေတ္တာကို နားလည်သွားပြီ





ဒါပေမယ့် လက်မခံဝံ့သေးပါဘူး"

"ဟင်. . . ဘာဖြစ်လို့လဲဟင်"

မြဝင်းသူက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ငါတို့နှစ်ယောက်ရဲ့ အခြေအနေတွေက ဒီအတိုင်း သွားချင်မှ သွားကြမှာဆိုတော့. . . ငါ နင့်အပေါ်မှာ ဘယ်လို သံယောဇဉ် ထားခဲ့တယ်ဆိုတာလောက်ပဲ နင်သိထားပေးပါ၊ တစ်နေ့ကျလို့ ဒီဘဝအခြေအနေအတိုင်း မပြောင်းလဲဘဲ ရှိကြ ရင်တော့ နင့်မေတ္တာကို ငါလက်ခံပေးပါမယ်"

ဟု အတွေးရခက်စေသော စကားမျိုး ပြောသည်။

ထိုကဲ့သို့ ပြောနေသည့်အချိန်မှာ သူမမျက်ဝန်းမှာ မျက်ရည်ကြည်များ ရစ်ဝဲနေလေသည်။

"နင်ပြောတာကို ငါသိပ်နားမလည်ဘူး၊ ငါနားလည် တာက ငါက နင့်ကို မေတ္တာရှိတယ်၊ နင်ကလည်း ငါ့မေတ္တာ ရှိနေတာကို သိတယ်. . လက်ခံပေးတယ်၊ ဒီလိုဆိုရင် ပြီးရော မဟုတ်လား"

"အဲဒါ အစပဲ ရှိသေးတယ်၊ နောက်ပိုင်းမှာ ဘဝအ ပြောင်းအလဲတွေ အများကြီးတွေ့ရဦးမယ်၊ အဲဒါတွေကို ကျော် ဖြတ်ပြီးတော့မှ လက်တွဲကြတဲ့အဆင့်မျိုးကို ရောက်ကြမှာ၊ ငါတို့ ဘဝတွေ ဒီလိုအတိုင်းနဲ့ပဲ ရှိပါစေလို့ပဲ ငါဆုတောင်းနေပါ့မယ်"

"ငါကတော့ နင့်အပေါ်မှာ ဘယ်တော့မှ သစ္စာမဖောက် ပါဘူးလို့ ကတိပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘက်ကလည်း သစ္စာမပျက်ပါဘူး၊ နင့်ရဲ့သစ္စာတရားကိုလည်း ငါယုံကြည်ပါတယ်၊ စိတ်မချတာ တစ်ခုပဲ ရှိတယ်၊ ငါတို့ ဘာမှလုပ်လို့ မရနိုင်တဲ့ ဘဝအပြောင်းအလဲတွေကိုပါပဲ"

နီမောင်မှာ ဘာမှပြန်မပြောတတ်တော့ပေ။

မပြောသာတော့ချေ. . .။

ဘဝခရီးလမ်းမှာ အမျိုးမျိုး တွေ့ကြုံရသော ကံကြမ္မာများကို မိမိတို့ကိုယ်တိုင် ပြုပြင်ပြောင်းလဲ၍ မရနိုင်ပေ၊ ထုဆစ်ပုံဖော်၍လည်း မရနိုင်ပေ။ မိမိက ချောမွေ့သောခရီးလမ်းကို ထုဆစ်ပုံဖော်ချင်ပါသော်လည်း မမျှော်လင့်သော ထိုးနှက်ချက်များကြောင့် ခရောင်းလမ်း ရောက်ရသည်မျိုးလည်း တွေ့နိုင်သည်။ မေတ္တာရေးမှာလည်း ထိုအတူပင်ဖြစ်၏။

မိမိက လှပသောပန်းများ ခင်းပေးချင်ပါသော်လည်း ပူပြင်းသော နေအရှိန်ကြောင့် "ပန်းခြောက်လမ်း" ဖြစ်ရ၏။

မိမိက အေးမြသောစမ်းချောင်းတစ်ခုကို ပုံဖော်ချင်သော်လည်း ဆိုးဝါးသောတိုက်ခိုက်မှုများကြောင့် "ခမ်းခြောက်နေသောစမ်း" ဖြစ်ရသည်။

မြဝင်းသူ ပြောသကဲ့သို့ ဘာမှမတတ်နိုင်သော အခြေအနေမျိုးများပင် ဖြစ်ပေတော့သည်။





# အခန်း(၁၃)

# မိန်းမလှကျွန်းမှ ကိုးတောင်ကျား

ဦးမွန်ထော်တို့ ရောက်လာပြီး တစ်ရက်နှစ်ရက်ကြာသည့်တိုင် အခြေအနေက မထူးခြားပေ။ တောကောင်ကြီးမှာ အခြားတစ်နေရာသို့ ရောက်သွားဟန်ဖြင့် ပျောက်နေသည်။

ထိုရက်များအတွင်းမှာပင် နီမောင်၏ဒဏ်ရာအခြေအနေက ပြန်ပြီးသက်သာလာသည်။

စောထီးနှင့် ငမဲအောင်တို့ကတော့. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဒဏ်ရာအရှင်းပျောက်သေးတာ မဟုတ်တော့ လှေမှာပဲ နေပါလားကွာ၊ ငါတို့ပဲ လုပ်စရာရှိတာ လုပ်ပါ့မယ်"

ဟု ပြောသည်။

"ရပါတယ်ကွာ၊ လက်မောင်းက ဒဏ်ရာလည်း အတော် သက်သာနေမှပဲ၊ လှေထဲမှာ တစ်ယောက်တည်း နေခဲ့ရတာ လည်း ပျင်းပါတယ်"

"မြဝင်းသူ အဖော်ရှိတာပဲ၊ ဘာများ ပျင်းစရာရှိလို့လဲ"

နီမောင်က ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေသဖြင့် ကျန်နှစ်ယောက်က မချင့်မရဲ ဖြစ်သွားကြသည်။

"မင်းတို့နှစ်ယောက်ရဲ့အခြေအနေကရော ဘယ်လိုရှိ သလဲ"

"ဒီလိုပါပဲ"

"လှေထဲမှာ နှစ်ယောက်တည်း ကျန်နေခဲ့ကြတာတောင် မထူးသေးဘူးလား"

ဟု စောထီးကပြောတော့. . ငမဲအောင်ကပါ ဝင်ပြော သည်။

"ဦးမွန်ထော်ရဲ့ တူနှစ်ယောက်ထဲမှာ. . . ဟို. . ထွန်း အောင်ဆိုတဲ့ကောင်က မြဝင်းသူကို လိုက်ကပ်နေပုံရတယ်"

"ကပ်တော့ ဘာဖြစ်သလဲ၊ မိန်းကလေး မပါဘဲနဲ့ ဘာမှ မဖြစ်ဘူး၊ ဘာလဲ. . . မြဝင်းသူက အဲဒီကောင်ကို စိတ်ဝင်စားနေ တဲ့ပုံ ပေါ်လို့လား"





"ဒါတော့ ငါလည်း မသိဘူး"

"တစ်ယောက်အကြောင်း တစ်ယောက်မသိရသေးဘဲ အခုမှတွေ့ကြတဲ့ လူတစ်ယောက်ကို ချက်ချင်းသဘောကျရင် လည်း သူ့သဘောပေါ့ကွာ"

နီမောင်အနေကလည်း ဘာမှပိုင်ပိုင်နိုင်နိုင် ပြောခွင့်သော အခြေအနေမျိုး မရှိသေးပေ။

အဘယ်ကြောင့်ဆိုသော်. . .

မြဝင်းသူက သူမေတ္တာရှိနေတာကို သိရုံသိနေပြီး လက် ခံခြင်း မရှိသေးသောကြောင့်ပင်။

"မင်းက သူ့အပေါ် နှစ်သက်နေတဲ့အကြောင်း ဖွင့်မ ပြောဘူးလား"

"ပြောပါတယ်"

"ဒီတော့ သူက ဘယ်လိုပြန်ပြောသလဲ"

"ငါမေတ္တာရှိနေတာကို သူသိတယ်၊ ဒါပေမယ့် လက်မခံ ချင်သေးဘူးလို့ ပြောတယ်"

"ဒီလိုဆိုရင်တော့ ရှင်းနေတာပဲ၊ မိန်းကလေးဆိုတာ ယောကျာ်းလေးတစ်ယောက်က သူ့ကို နှစ်သက်နေတယ်ဆိုတာ တော့ အရိပ်အကဲကြည့်တာနဲ့ သိမှာပါပဲ၊ သိရက်သားနဲ့ လက် ခံသေးဘူးဆိုတော့ အလိမ္မာသုံးပြီး ငြင်းလိုက်တာပဲပေါ့ကွာ"

စောထီးက မကျေမနပ်ဖြင့်ပြောရာ ငမဲအောင်ကတော့ နှစ်သိမ့်စကားမျိုး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးဆိုတော့ ချက်ချင်းလက်မခံသေးဘဲ စဉ်းစားနေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ကဲ. . . တော်ပါတော့ကွာ၊ ဒီအကြောင်းတွေ ထားလိုက်ကြရအောင် အလုပ်ကိစ္စပဲ ပြောကြရအောင်"

နီမောင်က စကားလွှဲပစ်လိုက်တော့မှ ရပ်သွားကြသည်။ နောက်တစ်ရက်မှာတော့ အခြားတစ်နေရာမှ အခြားမုဆိုးတစ်သိုက် ရောက်လာကြသည်။

ဦးမွန်ထော်နှင့် သိကြသူများဖြစ်သည်။

"သံပချိုင်တို့ပါလား. . . ဒီဘက် ဘယ်လို ရောက်လာကြတာလဲ"

"တောကောင်ကြီးနောက်လိုက်ရင်းနဲ့ ရောက်လာတာ၊ အဘတို့လည်း ဒီအတွက် ရောက်နေကြတာလား"

"အေး. . . ဟုတ်တယ်"

"ဒီလိုဆိုရင်တော့ ဟန်ကျပြီ၊ ကျွန်တော်တို့နှစ်ဖွဲ့ ညှပ်ပိတ်ရင်တော့ ဒီကောင် ထွက်ပေါက်ရှိတော့မယ် မဟုတ်ဘူး"

ဟု ပြောပြီး ပြန်ထွက်သွားသည်။

ရင်းတို့မှာ အမဲလိုက်ခွေး သုံးလေးကောင်လည်း ပါလာကြလေသည်။

အမဲလိုက်ခွေးများမှာ လူခါးစောင်းခန့် ကြီးသည်။

နီမောင်တို့ ဒီတစ်ကြိမ် တောပေါ်တက်ရသည်မှာ အားရှိစရာ ဖြစ်သည်။





ဦးမွန်ထော်တို့သုံးယောက်အပြင် အခြားအမဲလိုက်အဖွဲ့များပါ တောထဲမှာ ရှိနေသောကြောင့် အလုပ်ကို စိတ်ဖြောင့်ဖြောင့် လုပ်နိုင်ကြသည်။

သူတို့အလုပ်များမှာလည်း နောက်ထပ် တစ်ရက်နှစ်ရက်လောက်လုပ်ပါက ပြီးနိုင်သော အခြေအနေသို့ ရောက်နေလေပြီ။ တောပေါ်ရောက်တော့ ဦးမွန်ထော်တို့ သုံးယောက်က သေနတ်နှင့် လက်နက်များကို ယူဆောင်ပြီး တောထဲဝင်သွားကြသည်။

မဝင်ခင် ဦးမွန်ထော်က မှာသွားလေသည်။

"စိတ်ဖြောင့်ဖြောင့်သာ လုပ်စရာရှိတာလုပ်ကြ၊ ကျုပ်တို့ ဒီနားတစ်ဝိုက်မှာပဲ ရှိမယ်၊ အကြောင်းရှိရင် အူပြီး အချက်ပေးလိုက်"

"ကျေးဇူးတင်ပါတယ်ဗျာ"

ထို့နောက် တောထဲဝင်သွားကြရာ သူတို့တစ်တွေလည်း ခုတို့ လုပ်စရာရှိသောအလုပ်များကို ဆက်လုပ်ကြလေသည်။

သို့သော်လည်း တစ်ဦးနှင့်တစ်ဦး ဝေးဝေးမနေဝံ့ဘဲ အသံပေးပါက ကြားနိုင်လောက်သည့်နေရာမှာသာ လုပ်ကြသည်။

နေ့လယ်ဘက်တွင် အနောက်တောင်ဘက်မှ မိုးသားတိမ်ရိပ်များ တက်လာသည်။ မိုးမရွာသေးသော်လည်း တောထဲမှာ သစ်ရိပ်များကြောင့် မှောင်စပျိုးလာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် အတော်ဝေးဝေးနေရာမှ စူးစူးဝါးဝါး ဟောင်လိုက်သော အသံအချို့ ပေါ်လာလေသည်။

ထိုအသံကြားတော့ ဝါရင့်မုဆိုးတစ်ဦးဖြစ်သူ ဦးမွန်ထော်က ရပ်ပြီး နားစွင့်ကြည့်သည်။

လုပ်သက်ရင့်ပြီး တောအထာကျွမ်းကျင်သူ ဖြစ်သောကြောင့် ခွေးဟောင်သံကြားရုံနှင့် သားကောင်တွေ့၍ ဟောင်သောခွေးသံ၊ ကျား စသော တောကောင်တွေ့၍ ဟောင်သောခွေးသံကို ခွဲခြားသိသည်။

သို့ပြင် အသံကြားရုံဖြင့် ၎င်းတို့ဦးတည်ချက်ကို တွက်ဆနိုင်သည်။

“ဟိုဘက်က ခွေးဟောင်သံတွေ ကြားရတယ်၊ အသံက တော့ တောကောင်တွေ့လို့ ဟောင်တဲ့အသံမျိုးပဲ”

“ဘယ်ဘက်ကို ဦးတည်နေသလဲ အဘ”

ထွန်းမောင်က မေးလိုက်သည်။

“အသံကတော့ ဒီဘက် ဦးတည်နေတာပဲ၊ ငါတို့ သစ်ပင်ပေါ်က တက်စောင့်မယ်”

ဟုပြောပြီး မနီးမဝေးမှာရှိသော သစ်ပင်ပေါ်သို့ တက်နေကြသည်။

အပင်ပေါ် ရောက်တော့ သေနတ်များကို အဆင်သင့် ပြင်ထားသည်။

ဦးမွန်ထော်မှာ တစ်လက်၊ ထွန်းမောင်မှာ တစ်လက်





ပါသည်။

ထွန်းအောင်ဆီမှာ လေးနှင့်အဆိပ်လူးမြား ပါသည်။

မိုးရိပ်များလာသည်နှင့်အမျှ တောထဲမှာ အမှောင်ရိပ်က ပိုများလာသည်။

စောင့်နေသူများက မိုးမရွာပါစေနှင့်ဟုသာ ဆုတောင်းနေကြသည်။

မိုးရွာလျှင် အသံနားထောင်ရတာ ခက်သလို . . ခြေရာ ကောက်ရသည်မှာလည်း မလွယ်ကူလှပေ။

ထိုသို့ စောင့်နေကြစဉ် ခွေးဟောင်သံများက တဖြည်း ဖြည်း နီးလာချေသည်။

ဦးမွန်ထော်တို့က အသံကြားရာဘက်သို့ မျက်တောင်မခတ် စောင့်ကြည့်နေကြသည်။

ထိုအခိုက်မှာပင် ငှက်ကြီးတောင် ဖျိုက်တောအတွင်းမှ ဒရယ်တစ်ကောင် ထွက်သည်။

ပထမ ဦးခေါင်းအရင်ထွက်လာသည်။

နောက်မှ ကိုယ်လုံးပေါ်လာသည်။

သူ့ဘာသာထွက်လာခြင်းမျိုးတော့ မဟုတ်ပါချေ။ [illegible]တ်မှာ တစ်စုံတစ်ယောက်က ခါးလယ်မှ ကိုက်ထားသော ကြောင့် ကန့်လန့်အနေအထားဖြင့် ထွက်လာခြင်းဖြစ်သည်။

မရှေးမနှောင်းမှာပင် ငှက်ကြီးတောင် ဖျိုက်တောအ တွင်းမှ တောကောင်ကြီးပါ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တောကောင်ကြီးမှာ အတော်ကြီးပြီး ဒရယ်ကို ပါးစပ်မှ ကိုက်ချီလာသည်။

ခြေထောက်တစ်ဖက်မှာ ဒဏ်ရာရထားဟန်ဖြင့် ထော့နဲ့ ထော့နဲ့ ဖြစ်နေသည်။

ခါးတန့်နန့်ဖြင့် ငှက်ကြီးတောင် ဖျိုက်တောအတွင်းမှ ထွက်လာသော တောကောင်ကြီးက အပြင်ရောက်လာသောအခါ အခြေအနေကို နားစွင့်ပြီး အကဲခတ်ကြည့်နေသည်။

နောက်မှ လိုက်လာသော ခွေးဟောင်သံများမှာလည်း တဖြည်းဖြည်း နီးလာသည်။

ထိုအခါ တောကောင်ကြီးက ဒရယ်ကို ကိုက်ချီထားလျက်နှင့် ဦးမွန်ထော်တို့ ရှိနေသည့်ဘက်သို့ ပြေးလာသည်။

ထိုအခါ သစ်ပင်ပေါ်မှာ စောင့်နေသူများက သေနတ်ဖြင့် ပြိုင်တူပစ်သည်။

"ဒိုင်း. . . ဒိုင်း"

ပစ်ကွင်းက မဝေးလှသောကြောင့် ကျည်ဆန်များက ပစ်မှတ်ကို ထိသည်။

သို့ကြောင့် နောက်သို့ ဝေါခနဲ လန်ထွက်သွားသည်။ ပါးစပ်ထဲမှာ ကိုက်ချီထားသော ဒရယ်ကတော့ ချုံပေါ်မှာ ကျ နေခဲ့သည်။

ထိုအချိန်မှာပင် ပတ်ဝန်းကျင်မှာ ခွေးဟောင်သံများ အပြင် သေနတ်သံများ ကြားရသောကြောင့် နီမောင်တို့တစ်





မှာ တစ်နေရာတည်းမှာ စုလိုက်ကြသည်။

စုစုပေါင်း ရှစ်ယောက်ဖြစ်သည်။

သူတို့မှာ ပါလာသော မားနှင့်ကပ်ပါးများကိုလည်း အဆင်သင့် ပြင်ထားကြသည်။

ထိုအချိန်မှာပင် ဒဏ်ရာရလာသော တောကောင်ကြီးက သူတို့အုပ်စုရှိရာဘက်သို့ ရောက်လာသည်။

လက်နက်များကိုင်ပြီး တန်းစီလျက် ရပ်နေသူများကို မြင်သောအခါ ရုတ်တရက် တန့်သွားသည်။

မျက်နှာချင်းဆိုင် အနေအထားမျိုး ရှိနေသောကြောင့် ခုန်ဝင်မလာပေ။

ကျားသည် လူကို မျက်နှာချင်းဆိုင် ခုန်အုပ်လေ့ မရှိပေ။ ခုန်အုပ်လျှင် နောက်ဘက်မှ အုပ်ပြီး မျက်နှာမမြင်ရသော လည်တုပ်ကိုသာ အများဆုံး ခဲလေ့ရှိသည်။

ဖမ်းမိသွားလျှင်လည်း မှောက်လျက်ထားပြီး စားလေ့ရှိသည်။

လူမျက်နှာနှင့် မျက်နှာချင်းဆိုင် မစားဝံ့ပေ။

အဘယ်ကြောင့်ဆိုသော်. . .

ကျားအပါအဝင် တောတိရစ္ဆာန်တို့မှာ မလွှဲမရှောင်သာ ကြီးမှသာ တိုက်ခိုက်ကြသော်လည်း လူကို များစွာကြောက်ရွံ့ကြသည်။

မျက်နှာကိုပင် မကြည့်ဝံ့ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်နေသည့်လူ မဆိုထားနှင့်၊ အသက်သေပြီး သားလူကိုပင် မျက်နှာချင်းဆိုင်ပြီး မစားဝံ့ပေ။

သို့ကြောင့် အာဖရိကတောတွင်းမှာ အမဲလိုက်သူများနှင့် နေထိုင်သူများသည် တောနက်တွင်းသို့ သွားပါက မျက်နှာအနောက်တွင် လူမျက်နှာပုံတစ်ခု ကပ်၍ မျက်နှာနှစ်ခုဖြင့် သွားလာကြသည်။

ထိုသို့သွားလျှင် နောက်မှ ကျားခုန်မအုပ်သောကြောင့် အန္တရာယ်ကင်းသည်ဟု အယူရှိကြသည်။

ယခုလည်း နီမောင်တို့က ကနစို သစ်ပင်ကြီးတစ်ပင်ကို ကျောပေးလျက် မျက်နှာချင်းဆိုင် ရပ်နေသောကြောင့် ကျားက ဝင်မလာဝံ့ပေ။

အကယ်၍ ကြောက်ကြောက်လန့်လန့်ဖြင့် ထွက်ပြေးပါက ကျားက နောက်မှခုန်အုပ်မည်မှာ အသေအချာပင် ဖြစ်တော့သည်။

ကျားက သူတို့ရှေ့ဘက် မနီးမဝေးနေရာမှ ခါးကြီးတန္ဓဲ့န္ဓဲ့ဖြင့် ချောင်းမြောင်းနေသည်။

ဒဏ်ရာရထားသောကြောင့်လည်း တဂီးဂီးဖြင့် မာန်ဖီနေလေသည်။

သေနတ်ဒဏ်ရာမှ သွေးစက်များကလည်း မြေပေါ်သို့ တစ်စက်စက် ကျနေသည်။

ကျားကလည်း ခုန်မအုပ်ဝံ့၊ နီမောင်တို့ကလည်း မလှုပ်ဝံ့





ဘဲ ရှိနေကြစဉ် ဦးမွန်ထော်တို့ရော သံပချိုင်တို့အဖွဲ့ပါ ရောက်လာကြပြီး သေနတ်ဖြင့် ဝိုင်းပစ်ရာ တောကောင်ကြီးမှာ မခံနိုင်တော့ဘဲ မြေပေါ်သို့ လဲကျသွားလေတော့သည်။

သည်တော့မှပဲ အားလုံးသက်ပြင်းချနိုင်လေတော့သည်။

"မိန်းမလှကျွန်းပေါ်မှာ လူတွေကို ဒုက္ခပေးနေတဲ့ တောကောင်ကြီးတော့ ဒီတစ်ခါမှပဲ မိပေတော့တယ်"

ဦးမွန်ထော်က ကျေနပ်သောအသံဖြင့် ပြောသည်။

သံပချိုင်တို့ကလည်း တောကောင်ကြီး မိသဖြင့် ပျော်ရွှင်နေကြသည်။

"မုဆိုးအဖွဲ့တွေချည်း တော်လို့ မဟုတ်ဘူး၊ ဒီအဖွဲ့တွေ ညီညွတ်လို့လည်း အခုလို အောင်မြင်တာဗျ"

ထိုသို့ပြောပြီး ကျားသေကြီးကို ကြိုးများဖြင့် တုပ်ကာ သင်ပေါင်းသားဖြင့် ကမ်းသို့ ထမ်းချကြသည်။

တစ်ယောက်က ကျားချီလာသော ဒရယ်ကိုပါ ထမ်းယူလာသည်။

ထိုနေ့ညမှာပင် ဦးမွန်ထော်တို့က ကျားသေကြီးကို သင်္ဘောပေါ် တင်ပြီး စက်စုဘက်ကမ်းသို့ ပြန်ရန် ပြင်ကြလေသည်။

သံပချိုင်တို့ကလည်း ၎င်းတို့ခွေးများကိုပါ ဦးမွန်ထော်တို့ သင်္ဘောပေါ် တင်ပြီး အတူလိုက်ရန် ပြင်ကြသည်။

"ဦးဗန်ကောင်း. . . ကျုပ်တို့ ပြန်တော့မယ်ဗျို့၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



ရွာဘက်ရောက်ရင် ကျုပ်ဆီကို ဝင်ခဲ့ပါဦးဗျ”

ဟု ဦးမွန်ထော်က နှုတ်ဆက်လေသည်။

“အခုလို လာပြီးအကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့ နေတဲ့ရွာကို ရောက်ရင်လည်း ဝင်ခဲ့ကြပါ”

“စိတ်ချဗျို့. . . လမ်းကြုံတဲ့အခါ ဝင်ခဲ့ပါမယ်”

လှေထွက်ကာနီးသောအခါ ထွန်းအောင်က မြဝင်းသူကို လှမ်းကြည့်နေသော်လည်း မြဝင်းသူကတော့ မမြင်ဟန်ဆောင်နေလေသည်။

အတန်ကြာသောအခါ ချောင်းဝသို့ ပြန်ထွက်သွားသောလှေက မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။





# အခန်း(၁၄)

# ဝမ်းသာလွန်း၍ ကျသည့်မျက်ရည်

နောက်ထပ် နှစ်အနည်းငယ်ကြာသောအခါ နီမောင်တို့အတွက် ဘဝအပြောင်းအလဲ ဖြစ်ပေါ်လာလေတော့သည်။

သစ်တောများအတွင်း၌ ခိုအောင်းနေကြသော ရောင်ခုံသောင်းကျန်းသူများ နှိပ်စက်မှုကြောင့် တောမဆင်းဝံ့ကြတော့သော၊ မိုးရာသီရောက်လျှင် ရေပြန်ပိုက်လည်း ထောင်မရသောကြောင့် ဝမ်းစာရရန် တစ်မျိုးစီစဉ်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က လေ့ကိုရောင်းလိုက်ပြီး မိခင်ဖြစ်သူ ဒေါ်ကျင်မေကို အိမ်မှာပင် ဈေးဆိုင်တည်ပေးလိုက်သည်။

များများဝယ်နိုင်သူများက ဘိုကလေးမြို့ဘက်ကမ်းသို့ လှေဖြင့် ကူးဝယ်သော်လည်း အနည်းငယ် ဝယ်ယူသူများက ဒေါ်ကျင်မေဆိုင်မှာ ဝယ်ယူကြသည်။ ပိုပိုလျှံလျှံ မဟုတ်သော်မှ မိသားစုများ စားလောက်ရန်အတွက် ရသည်။

နီမောင်ကတော့ ထိုသို့ပြုလုပ်ရသည်ကို သဘောကျသည်။ အဘယ်ကြောင့်ဆိုသော်. . .

ဈေးဝယ်ရန်အတွက် ဘိုကလေးဘက်ကမ်းသို့ မကြာခဏ သွားရသောကြောင့် လိုချင်သောစာအုပ် ဝယ်ယူနိုင်သည်။

ဘယ်မှခရီးမသွားရသောကြောင့် စာဖတ်ချိန်နှင့် စာရေးချိန် ပိုရလာသည်။

ဈေးဆိုင်စောင့်ပေးရင်းနှင့် စာဖတ်ချိန်ရသည်။

ရေးချင်သောစာ ရေးနိုင်သည်။

ထိုအခါ အဖေကလည်း အပြစ်မပြောသာတော့ပေ။

ထို့ပြင် နီမောင်ရေးသော လက်ရေးစာမူများကို အခါအားလျော်စွာ ယူဖတ်ပေးပြီး ၎င်းဝယ်ယူထားသောစာအုပ်များကို အမြဲပေးသော ဆန်စက်စာရေးနှင့်လည်း တွေ့ခွင့်ရသည်။

ထိုသူ၏အမည်မှာ ကိုမိုးအောင်ဖြစ်သည်။

ကိုမိုးအောင်က အသက်(၃၀)ကျော်အရွယ်ခန့်ရှိပြီး ဆရာကြီး ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှားတို့ ရေးသားသောဝတ္ထုများကို





နှစ်သက်သဘောကျသောသူ ဖြစ်သည်။

သူဝယ်၍ ဖတ်ပြီးသမျှစာအုပ်များကိုလည်း နီမောင်ကို အမြဲလာပေးသည်။

“မင်းဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေက စိတ်ကူးယဉ်တွေ မဟုတ်ဘူး၊ ဒါမျိုးတွေက ကျန်တဲ့လူတွေ လိုက်မလုပ်နိုင်ဘူး၊ ဒီတော့ စာရေးရင် အဲဒီအကြောင်းတွေကို များများရေး”

နီမောင်က အသက်နှစ်ဆယ်ကျော်အရွယ်မှ သူရေးလိုသောဝတ္ထုက အချစ်ဝတ္ထုဖြစ်သည်။

တက္ကသိုလ်ဘုန်းနိုင်၊ တက္ကသိုလ်ဟန်ဝင်းအောင်၊ တက္ကသိုလ်တင့်လွင်ဦးတို့ကဲ့သို့ လွမ်းမောဖွယ်ရာကောင်းသော. . တက္ကသိုလ်နောက်ခံ ဝတ္ထုမျိုးတွေ ရေးချင်သည်။

သို့သော်. . တက္ကသိုလ် မဆိုထားနှင့်၊ ရန်ကုန်ကိုပင် မရောက်ဖူးသေးသောကြောင့် သူ မရေးတတ်ပေ။

မြင့်ကျော်၊ မြင့်နီတို့လို အသည်းကွဲဇာတ်လမ်းမျိုးတွေ၊ အရက်သောက်ပြီး ခံစားရတာတွေမျိုး ရေးချင်သည်။

သို့သော် သူက အရက်မသောက်တတ်သည့်အပြင်. . အသည်းကွဲဖို့နေနေသာ ချစ်သူပင် မရှိသေးသောကြောင့်. . အချစ်ဝတ္ထုလည်း ရေး၍မဖြစ်ပြန်ပေ။

သို့ကြောင့် ကိုမိုးအောင် အကြံပေးသည့်အတိုင်း သူတွေ့ကြုံခဲ့ရသည့် တောထဲမှ အကြောင်းများ၊ မြစ်ထဲချောင်းထဲ ၀င်လယ်ထဲမှအကြောင်းများကို ရေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းများကို ရေးသောအခါ အဆင်ပြေသည်။ သိပ်ထွေထွေထူးထူး စဉ်းစားစရာမလိုဘဲ ရေးစရာတွေက အများကြီး ရှိနေသည်။ သို့ကြောင့် တစ်ပုဒ်ပြီးတစ်ပုဒ်ရေးပြီး သိမ်းထားလေသည်။

တစ်နေ့တော့ ကိုမိုးအောင်က ပြောသည်။

"ဒီကနေ့ည ဘိုကလေးဘက်ကမ်းမှာ စာပေဟောပြောပွဲ ရှိတယ်ကွ၊ ဗိုလ်ကလေးတင့်အောင်တို့၊ ဂျာနယ်ကျော်မမလေးတို့ လာဟောကြမှာ၊ ငါနဲ့ လိုက်ပြီးနားထောင်ပါလား"

ဟု ခေါ်သဖြင့် လိုက်သွားလေသည်။

မြို့လယ် မမှာရုံအတွင်းမှာ ကျင်းပခြင်းဖြစ်သည်။

ထိုအခါမှ နီမောင်မှာ စာရေးဆရာများကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ဖူးခြင်းဖြစ်သည်။ ထိုညမှာပင် ကိုမိုးအောင်နှင့်အတူ အမျိုးသမီးတစ်ယောက်နှင့် တွေ့သည်။

ကိုမိုးအောင်၏ ညီမဝမ်းကွဲတော်သူဖြစ်ပြီး နီမောင်နှင့် သက်တူရွယ်တူခန့် ရှိသည်။ သူမအမည်က မြနှင်းဖြူဖြစ်သည်။

မြနှင်းဖြူမှာ အသက်ငယ်သေးသော်လည်း သူ့အစ်ကိုကဲ့သို့ပင် စာပေဝါသနာပါသူ တစ်ယောက်ဖြစ်သည်။

မြနှင်းဖြူက အသက်ငယ်သေးသော်လည်း တည်ငြိမ်ရင့်ကျက်မှု ရှိသည်။

ကိုမိုးအောင်ကပင် မိတ်ဆက်ပေးပြီး သိကြသောအခါ ဟောပြောပွဲ မစတင်မီ မြနှင်းဖြူနှင့် စကားပြောခွင့်ရသည်။





"ကိုနီမောင်ကိုသာ အခုမှ မြင်ဖူးတာပါ၊ ကိုနီမောင် အကြောင်းတွေကိုတော့ အစ်ကိုကတွေ့တိုင်း ပြောပြလို့ သိနေတာ ကြာပါပြီ"

နီမောင်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

"ကိုနီမောင် ရေးထားတဲ့ လက်ရေးမူတွေလည်း သူ သူလာလို့ တစ်ခါတလေ ဖတ်ရပါတယ်"

"ဟင်. . ကျွန်တော့်ဝတ္ထုတွေကို ဖတ်တယ် ဟုတ်လား"

ဒီတစ်ခါတော့ သူမက ပြုံးပြီး ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်. . . ကျွန်မက စာသာမရေးတတ်တာ၊ စာဖတ်တော့ ဝါသနာပါတယ်၊ အစ်ကို ဝယ်ပေးတဲ့စာအုပ်တွေအပြင် ကျွန်မမုန့်ဖိုးနဲ့ ဝယ်စုထားတဲ့စာအုပ်တွေလည်း အများကြီး ရှိတယ်"

နီမောင်က သူ့လက်ရေးစာမူများ ဖတ်သည်ဆိုသဖြင့် ဝမ်းသာသွားသည်။

"ဟို. . ဟို. . ကျွန်တော့်ဝတ္ထုတွေ ဖတ်တော့ ဘယ်လိုနေသလဲဟင်"

"ရောင်းတမ်းဝင် စာရေးဆရာတွေ ရေးတာနဲ့တော့ မတူဘူးပေါ့၊ ဒါပေမယ့် ဖတ်လို့တော့ အဆင်ပြေပါတယ်၊ ကျွန်မတို့က တောထဲမရောက်ဖူးတော့ ကိုနီမောင် ရေးထားတဲ့ တောအကြောင်းတွေ ဖတ်ရတာ ပိုပြီးသဘောကျပါတယ်"

ထိုစကားကြောင့် စိတ်ထဲမှာ ကျေနပ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနီမောင်က ကျောင်းနေခဲ့ဖူးတယ်ဆိုတော့ ဘယ်လောက်အထိ သင်ခဲ့တာလဲဟင်"

"ဆယ်တန်းကို ရောက်ရုံပဲ ရောက်ခဲ့ပါတယ်. . . မအောင်ခဲ့ပါဘူး"

"ဘာဖြစ်လို့ ဆက်မတက်တာလဲဟင်"

"အခြေအနေ မပေးတော့လို့ပါ"

"အလွတ်ဖြေရင်လည်း ရတာပဲ. . . ဆက်ဖြေကြည့်ပါလား"

"မဖြေတော့ပါဘူး. . . ကျွန်တော့်အတွက်ထက် မိဘတွေအတွက်ပဲ လုပ်ပေးရတော့မှာဆိုတော့ လက်လျှော့ထားလိုက်ပါပြီ"

"နှမြောဖို့တော့ ကောင်းတယ်၊ ဒါပေမယ့် ကိုနီမောင်ကို အကြံတစ်ခုတော့ ပေးချင်တယ်"

"ဘာများလဲ"

"ရေးပြီးသားဝတ္ထုတွေကို ဒီအတိုင်း သိမ်းထားမယ့်အတူတူ ရန်ကုန်ကမဂ္ဂဇင်းတိုက်တွေကို ပို့ကြည့်ပါလား. . . ကံကောင်းလို့ ပါလာတော့လည်း အားလုံးဖတ်လို့ရတာပေါ့"

"ကျွန်တော့်မှာ အဆက်အသွယ် ဘာမှမရှိဘူး"

"အဆက်အသွယ်ရှိဖို့ မလိုဘူးလေ၊ အယ်ဒီတာတွေက သူတို့သဘောကျရင် ရွေးမှာပေါ့"

"ဘယ်လို ပို့ရမှာလဲဟင်"





"လွယ်လွယ်လေးပါ. . . ပါဆယ်ထုပ် ထုပ်ပြီး စာတိုက်ကြီးက မှတ်ပုံတင်ပြီး ပို့လိုက်ရင် ရောက်ပါတယ်"

"မဂ္ဂဇင်းတွေကရော ဘာတွေလဲဟင်"

"သိပ်တော့ များများမရှိပါဘူး၊ မြဝတီ၊ ငွေတာရီ၊ သွေးသောက်၊ ရှုမဝ၊ မိုးဝေဖောက်ပဲ ရှိပါတယ်၊ ကိုနီမောင် မပို့တတ်ရင် ကျွန်မ ပို့ပေးပါ့မယ်"

"ကျေး. . ကျေးဇူးတင်ပါတယ် မမြနှင်းဖြူရယ်"

"ကျွန်မကို မြနှင်းဖြူလို့ပဲ ခေါ်ပါရှင်"

ထို့နောက်မှာတော့ မြနှင်းဖြူအကူအညီပေးမှုကြောင့် မြဝတီမဂ္ဂဇင်းတိုက်သို့ ဝတ္ထုစာမူတစ်ပုဒ် ပို့ပေးလိုက်သည်။

မှတ်မှတ်ရရ (၁၉၇၃)ခုနှစ် ဖြစ်သည်။

ထိုအချိန်က မြဝတီမဂ္ဂဇင်းအပါအဝင် ထုတ်ဝေနေသော မဂ္ဂဇင်းများမှာ စာမူတစ်ပုဒ်ပါဝင်ဖို့ သုံးနှစ်သုံးမိုး စောင့်ရသည်ကိုတော့ နီမောင် မသိခဲ့ပါပေ။

နီမောင်မှာလည်း မြနှင်းဖြူ တိုက်တွန်းသဖြင့်သာ ပို့လိုက်သော်လည်း မျှော်လင့်ထားခြင်းမျိုးတော့ မရှိပေ။

သို့သော်လည်း တစ်နေ့မှာတော့ မမျှော်လင့်သော်လည်း မျှော်လင့်ထားသောအရာက ရောက်လာသည်။

သူနေသော ဂျပ်ချောင်းရွာဘက်ကမ်းသို့ မြနှင်းဖြူ ရောက်လာလေသည်။

သူမသည် ကူးတို့လှေဖြင့် ကူးလာခြင်းဖြစ်ပြီး နီမောင်



www.burmeseclassic.com

www.burmeseclassic.com



ရှိသောအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခြင်း ဖြစ်သည်။

နီမောင်က မမျှော်လင့်ဘဲ မြနှင်းဖြူကို တွေ့လိုက်ရတော့ အံ့သြသွားသည်။

သူမလက်ထဲမှာ အညိုရောင်စာရွက်ဖြင့် ပတ်ထားသော အထုပ်တစ်ထုပ် ကိုင်လာသည်။

"ဟင်. . . မြနှင်းဖြူပါလား၊ ဘယ်ကနေ လှည့်လာတာလဲ"

"ကိုနီမောင်ဆီကိုပဲ လာတာပါ၊ ဝမ်းသာစရာသတင်း လာပြောတာ"

"ဟင်. . . ဘာများပါလိမ့်၊ ကဲ. . . အိမ်ပေါ် လာပါဦး"

အိမ်ပေါ် ရောက်တော့ မြနှင်းဖြူက သူမလက်ထဲမှ အထုပ်ကို ပေးသည်။

"ဖြေကြည့်ပါဦး"

ဟု ပြောသဖြင့် စိတ်လှုပ်ရှားစွာဖြင့် ဖြေကြည့်လိုက်ရာ အတွင်းမှ မြဝတီမဂ္ဂဇင်းစာအုပ်တစ်အုပ် တွေ့ရသည်။

"အဲဒီမြဝတီမဂ္ဂဇင်းထဲမှာ ကိုနီမောင်ရေးတဲ့ ဝတ္ထုရှည် ပါလာပြီ"

"ဟင်. . . ဟုတ်မှ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်. . . အတွင်းမှာ လှန်ကြည့်လိုက်ပါလား"

ဟု ပြောသဖြင့် စာအုပ်ကို လှန်ကြည့်သောအခါ နောက်ပိုင်းတွင် သူရေးသော ဝတ္ထုရှည်ကို တွေ့ရသည်။





ကိုယ်မျက်စိကိုပင် မယုံနိုင်အောင် ဖြစ်သွားမိသည်။ မိမိရေးသောစာများကို ပထမဆုံး ပုံနှိပ်စာလုံးဖြင့် စတင် တွေ့မြင်ရခြင်းဖြစ်သည်။

ဝတ္ထုနာမည်က "ခင်မွန်တန်းမှ လွမ်းကျန်ရစ်ခဲ့သူ" ဖြစ်သည်။

"ဝမ်းသာလိုက်တာ မြနှင်းဖြူရယ်၊ ကျွန်တော် ဝမ်းသာလိုက်တာဗျာ"

ကတုန်ကယင်ဖြင့် ပြောသည်။

"ကျွန်မလည်း ဝမ်းသာပါတယ်၊ ဒီလိုမဂ္ဂဇင်းမျိုးမှာ ဝတ္ထုရှည်တစ်ပုဒ် ပါဖို့မပြောနဲ့၊ ဝတ္ထုတစ်ပုဒ် ကဗျာတစ်ပုဒ် ပါဖို့အောင် နှစ်နဲ့ချီပြီး စောင့်ကြရတယ်၊ ကိုနီမောင်ရေးတဲ့စာမူက ပိုင်း လပိုင်းအတွင်းမှာ ပါလာတယ်ဆိုတော့ အတော်အောင်မြင်တယ်လို့ ပြောလို့ရတယ်"

"ကျွန်တော်ဖြင့် ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး"

"ဝမ်းသာနေရုံနဲ့ မရသေးဘူး၊ ထပ်ပြီးကြိုးစားရမယ် နော်၊ အောင်၊ အခုဟာက ရှင့်အတွက် လမ်းပွင့်သွားပြီလို့ ဆိုလို့ရတယ်၊ ကိုယ့်ဘက်က ကြိုးစားဖို့ပဲ လိုတော့တယ်"

"စိတ်ချပါ. . . ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ်"

"ဒါက မဂ္ဂဇင်းတိုက်က စာရေးသူဆီကို ပို့ပေးလိုက်တဲ့ လက်ဆောင်စာအုပ်ပါ၊ ဒါက ဝတ္ထုစာမူခငွေပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး အညိုရောင် စာအိတ်ဖြင့် ထည့်ထားသော စာမူခငွေများ ပေးသည်။

"စာမူခ ရတယ် ဟုတ်လား"

"ရတာပေါ့ . . . စာရေးတဲ့လူကို မဂ္ဂဇင်းတိုက်တွေက စာမူခ ပေးတယ်"

စာအိတ်ကို ဖွင့်ကြည့်တော့ တစ်ဆယ်တန် အရွက်(၂၀) ကို တွေ့ရလေသည်။

"ဟင် . . . ငွေနှစ်ရာတောင်ပါလား"

ဆန်တစ်ပြည်လျှင် နှစ်ကျပ်သုံးကျပ်သာ ပေးရသော အချိန်မှာ ငွေနှစ်ရာမှာ မနည်းလှပေ။

သူတို့ ထင်းတောတစ်ခေါက်ဆင်းပြီး ရလာသော ထင်းပေါက်ခြမ်းများကို ရောင်းလျှင်သော်မှ တစ်ရာ၊ တစ်ရာ့ငါးဆယ်ထက် ပိုမရခဲ့ပေ။

ယခု နှစ်ရာဆိုသောငွေမှာ သူ့ဘဝတစ်သက်တာတွင် ပထမဦးဆုံး များများရဖူးသောငွေပင် ဖြစ်၏။

"ကျွန်တော် မြနှင်းဖြူကို အများကြီး ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ဘဝ လမ်းပွင့်သွားအောင် အကူအညီပေးတာတွေကိုလည်း ဘယ်တော့မှ မမေ့ပါဘူး"

"ရပါတယ် ကိုနီမောင်ရယ်၊ ကျွန်မကို ကျေးဇူးတင်နေ ဒီထက်ပိုပြီး စာတွေများများရေးပေါ့ . . . ဟုတ်လား"

ဟု ပြောဆိုနှုတ်ဆက်ကာ မြနှင်းဖြူ ပြန်သွားလေသည်။





ထိုအခါမှ နီမောင်က ဝမ်းသာအားရဖြင့် စာရေး၍ ပထမဦးဆုံးရသောငွေကို အဖေနှင့်အမေတို့အား ကန်တော့လိုက်သည်။

"ဟင် . . . ဒီလောက်များတဲ့ငွေတွေကို ဘယ်က ရတာလဲဟင်"

ဟု အမေက မေးသည်။

"ကျွန်တော်ရေးတဲ့စာက စာမူခ ရတာပါ"

ထိုအခါ အဖေက တအံ့တသြဖြင့် ပြောသည်။

"မင်း ရေးနေတဲ့စာတွေက ပိုက်ဆံရတယ် ဟုတ်လား၊ ဘယ်သူက ပေးတာလဲဟင်"

"ရန်ကုန်မြို့က မဂ္ဂဇင်း အယ်ဒီတာတွေက ပေးတာပါ၊ အဖေ တောတစ်ခေါက်ဆင်းလို့ မရနိုင်တဲ့ပိုက်ဆံကို ကျွန်တော် စာရေးပြီး ရှာပေးနိုင်ပြီ"

ဟု ပြောတော့ အဖေက တအံ့တသြ ကြည့်နေသည်။

"ဒီလိုမှန်းသာ အစက သိခဲ့ရင် မင်းကို စာတွေများများ ရေးနိုင်အောင် ငါကျောင်းဆက်ထားပေးခဲ့မှာပေါ့ကွာ"

အဖေ့အသံမှာ နောင်တရနေသောအသံမျိုး ဖြစ်သည်။

"ကျွန်တော် ကျောင်းဆက်မနေခဲ့ရပေမယ့် အဖေသင်ပေးခဲ့တဲ့ပညာတွေ အများကြီး ရခဲ့တာပဲ"

"ငါက ဘယ်လိုပညာမျိုးတွေ သင်ပေးခဲ့လို့လဲ"

"ပိုက်ထောင်တဲ့ပညာတွေ၊ မြစ်ချောင်းပင်လယ်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



သွားတတ်အောင် သင်ပေးခဲ့တဲ့ပညာတွေ၊ တောထဲမှာ ဘယ်လို သွားရမယ်၊ အန္တရာယ်နဲ့တွေ့ရင် ဘယ်လိုရှောင်ရမယ်ဆိုပြီး အဖေ သင်ပေးခဲ့တဲ့ပညာတွေ အများကြီး ရှိပါတယ်"

အဖေက သူ့ကို ကြည့်နေသည်။

"အဖေက ကျောင်းက သင်ပေးတဲ့ပညာတွေ မတတ်ခဲ့ ပေမယ့် ဘဝက သင်ပေးခဲ့တဲ့ပညာတွေ အများကြီး တတ်ခဲ့ပါ တယ်၊ ဒီပညာတွေ ကျွန်တော့်ကိုသင်ပေးခဲ့တယ်လေ၊ အဖေ သင်ပေးခဲ့တဲ့ပညာတွေက တခြားသူတွေ သင်မပေးနိုင်တဲ့ပညာ မျိုးတွေပါ၊ အခု ကျွန်တော်ရေးတဲ့စာကလည်း ဒီအကြောင်းတွေ ပါပဲ၊ ဒါကြောင့် ကျွန်တော့်ဘဝမှာ ပထမဆုံးရတဲ့ စာမူခငွေနဲ့ အဖေနဲ့အမေတို့ကို ကန်တော့ပါရစေ"

ဟုပြောပြီး စာမူခတွေကို ရှေ့ချပြီး ကန်တော့သော အခါ မိဘနှစ်ဦးစလုံး မျက်ရည်ကျကြလေသည်။

ထို့အတူ နီမောင် မျက်ဝန်းမှာလည်း မျက်ရည်များ ရစ်ဝဲလျက် ရှိနေတော့သည်။

ထိုအချိန်မှာတော့ သူတို့ရင်ထဲမှာ ဝမ်းသာခြင်း၊ ဝမ်း နည်းခြင်းများ ရောထွေးလျက် ရှိနေကြသည်ကတော့ အမှန်ပင် ဖြစ်တော့သည်။





# အခန်း(၁၅)

# သုသာန်မှာနေခဲ့ရသည့် မဗဲဝါ

နောက်ပိုင်းမှာတော့ နီမောင်၏စာပေခရီးလမ်းမှာ သာယာဖြောင့်တန်းခဲ့သည်ဟု ဆိုရပေမည်။ သူရေးခဲ့သမျှ ဝတ္ထု တို၊ ဝတ္ထုရှည်အတော်များများ မဂ္ဂဇင်းတိုင်းမှာလိုလို ဖော်ပြခံ ရသည်။

ထိုသို့ စာမူများပါသည်နှင့်အမျှ စာမူခငွေများလည်း ထိုက်တန်စွာ ရခဲ့သောကြောင့် သူတို့မိသားစုဘဝ ပြောင်းလဲမှု ဖြစ်လာရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကလို ချို့ချို့တဲ့တဲ့ မရှိတော့ဘဲ ချောင်လည်လာသည်။ သူ့အောင်မြင်မှုအတွက်လည်း မြနှင်းဖြူက အစစအရာရာ ကူညီပေးခဲ့လေသည်။

ထို့နောက်မှာတော့ ဘိုကလေးမြို့ဘက်ကမ်းသို့ ပြောင်းရွှေ့နေထိုင်ရန် ပြင်ဆင်ကြလေသည်။

ထိုအခါ လုပ်ဖော်ကိုင်ဖက်များကို နှုတ်ဆက်တော့ အားလုံးက စိတ်မကောင်းကြပေ။

ဦးဗန်ကောင်း၊ စောထီး၊ ငမဲအောင်တို့က ဝမ်းနည်းစကား ဆိုကြသည်။

"မင်းဘဝ အခုလိုပြောင်းလဲသွားတာ ငါတို့ ဝမ်းသာပါတယ် နီမောင်ရယ်၊ ငါတို့ဘဝတွေကတော့ ချောင်းထဲဆင်းပြီး ငါးဖမ်းလိုက်၊ သစ်တောထဲဆင်းပြီး ထင်းခုတ်လိုက်နဲ့ပဲ နေကြရဦးမှာပါပဲ"

ဟု ပြောသည်။

ထို့နောက် မြဝင်းသူတို့ဆီသွားပြီး နှုတ်ဆက်သည်။

"နင့်ရဲ့သတင်းတွေကို ငါကြားပါတယ်၊ အခုလို တိုးတက်သွားတာ ငါ ဝမ်းသာပါတယ်၊ နင့်ပခုံးမှာ ကျားကုတ်ထားတဲ့ ဒဏ်ရာ ရှိသေးတယ် မဟုတ်လား"

"အင်း. . . ရှိသေးတယ်"

"အဲဒီဒဏ်ရာကို မြင်တိုင်း ငါ့ကို သတိရနေမယ်ဆိုရင်တောင် ငါကျေနပ်နေမှာပါ"





ဟု မျက်ရည်လေး အဝဲသားဖြင့် ပြောသည်။

"ငါ နင့်ကို ဘယ်တော့မှ မမေ့ပါဘူး မြဝင်းသူရယ်"

"ရပါတယ်ဟာ. . . ငါ နင့်ကို အခုတွေ့ရတုန်း တောင်းပန်စရာ ရှိသေးတယ်"

"ဘာရှိသေးလဲ"

"တစ်ခါက ငါ နင့်ကို အချိန်တွေ သက်သက်ဖြုန်းနေတဲ့ စိတ်ကူးယဉ်သမားလို့ ပြောခဲ့မိဖူးပါတယ်၊ အခုတော့ အဲဒါကို ငါတောင်းပန်ပါတယ်"

"တောင်းပန်စရာမလိုပါဘူး မြဝင်းသူရယ်၊ ငါ နင့်အပေါ်မှာ ဘယ်လိုမှ သဘောမထားပါဘူး"

"နင်ရေးတဲ့ဝတ္ထုကို ငမဲအောင် ယူလာပေးလို့ ငါဖတ်ရတယ်၊ 'ခင်မွန်တန်းက လွမ်းကျန်ခဲ့သူ' ဆိုတဲ့ဝတ္ထုလေး၊ အဲဒီဝတ္ထုလိုပဲပေါ့၊ နင်ကတော့ ငါတို့တစ်တွေထက် ဘဝတစ်ဆင့် မြင့်တက်သွားပြီ၊ ငါတို့မှာသာ ခင်မွန်တန်းက လွမ်းကျန်ရစ်ခဲ့ရတဲ့ ဘဝမျိုးတွေနဲ့ ဒီရွာမှာပဲ နေခဲ့ကြရမှာပါ၊ ဘာပဲဖြစ်ဖြစ်ပါလေ နင့်ဘဝ အခုလို အောင်မြင်သွားတာကို ငါဝမ်းသာပါတယ်"

ဟု ပြောလိုက်လေသည်။

နီမောင်လည်း မြဝင်းသူကို နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့သော်လည်း စိတ်ထဲမှာတော့ မကောင်းလှပေ။

သို့သော် ယခုအခြေအနေမှာတော့ ဘာမှ မတတ်နိုင်သည်မို့ သည်အတိုင်းသာ လှည့်ပြန်ခဲ့ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုကလေးမြို့သို့ ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်းမှာတော့ စာကို အဆက်မပြတ် ရေးခဲ့သည်။

ရေးတိုင်းလည်း အရာထင်ခဲ့သည်။

စာပေခရီးလမ်းသည် ခက်ထန်ကြမ်းတမ်းသည်ဆိုသော်လည်း ဘဝခရီးကြမ်းကို ကျော်ဖြတ်လာခဲ့ရသော သူ့အတွက်တော့ အခက်အခဲ သိပ်မရှိခဲ့ပေ။

ပထမတော့ သူ လက်တွေ့လုပ်ခဲ့သောလုပ်ငန်းများ ဘဝအတွေ့အကြုံများကို ဝတ္ထုအဖြစ် ပြောင်းရေးသည်။

နောက်ပိုင်းမှာတော့ ထူးခြားဆန်းကြယ်သော အကြောင်းအရာများကို ထည့်သွင်းရေးသားခဲ့ရာ ပိုမိုအောင်မြင်မှု ရရှိခဲ့လေသည်။

နီမောင်အနေဖြင့် စာပေခရီးလမ်းကို စတင်ပျိုးထောင်ခဲ့သည်မှာ ဘဝသရုပ်ဖော် စွန့်စားခန်းပါသောဝတ္ထုများ ဖြစ်ခဲ့သည်။

"ပါးကွက်ရန်စွယ်"၊ "စွယ်စုံရန်စွယ်"၊ "ရွှေဟောင်းအမွေနှင့် ဝနေစောင့်ရန်စွယ်"၊ "မဟူရာရန်စွယ်" စသော မဂ္ဂဇင်း ဝတ္ထုရှည်များပင်ဖြစ်သည်။

သို့သော်လည်း နောက်ပိုင်း လုံးချင်းလောကသို့ ဝင်ရန် ခြေလှမ်းပြင်သောအခါ စတင်ရေးသားခဲ့သော ဝတ္ထုရှည်များမှာ ဂမ္ဘီရဆန်းကြယ် ဝတ္ထုအမျိုးအစားပင်ဖြစ်သည်။

ထိုအချိန်က သူစတင်ရေးခဲ့သော ဂမ္ဘီရဆန်းကြယ်





ဝတ္ထုရှည်တို့မှာ "မဟူရာဇာစရီ"၊ "အနုရာဓရန်စွယ်" (ဝတ္ထုကို (၂၀၁၁) နိုဝင်ဘာလ အောင်မြင်စာပေမှ လုံးချင်းအဖြစ် ပြန်လည်ထုတ်ဝေပေးခဲ့ပါသည်။)

"ဂမုန်းနက်ရန်စွယ်" ဝတ္ထုရှည်ကို သူရဇ္ဇ မဂ္ဂဇင်း စတင်ထုတ်ဝေစဉ်က အခန်းဆက်ရေးသားခဲ့သော ဝတ္ထုဖြစ်ပြီး. . နောက်ပိုင်း ရွှေသမင်စာပေမှ လုံးချင်းထုတ်ဝေသောအခါမှာလည်း လူကြိုက်များခဲ့သည်။

နီမောင်၏ဘဝခရီးလမ်းမှာ ပရလောကသားများနှင့် ပတ်သက်ပြီး တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များစွာတို့ ရှိခဲ့သည်။

ထိုပရလောကသားများနှင့် ပတ်သက်သောဝတ္ထုများကို ရေးသားသည်ကိုလည်း စာဖတ်ပရိသတ်များက စိတ်ဝင်စားကြသည်။

နောက်ပိုင်းမှာတော့ ထိုအတွေ့အကြုံများကို လုံးချင်းဝတ္ထုများအဖြစ် ပြောင်းလဲရေးသားခဲ့ရာ အောင်မြင်မှုရခဲ့သည်။

ယခုဖော်ပြမည့် အကြောင်းအရာမှာ ယခင်ဝတ္ထုများတွင် ရေးသားခြင်း မပြုရသေးသော အကြောင်းအရာတစ်ခုပင် ဖြစ်သဖြင့် သူ့အနေနှင့် ဂမ္ဘီရဆန်းကြယ်လိုင်းကို ရေးသားစဉ်က တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက် ဖြစ်သောကြောင့်လည်း ထည့်သွင်းဖော်ပြပေးလိုက်ပါသည်။

ဘိုကလေးမြို့ အနောက်ဘက်သို့ သွားလျှင် မြစ်ခွဲဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ရှိသည်။

လက်ယာဘက်သို့ သွားလျှင် ကျိုက်ပိမြစ်သို့ ရောက်သည်။ လက်ဝဲဘက်ချောင်းမှာ တူးမြောင်းဖြစ်သည်။

ရင်းချောင်းမှ အင်္ဂလိပ်များ အုပ်စိုးစဉ်က တူးထားခဲ့သော တူးမြောင်းဖြစ်သည်။

မော်ကျွန်းဘက်မှာရှိသော မြစ်နှင့် ဘိုကလေးမြစ်သို့ အချိန်တိုတိုနှင့် သွားလာနိုင်စေရန် ဖြတ်လမ်းသဘောမျိုးဖြင့် တူးမြောင်းဖောက်ခဲ့ခြင်းဖြစ်သည်။

တူးမြောင်းဖောက်စဉ်က နံဘေးသို့ ကော်တင်ထားသော သဲများမှာလည်း ကမ်းနံဘေးမှာ သောင်ကုန်းကြီးများ သဖွယ် မြင့်မားစွာ ရှိနေကြသည်။

ထိုလမ်းတစ်လျှောက်မှာ ကရင်လူမျိုးများအများစု နေကြသောရွာများ ရှိသည်။

ဆောင်းရာသီ၌ အထွက်များသော မုန်လာ၊ နံနံ၊ ဂေါ်ဖီ ဆလတ် စသောအသီးအနှံများ စိုက်ပျိုးမှု အောင်မြင်သည့်နေရာဖြစ်သောကြောင့် နေရာတိုင်းမှာ သီးနှံစိုက်ခင်းများနှင့် ဝါးတောများ ရှိကြသည်။

ထိုတူးမြောင်း အတွင်းပိုင်း တစ်နေရာတွင် 'ထိယာလိ' အမည်ရှိသော ကရင်လူမျိုးအများစု ရှိသောရွာရှိသည်။

ထိုရွာတွင် ယောကျ်ားသေဆုံးသွားပြီး နောက်အိမ်ထောင်မပြုခဲ့တော့ဘဲ သားဖြစ်သူ မောင်လှနှင့်အတူ နေထိုင်သော





ဒေါ်အေးမေ ရှိသည်။

သူတို့နှင့်အတူ အပျိုကြီးတစ်ယောက်လည်း အတူလာနေလေသည်။

ထိုအပျိုကြီး၏အမည်မှာ 'မဖဲဝါ' ဖြစ်သည်။

မဖဲဝါမှာ ဒေါ်အေးမေနှင့် အသက်မတိမ်းမယိမ်း ရှိပြီး အသက်(၄၀)ကျော်ခန့် ရှိလေသည်။

၎င်းမှာ ဒေါ်အေးမေတို့နှင့် ဆွေမျိုးသားချင်း မတော်သော်လည်း အားကိုးမရှိသဖြင့် ဆွေမျိုးသားချင်းကဲ့သို့ ခင်မင်လျက် လာရောက်နေထိုင်ခြင်းဖြစ်သည်။

မောင်လှကိုလည်း တူအရင်းကဲ့သို့ ချစ်ခင်လေသည်။

မောင်လှမှာ (၁၅)နှစ်အရွယ်ခန့်သာ ရှိသေးသည်။

ဒေါ်အေးမေမှာ ယောကျ်ားဖြစ်သူ ရှိစဉ်က ပျိုးထောင်ခဲ့သော မြေကွက်များမှာ ရာသီထွက်သီးနှံများ စိုက်ပျိုး၍ အသက်မွေးလေသည်။

မဖဲဝါမှာ သူတို့အိမ်မှာသာ နေသော်လည်း စိုက်ခင်းအလုပ်နှင့် အိမ်မှုကိစ္စများကိုတော့ ဝိုင်းကူလုပ်ပေးခြင်း မရှိပေ။

သူသည် ဖဲကစားခြင်းကို များစွာဝါသနာပါသဖြင့် မည်သည့်နေရာမှာ ဖဲဝိုင်းရှိသည်. . မသာအိမ် ရှိသည်ကို စုံစမ်းပြီး သတင်းကြားသည်နှင့် သွားကာ ယောကျ်ားများနှင့် ဒူးတင်ပေါင်ဆင် ဖဲကစားလေတော့သည်။

သူသည် ကွမ်းကြိုက်သူဖြစ်သောကြောင့် ပါးစပ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းထည့်ပြီး မပြတ်ဝါးနေရာ ပါးစပ်နှင့်သွားများမှာ နီရဲလျက် ရှိနေတတ်သည်။

အသားဖြူသူ ဖြစ်သဖြင့် ပါးစပ်တစ်ဝိုက်တွင် သွေးများ စွန်းပေနေသကဲ့သို့ ရှိသည်။

သူမသည် ကရင်သွေးစပ်သူဖြစ်သဖြင့် သတ္တိကောင်းသူ ဖြစ်ရာ ဖဲကစားသွားရာတွင် ဓားမြှောင်တစ်ချောင်းကို ခါးမှာ အမြဲထိုးသွားလေ့ရှိသည်။

သူမအကြောင်းကို သိသော တော်ရုံယောကျ်ားများမှာ မထိဝံ့ မစဝံ့ကြပေ။

မဖဲဝါသည် ဖဲကစား၍ နိုင်လာလျှင် ဒေါ်အေးမေတို့ သားအမိကို ငွေဝါးဆယ်တစ်ရာ ပေးတတ်သည်။

ဖဲရှုံး၍ တစ်ပြားမှ မကျန်လျှင်တော့ ဒီအတိုင်း ထိုင်စား လေ့ရှိသည်။

ဒေါ်အေးမေတို့ကလည်း ဘာမှ မပြောကြပေ။

တစ်နေ့မှာတော့ ဖဲကစားရင်းနှင့် အချင်းများကြရာမှ တစ်ယောက်နှင့်တစ်ယောက် ဓါးဖြင့် ထိုးကြရာ ရန်ဖြစ်သည့် မဖဲဝါရော အခြားသူပါ သေဆုံးသွားလေသည်။

အခြားရွာမှာဖြစ်သောကြောင့် ဒေါ်အေးမေတို့သားအမိ ပင် မသိလိုက်ကြပေ။

အသက်ရှိစဉ်ကလည်း ဖဲကစား သွားလျှင် တစ်ပတ်နှစ် ပတ်အထိကြာအောင် သွားလေ့ရှိရာ ဒေါ်အေးမေတို့မှာ အေး





အေးပင် နေကြသည်။

နောက်ရက်အတန်ကြာတော့မှ မဖဲဝါတစ်ယောက် သေဆုံးသွားပြီဖြစ်ကြောင်း သတင်းကြားရလေရာ. . စိတ်မ ကောင်းဖြစ်ရုံမှလွဲပြီး အခြားဘာမှ မတတ်နိုင်ကြတော့ပေ။

တစ်ညမှာတော့ အိပ်မက်လိုလိုနှင့် မဖဲဝါကို ပြန်တွေ့ ရသည်။

"ငါ့မှာ နေစရာမရှိလို့ နင်တို့နဲ့ လာနေပါရစေဟာ"

"အို. . . ဘယ်ဖြစ်ပါ့မလဲ၊ နင်က သေသွားမှပဲ"

"သေပေမယ့် နင်တို့လက်ခံရင် ငါက လာနေလို့ ရပါ တယ်. . . လာနေပါရစေနော်"

"အို. . . ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်လို့ နေခွင့် ပေးနိုင်ဘူး"

ဟု ဒေါ်အေးမေက ပြောလိုက်ရာ ငိုပြီး ပြန်သွားလေ သည်။

နောက်တစ်နေ့ မနက်လင်းတော့ အိမ်ရှေ့ မန်ကျည်း ပင်ပေါ်မှ ငိုသံလိုလို သဲ့သဲ့ကြားရသဖြင့် ဒေါ်အေးမေမှာ များစွာ စိတ်မချမ်းမသာဖြစ်ရလေသည်။

ထိုအခါ သားဖြစ်သူ မောင်လှက မေးသည်။

"အမေ ဘာဖြစ်နေတာလဲ၊ မျက်နှာလည်း မကောင်းပါ ဘူး"

ဒေါ်အေးမေက မဖဲဝါ အကြောင်းကို ပြောပြလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ မောင်လှမှာ လူငယ်ဖြစ်သောကြောင့် စိတ်မကောင်းဖြစ်ရုံ ကလွဲပြီး ဘာမှမတတ်နိုင်ရှာပေ။

ညအချိန်ရောက်သောအခါ မောင်လှက အပေါ့အပါး သွားရန် အိမ်အပြင်သို့ ထွက်လာသောအခါ မန်ကျည်းပင်နားမှ အသံကြားရသည်။

"မောင်လှရယ်. . . ငါ နင်တို့နဲ့ လာနေပါရစေကွယ်၊ ငါ့မှာ နေစရာမရှိလို့ပါ"

ထိုအသံကိုသာ ကြားနေသော်လည်း လူကို မမြင်ရပေ၊ သို့သော် သူနှင့် ခင်မင်နေသည့် မဖဲဝါအသံမှန်း သိသဖြင့် မကြောက်ပေ။

"လာနေတာတော့ ဟုတ်ပါရဲ့၊ ခင်ဗျားက သေသွားတာ ကြာပြီဆိုတော့ အခု ဘယ်လိုရုပ်မျိုး ရှိနေမှန်းမှ မသိတာ၊ တော်ကြာ ကြောက်စရာကောင်းတဲ့ သရဲရုပ်မျိုး ဖြစ်နေတော့ မခက်ဘူးလား"

"မခက်ပါဘူးကွယ်. . . အရင်ရုပ်မျိုးနဲ့ပဲ နေမှာပါ"

ဟု ကတိပေးသည်။

"ဒါဖြင့် ကျွန်တော်ယုံအောင် ပြပါ"

ဟု ပြောသောအခါ မန်ကျည်းပင်နောက်မှ လူတစ် ယောက် ထွက်လာသည်။

မဖဲဝါပင်ဖြစ်သည်။

ဆံပင်ဖားလျားချထားပြီး ယခင်ရုပ်အတိုင်းပင်ဖြစ်၏။





"ဟင်. . . ခင်ဗျားမျက်နှာမှာလည်း သွေးတွေ နီရဲနေ ပါလား"

"သွေးတွေ မဟုတ်ပါဘူးကွယ်၊ ကွမ်းတံတွေးတွေ ပေ နေတာပါ"

ဟု ပြောပြီး လက်ဖြင့် သုတ်လိုက်သောအခါ ချက်ချင်း ပျောက်သွားလေတော့သည်။

ထိုအချိန်မှာပင် ဒေါ်အေးမေ ရောက်လာသဖြင့် မဖဲဝါ ကို ယခင်မြင်နေကျရုပ်အတိုင်း မြင်တွေ့ရသောကြောင့် အံ့သြ နေသည်။

ထို့နောက် မဖဲဝါက အတန်တန် တောင်းပန်လေရာ ဒေါ်အေးမေလည်း သနားစိတ် ဝင်သွားသဖြင့်. . .

"ဒီလိုဖြင့်လည်း နေချင်လည်း လာနေပေါ့"

ဟု ပြောလိုက်လေသည်။

"ဒီလို နေဆိုတိုင်းလည်း ငါ့သဘောနဲ့ငါ လာနေလို့ မရ သေးဘူး၊ သက်ဆိုင်ရာတွေက ရှိသေးတယ်၊ အခုတောင် ခဏ တဖြုတ်မို့ လာလို့ရတာ"

"ဒီတော့ ဘယ်လိုလုပ်ပေးရမှာလဲ"

"ရွာစောင့်နတ်၊ အိမ်စောင့်နတ်တွေကို ငါ့ကို နေခွင့် ပေးပါတယ်ဆိုတဲ့အကြောင်း ပြောပြပေးပါဦး"

ဟု ပြောသဖြင့် ဒေါ်အေးမေလည်း တတ်သမျှ မှတ်မိ သမျှဖြင့် ရွတ်ဆိုတိုင်တည်မှုများ ပြုလုပ်ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ မဖဲဝါတစ်ယောက် ဒေါ်အေးမေတို့ သားအမိနှစ်ယောက်နှင့်အတူ လာရောက်နေထိုင်လေသည်။

ဒေါ်အေးမေတို့ သားအမိမှာလည်း လူ့ဘဝကတည်းက အတူတကွ နေထိုင်ကြသူများဖြစ်သောကြောင့် ကြောက်ရွံ့ခြင်း မရှိကြပေ။

တစ်ခုတော့ ထူးခြားသည်။

ထမင်းဟင်းများကတော့ ချက်သမျှ ကုန်လေသည်။

သူတို့သားအမိ စားပြီးသည်နှင့် အိုးထဲမှာ ဘာမှမကျန်အောင် စားပစ်တတ်သည်။

ထိုအခါ ဒေါ်အေးမေက ပြောသည်။

"ငါတို့မှာ သားအမိနှစ်ယောက်ပဲ လုပ်ကိုင်စားသောက်နေရတော့ သင့်သလောက်ပဲ စားရမယ်၊ များများစားချင်ရင်တော့ ပိုက်ဆံရှာမှဖြစ်မယ်"

"ငါသိပါတယ်ဟယ် . . . ရှာပေးပါ့မယ်၊ ငါလည်း ဒီလောက်ကလေး စားရလို့ မတင်းတိမ်ပါဘူး၊ ငါက တခြားအလုပ်လည်း မလုပ်တတ်တော့ ဖဲဝိုင်းရှာပြီး ဖဲချပြီးတော့ပဲ ပိုက်ဆံရှာရမှာပဲ"

"ဟင် . . . မဖဲဝါက လူမှ မဟုတ်တော့တာ၊ လူတွေနဲ့ ဖဲချလို့ရပါ့မလား"

"ရတာပေါ့ဟေ့ . . . ငါ့ကို မမြင်ရတော့ ပိုတောင်ကောင်းသေးတယ်၊ လူ့ဘဝတုန်းက ယောက်ျားတွေက ငါ့ကို





ဖဲလိမ်ရိုက်ကြတယ်၊ ဒါကြောင့် သတ်ကြဖြတ်ကြတဲ့အထိ ဖြစ်ရတယ်၊ အခုတော့ ခင်းတို့ကို ပြန်ပြီးနှိပ်စက်ရမယ်"

ဟု ပြောရာ များစွာအံ့ဩကြရသည်။

"ငါ ဖဲရိုက်သွားဦးမယ်၊ အရင်းလုပ်ဖို့ ငွေနည်းနည်းပေးလိုက်ဦး"

"ဟင် . . . မဖဲဝါမှာ မရှိဘူးလား"

"ငါသေတော့ ကူးတို့ခ တစ်မတ်တောင် ထည့်မပေးလိုက်ကြတာ၊ ငါ့မှာ ပိုက်ဆံဘယ်ရှိပါ့မလဲ"

ဟု ပြောသဖြင့် ဒေါ်အေးမေက သူစုထားသော ငွေသုံးကျပ် ထုတ်ပေးလိုက်သည်။

ထို့နောက်မှာတော့ လေးငါးရက်ကြာသည်အထိ မဖဲဝါအသံကို မကြားရသလို အရိပ်အယောင်ကိုမျှပင် မမြင်ကြရတော့ပေ။

တစ်ပတ်ခန့်ကြာတော့မှ မဖဲဝါ ပြန်ရောက်လာပြီး ဒေါ်အေးမေကို ငွေငါးဆယ် ပေးလေသည်။

"မဖဲဝါ ပိုက်ဆံတွေ များလှချည်လား၊ ဘယ်ကရလာတာလဲ"

"ငါက ဖဲသမားပဲအေ . . ဖဲဝိုင်းက ရလာတာပေါ့၊ လူ့ဘဝတုန်းက ငါ့ကို နှိပ်စက်ခဲ့တဲ့လူတွေကိုတော့ ဒီတစ်ခါ ငါက ပြန်ပြီးနှိပ်စက်လာခဲ့ပြီ၊ ဖဲနိုင်တဲ့အခါတော့ ယူသာယူပါအေ၊ မရတော့လည်း ငါက ဒီအတိုင်း ထိုင်စားနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မဖဲဝါရယ်၊ ငါတို့က ဒီလိုသဘောမထားပါဘူး"

"ဒါပေမယ့် အတုံ့အလှည့်တော့ ရှိရမှာပေါ့၊ ရတဲ့ပိုက်ဆံတွေကို နင်တို့လည်းသုံး၊ ငါ့ကိုလည်း ဝအောင်ချက်ကျွေးပါ"

"ဘာတွေ စားချင်လို့လဲ"

"ထမင်းနဲ့ အမဲသားဟင်း"

ထိုသို့ပြောသောအခါ. . ဒေါ်အေးမေက လက်ထဲမှာ ပိုက်ဆံရှိသောရက်တွင် အမဲသားဟင်း နေ့တိုင်းချက်ကျွေးသည်။ အမဲသားတစ်ပိဿာ တစ်ကျပ်နှစ်ကျပ်ထက် ပိုမပေးရသောကြောင့်လည်း ချက်ကျွေးနိုင်သည်။

တစ်ခါတစ်ရံလည်း ပိုက်ဆံပြတ်သွားလျှင် ဝယ်မကျွေးနိုင်ပေ။

ထိုအခါမျိုးတွင် ဒေါ်အေးမေနှင့် မောင်လှတို့ ယာခင်းထဲသွားနေခိုက် အခြားမှ ဈေးသည်များလာရင် ခေါ်ပြီး အစားအသောက်များ စားသောက်သည်။

အသား၊ ငါး လာရောင်းလျှင် အားလုံးယူထားလိုက်သည်။ ပြီးလျှင် အိမ်ထဲ ပြန်ဝင်သွားတတ်သည်။

ဈေးသည်များက ပိုက်ဆံဝင်ယူနေသည်အထင်နှင့် ပေါ်မလာတော့မှ ခေါ်ကြည့်သည်။

"အစ်မရေ. . . အမဲသားဖိုး လာပေးပါဦး၊ ကျွန်မ ပြန်တော့မယ်"





ထိုသို့ အသံကြားသော်လည်း ထွက်မလာသဖြင့် အရဲစွန့်ပြီး အိမ်ထဲဝင်ကြည့်သောအခါ မည်သူမှ မတွေ့ရတော့ပေ။

"ဟင်. . . အိမ်ထဲမှာလည်း ဘယ်သူမှ မရှိပါလား၊ စောစောက ထွက်ပြီးဝယ်တဲ့ မိန်းမကြီး ဘယ်ရောက်သွားပါလိမ့်"

ဟု ဇဝေဇဝါဖြစ်သွားကြသည်။

ရွာထဲမှာ ဈေးရောင်းသူများကတော့ မဖဲဝါအကြောင်းကို သိတန်သလောက် သိကြသော်လည်း အခြားရွာမှ လာရောင်းသူများကတော့ မသိရှာသဖြင့် မကြာခဏ ခံကြရလေသည်။

ရွာထဲမှ ဈေးရောင်းသူများကတော့ ထိုသို့ခေါ်ပြီး ဈေးဝယ်လျှင် ရောင်းထားခဲ့ပြီး ဒေါ်အေးမေတို့ ပြန်ရောက်လာတော့မှ ဈေးဖိုးသွားတောင်းကြသည်။

ဒေါ်အေးမေက လက်ထဲမှာ ရှိလျှင်လည်း အလွယ်တကူ ထုတ်ပေးလိုက်ပြီး မရှိလျှင်လည်း ကြွေးမှတ်ထားရသည်။

မဖဲဝါမှာ ပိုက်ဆံရသည်ဆိုသော်လည်း အမြဲတစေ ရသည်မျိုးတော့ မဟုတ်ပေ။

တစ်ခါတစ်ရံမှသာ ရသောကြောင့် ငင်းရှာပေးသည့်ငွေမှာ ငင်းကို ပြန်ကျွေးရသည်နှင့်ပင် လောက်ငအောင် မရှိပေ။ ကြာတော့ သားအမိနှစ်ယောက်မှာ မဖဲဝါ ဝယ်ယူစားသောက်သည့်ကြွေးများကို ဆပ်ရသည်မှာ မလောက်တော့သဖြင့် ယာမြေနှင့်အိမ်ကိုပါ ရောင်းဆပ်ကြရသည်။

ထို့နောက်မှာတော့ လှေတစ်စင်းနှင့် ဘိုကလေးမြို့သို့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းရန် ပြင်ကြသည်။

"ငါတို့ ဒီရွာမှာ ဆက်နေရင် သူနိုပ်စက်လို့ နာလန်ထူကြမှာ မဟုတ်ဘူး၊ ဘိုကလေးက အမျိုးတွေဆီ သွားပြီး လုပ်ကိုင်စားသောက်ကြမယ်"

ဟု ရွာမှ ထွက်ရန်သောအခါ လှေထွက်မရအောင် ဆွဲထားလေသည်။

နောက် အတင်းခွာထွက်သောအခါ လှေဦးမှာ ပြားခနဲဖြစ်သွားလေသည်။

အထိတ်တလန့်ဖြင့် ကြည့်လိုက်သောအခါ လှေဦး၌ ဆောင့်ကြောင့်ထိုင်လျက် ပါလာသော မဖဲဝါကို တွေ့မြင်ကြရသည်။

သို့သော်အရင်ပုံစံမျိုးတော့ မဟုတ်တော့ပေ။

တစ်ကိုယ်လုံး အမွေးစုတ်ဖွားဖြင့် ကြောက်စရာကောင်းသော သရဲသဘက် ပုံသဏ္ဌာန်မျိုး ဖြစ်နေချေပြီ။

"နင်တို့က ငါ့ကို ထားခဲ့ပြီး သွားကြတော့မလို့ပေါ့လေ၊ အရင်အိမ်ကလည်း နောက်လူတွေ ပြောင်းလာတော့ ငါနေလို့မရတော့ဘူး၊ မသွားကြပါနဲ့အေ. . . ငါနဲ့ပဲ အတူနေကြပါ"

"ငါတို့မှာ နေစရာလည်း မရှိတော့ဘူး၊ စားစရာလည်း မရှိတော့ဘူး၊ ဒါကြောင့် ပြောင်းရတာပါ၊ နင့်အတွက် စိတ်မကောင်းပါဘူး"

"ငါက ဒီရွာက ကျော်တာနဲ့ ဆက်လိုက်လို့မရတော့ဘူး





ဘယ်မှာနေခဲ့ရမှာလဲဟင်"

"တခြားနေရာမှာ နေစရာ မရှိရင်တော့ သုသာန်မှာပဲ သွားနေပေါ့ မဖဲဝါရယ်"

ထိုသို့ပြောလိုက်သောအခါ မဖဲဝါလည်း ငိုကြွေးလျက် ပျောက်သွားလေတော့သည်။

ထိုအခါမှ ရေထဲသို့ ပြားဝပ်နေသောလှေမှာ နဂိုမူလအတိုင်း ပြန်ပေါ်လာလေတော့သည်။

ဒေါ်အေးမေနှင့် မောင်လှတို့ သားအမိနှစ်ယောက်မှာ လူ့ဘဝကရော သရဲဘဝမှာပါ နှစ်အတော်ကြာအောင် အတူနေခဲ့ရသော မဖဲဝါအတွက် များစွာစိတ်မကောင်းဖြစ်ကြရလေသည်။

ထို့ထက်လည်း ပိုမတတ်နိုင်ကြတော့ပေ။

နောက်ပိုင်းမှာတော့ ဒေါ်အေးမေတို့သားအမိနှစ်ယောက်တို့မှာ ဘိုကလေးမှ ဆွေမျိုးသားချင်းများထံ ရောက်သွားခဲ့ကြပြီး နှစ်အတန်ကြာသည်အထိ ထိယာလိရွာသို့ ပြန်မရောက်ခဲ့ကြပေ။

နောက်မှ အကြောင်းကိစ္စတစ်ခုဖြင့် ရွာသို့ ပြန်ရောက်သွားကြပြီး မဖဲဝါအကြောင်း စုံစမ်းမေးမြန်းကြည့်သောအခါ ထိယာလိရွာရှိ ပေါင်းဝသုသာန်မှာ ယခုထိရှိနေပြီး တစ်ခါတစ်ရံမြင်တွေ့နေရကြောင်း ရွာခံလူများက ပြောပြသဖြင့် သိကြရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းဝသုသာန်မှ မဖဲဝါအကြောင်းမှာ နီမောင်ကြုံတွေ့ခဲ့ရသောအကြောင်းဖြစ်ပြီး ဖြစ်ရပ်မှန်တစ်ခုလည်း ဖြစ်သောကြောင့် ထည့်သွင်းဖော်ပြပေးလိုက်ခြင်းဖြစ်၏။





# အခန်း(၁၈)

# မဟော်ဂနီလမ်းမှ လက်တွဲဖော်

ဘဝခရီးလမ်းသည် ရှည်လျား၏။
အနိမ့်အမြင့် အတက်အကျ များသည်။
အလှည့်အပြောင်း အချိုးအကွေ့ ရှုပ်ထွေးသည်။
ချောမွေ့သော လှေကားထစ်များနှင့် တွေ့ရတတ်သလို
ကြမ်းတမ်းသော လှေကားထစ်များနှင့်လည်း ကြုံရတတ်သည်။
ကြိုတင်မမြင်ရသော ကံကြမ္မာ အပြောင်းအလဲများ၏

www.burmeseclassic.com



အစီအမံများအတိုင်း ကပြအသုံးတော်ခံကြရသည်။

အချို့ကား ခက်ထန်ကြမ်းတမ်းသော ဘဝအတွေ့အကြုံများကို မိမိတို့ဘဝအတွက် အတားအဆီးများဟု ထင်သည်။

အချို့က လှေကားထစ်များသဖွယ် အသုံးချပြီး လိုရာသို့ ရှောက်အောင် ခရီးဆက်နိုင်ကြသည်။

ထိုသူများအတွက် အောင်မြင်မှု၏အသီးအပွင့်တို့ကို ရရှိခံစားကြရသည်။

နီမောင်၏ဘဝသည် ကြမ်းတမ်းခက်ထန်သော ဘဝခရီးလမ်းကို ဖြတ်ခဲ့ရသည်။

ကြမ်းတမ်းသော ဘဝအစိတ်အပိုင်းတို့ကိုပင် လှေကားထစ်များသဖွယ် အသုံးချ၍ ကျော်ဖြတ်ခဲ့သည်။

သူသည် နိမ့်ပါးသော ဘဝအခြေအနေကို တွေ့ကြုံရသော်လည်း အားမငယ်ခဲ့ပေ။

ဘဝအတွက် ရုန်းကန်ရင်းမှ မျှော်လင့်ချက်ကို လက်မလွှတ်ခဲ့ပေ။

ယခုတော့ ထိုမျှော်လင့်ချက်သည် ဝေ့ဝေ့ဝါးဝါး အခြေအနေမှ ထင်သာမြင်သာသော အခြေအနေသို့ တဖြည်းဖြည်းနှင့် ရောက်ရှိလာခဲ့သည်။

ကြိုးစားအားထုတ်မှု၏အသီးအပွင့်သည် သူ့လက်ထဲသို့ ရောက်လာခဲ့ချေပြီ။

မပီပြင်သော အခြေအနေမှ ရုပ်လုံးကြွလာသည်။





အကောင်အထည် ပေါ်လာခဲ့လေပြီဖြစ်သည်။

ထိုအချိန်မှာ သူ့ဘဝခရီးလမ်းက ဖြောင့်ဖြူးနေပြီဖြစ်ရာ ဘဝလက်တွဲဖော်ကို ရှာရသည်။

ဘဝခရီးလမ်းကို ဖြတ်သန်းရာတွင် အနေအကြုံပါက အကူအညီပေးနိုင်သော ဘဝလက်တွဲဖော် လိုသည်။

သို့ကြောင့် သူ့ဘဝ လက်တွဲဖော်အဖြစ် စိတ်တူကိုယ်တူ ဝါသနာတူသော မြနှင်းဖြူကိုပင် ရွေးချယ်ခဲ့သည်။

မြနှင်းဖြူကလည်း ကြည်ဖြူစွာပင် လက်ခံပေးခဲ့သည်။

“ကျွန်တော့်ရဲ့မေတ္တာကို အခုလို နားလည်ပေးတာ ကျေးဇူးတင်ပါတယ်”

“ကျေးဇူးတင်စရာ မလိုပါဘူး ကိုမောင်ရယ်၊ ကျွန်မတာ ကိုမောင့်မေတ္တာကိုရော ကိုမောင့်ဘဝကိုပါ နားလည်ပေးနိုင်ပါတယ်”

“ဒီလိုဆိုရင် ဘဝခရီးလက်တွဲဖော်အဖြစ် မြနှင်းဖြူကို ရွေးချယ်ခဲ့တာ မမှားဘူးလို့ ဆိုရမှာပေါ့နော်”

“ဒါက ကျွန်မပြောစရာမှ မလိုတာ၊ ကိုမောင် ဆုံးဖြတ်ရမှာပဲ၊ မေးပါရစေဦး . . ကိုမောင်ကရော ကျွန်မရင်ထဲက မေတ္တာကို ဘယ်လောက်အထိ နားလည်ပေးနိုင်မလဲဟင်”

“ဖြူစင်တဲ့မေတ္တာ ခိုင်မာတဲ့သစ္စာတရားနဲ့ ကိုယ့်အပေါ်မှာ ထာဝစဉ် လက်တွဲသွားနိုင်မယ့် ချစ်သူတစ်ယောက်ဖြစ်မယ်လို့တော့ စိတ်ထဲက အလိုလို သိနေပါတယ်”



www.burmeseclassic.com

ထိုစကားကြောင့် မြနှင်းဖြူ ကျေနပ်စွာ ပြုံးလိုက်လေသည်။

"ဒီလိုနားလည်ပေးတာ ကျေးဇူးတင်ပါတယ်၊ တစ်သက်လုံးလည်း ဒီလိုဘဝမျိုးနဲ့ နေသွားပါ့မယ်လို့ ကတိပေးပါတယ်"

ဟု ပြောပြီး တစ်ယောက်နှင့်တစ်ယောက် လက်ချင်းတင်းတင်းဆုပ်ကိုင်ထားလိုက်ကြသည်။

ပူနွေးနေသော အတွေ့အထိများက. . ဘဝခရီးတစ်လျှောက်လုံးအတွက် ခွန်အားများ ဖြစ်လာစေမည်ကတော့ အမှန်ပင်ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(မဟော်ဂနီလမ်း) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာ နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိယာဟောန္တု သုခီအတ္တာနံ ပရိဟန္တု။

စာပြီးချိန်။ ။၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၂ ရက်၊ ကြာသပတေးနေ့ နေ့လည် ၂ နာရီ

☺ အောင်မြင်စာပေ ☺